# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ တနင်္လာနေ့၊ (15-2-2016) (၈၄၇၇)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆားဘီးယားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆားဘီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ တော်မီစလပ် နီကိုလစ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆားဘီးယား သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဲလက်ဇန္ဒြား ဗူစစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# တောင်သမန်ဝန်းကျင်စိမ်းလန်းသာယာစေရေး တောင်သမန်အစိမ်းရောင်မြို့တော် စီမံကိန်းဆောင်ရွက်သွားမည်



တောင်သမန်အင်းရေပြင်နှင့် ငှက်လှေများကို တွေ့ရစဉ်။

**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန်အင်းပတ်ဝန်းကျင် စိမ်းလန်းသာယာလှပစေရေးနှင့် ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ တောင်သမန် အစိမ်းရောင်မြို့တော်စီမံကိန်းကို တိုင်းဒေသကြီးဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းက ဖွဲ့စည်းထားသည့် မန္တလေးအစိမ်းရောင်မြို့တော် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MGPC)မှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တောင်သမန်ဝန်းကျင်အစဉ်မပျက် မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်၍ နေ့ရောညပါ စိမ်းလန်းစိုပြည်လှပစေရန် လူနေထူထပ်လာမှုနှင့်အတူ အဓိက လိုအပ်ချက်ဖြစ်သည့် အဆောက်အအုံများ မျက်စိပသာဒဖြစ်ပေါ်စေရန်၊

စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ✻


ယနေ့ မာတိကာ

ဗဟန်း (၃)လမ်း မှတ်တိုင်အနီးတွင် တည်ဆောက်နေသည့် စက်လှေကားပါ လူကူးခုံးကျော်တံတား မတ်လတွင် အသုံးပြုခွင့်ရမည် စာမျက်နှာ - ၂

ယာဉ်အန္တရာယ် ကင်းရှင်းဖို့ ပူးပေါင်းပါဝင် ဆောင်ရွက်စို့ စာမျက်နှာ - ၆


# သွေးချင်းများ၏ ယဉ်ကျေးမှုရိုးရာမြင်ကွင်းများကို တစ်နေရာတည်းတွင် ရှုမြင်ခံစားနိုင်သည့် တိုင်းရင်းသားကျေးရွာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှဖွင့်လှစ်ထားသည့် မြန်မာပြည်အနှံ့ အပြားရှိသွေးချင်းများ၏ ယဉ်ကျေးမှုရိုးရာမြင်ကွင်းနှင့် အသုံးအဆောင်များကို တစ်နေရာတည်းတွင် ရှုမြင်ခံစားနိုင်သည့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် တစ်နှစ်ပတ်လုံး လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှ တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မိုးထံမှ သိရသည်။

မြန်မာနိုင်ငံအတွင်း သမိုင်းစဉ်ဆက် မှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထင်ရှားပေါ်လွင်စွာ တစုတစည်းတည်း လေ့လာနိုင်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုကိန်းအောင်းခိုင်မာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုဖြစ်ထွန်းနိုင်စေရန်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်စေရေးအတွက်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ◆







ကြေးမုံစာတည်းရှုထောင့် ၁၅-၂-၂၀၁၆၊ တနင်္လာနေ့

# အေးအတူပူအမျှ ကောင်းတူဆိုးဖက်

ပြည်ထောင်စုမြန်မာနိုင်ငံသည် မိသားစုများအများအပြား စုပေါင်းနေထိုင်သော အိမ်ထောင်စုကြီးနှင့် တူပေသည်။ တစ်မိတည်းမှပေါက်ဖွားလာသော ညီအစ်ကိုမောင်နှမသားချင်းများ စုပေါင်းနေထိုင်ကြသော ပြည်ထောင်စုအိမ်ကြီးဖြစ်သည်။ ထိုအိမ်ထောင်စုကြီးတွင် အိမ်ထောင်ဦးစီးလုပ်သူခေါင်းဆောင်တို့ အမြော်အမြင်ကြီးမားမှု၊ နည်းမှု၊ မေတ္တာစေတနာထားမှု၊ မထားမှုတို့အပေါ်တွင်မူတည်၍ ပြည်ထောင်စုအိမ်ကြီးမှာ တည်တံ့ခိုင်မြဲခြင်း၊ မမြဲခြင်းတို့ဖြစ်ပေါ်ခဲ့သည်။

ပြည်ထောင်စုအိမ်ကြီးတွင် နေထိုင်ကြသော ညီအစ်ကိုမောင်နှမအပေါင်းတို့ စည်းလုံးညီညွတ်စွာနေထိုင်ကြသောအခါတွင် ပြည်ထောင်စုကြီးနှင့် မိသားစုအားလုံးအပေါ်တွင် ကျရောက်လာသော ဘေးအန္တရာယ်အသွယ်သွယ်တို့ကို ခုခံတွန်းလှန်နိုင်သည့်အပြင် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။ ထိုအခါ ပြည်ထောင်စုကြီးသည် ပျော်ရွှင်ချမ်းမြေ့ပြီး ကြည်နူးဖွယ်ရာကောင်းသော အိမ်ထောင်စုကြီးကဲ့သို့ ဖြစ်နေတော့သည်။

ထိုကဲ့သို့ ပြည်ထောင်စုသား တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ချမှတ်ပေးခဲ့သည်။ ဗိုလ်ချုပ်၏ အမြော်အမြင်ကြီးမားမှု၊ စေတနာမေတ္တာတရားကောင်းမွန်မှုတို့အပေါ်တွင် ပြည်ထောင်စုသားတစ်ရပ်လုံး၊ တစ်မျိုးသားလုံးက ယုံကြည်အားထားခဲ့ကြသည်။ ထိုစဉ်က ပြည်ထောင်စုကြီးအား မလွှဲသာမရှောင်သာ၍ လွတ်လပ်ရေးပေးရတော့မည့်အခါ အစိတ်စိတ်အမြွှာမြွှာဖြိုခွဲပြီးမှပေးမည်ဆိုသော နယ်ချဲ့တို့၏စဉ်းလဲသောအကြံကိုလည်း တိုင်းရင်းသားပြည်သူအားလုံးတို့၏ စည်းလုံးညီညွတ်သော အားမာန်ဖြင့် အလဲထိုးနိုင်ခဲ့သည်။

အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းသည် ပြည်ထောင်စုကြီးစည်းလုံးညီညွတ်ရေး၊ တစ်မျိုးသားလုံး၏ဘဝ ချမ်းသာသုခရနိုင်ရေးလမ်းစဉ်ကို အုတ်မြစ်သာချပေးနိုင်ခဲ့သည်။ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့်အချိန်တွင် ရေတိမ်နစ်ခဲ့ရရှာသည်။ အမျိုးသားခေါင်းဆောင်ကြီးနှင့်တကွ ခေါင်းဆောင်များကျဆုံးသည်နှင့် ပြည်ထောင်စုကြီး၏စည်းလုံးညီညွတ်ရေးအုတ်ချပ်တို့သည်လည်း တစ်ချပ်စီ တစ်ချပ်စီ ကွာကျပျက်ပြုန်းခဲ့ရသည်။

နောက်ဆုံးတွင် ပြည်တွင်းစစ်မီးတောက်လောင်၍ ပြည်ထောင်စုသားအချင်းချင်း စစ်ခင်းခဲ့ကြသည်။ တစ်ဖက်တွင် အမျိုးသားခေါင်းဆောင်ကြီးချမှတ်ခဲ့သည့် တစ်မျိုးသားလုံးဘဝချမ်းသာသုခရနိုင်ရေး လမ်းစဉ်သည်လည်း မှေးမှိန်ခဲ့ရသည်။ ထိုသို့သော အချိန်ကာလများတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများက ပြည်ထောင်စုကြီး အေးချမ်းသာယာစေမည့် ငြိမ်းချမ်းရေးကို မျှော်လင့်ခဲ့ကြသည်။ ခေတ်အဆက်ဆက် တိုင်းပြည်ခေါင်းဆောင်များ ကလည်း ပြည်ထောင်စုကြီးအေးချမ်းသာယာစေမည့် ငြိမ်းချမ်းရေးလမ်းစဉ် ကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။

ယခင်ခေတ်ကာလများက ပြည်နယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှတမှုနည်းခဲ့သဖြင့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟခဲ့သည်။ ယခုအခါ ပြည်နယ် ပြည်မ မခွဲခြားဘဲ ပြည်ထောင်စုကြီးတစ်ခုလုံးနှင့် ပြည်ထောင်စုသားအားလုံး ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ လိုအပ်သောဖွံ့ဖြိုးတိုးတက်မှုများကို မျှတအောင်ဆောင်ရွက်ပေးခဲ့ရာ ယခင်ခေတ်ကာလများနှင့်မတူ ပြည်နယ်များအားလုံး ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ သိသာထင်ရှားမှုများတွင် လမ်းပန်းဆက်သွယ်ရေးနှင့်စိုက်ပျိုးရေးတို့အတွက် ထိရောက်စွာ အကောင်အထည်ဖော်ပေးနိုင်ခဲ့သည့်အပြင် မြို့ပြများပါ သိသာစွာဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

တစ်ဖက်တွင် ပြည်ထောင်စုကြီးတစ်ခုလုံး အချိုးညီမျှတဖွံ့ဖြိုးတိုးတက်လာရန်အတွက် ဆောင်ရွက်ပေးနိုင်မှု အရှိန်အဟုန်မြင့်မားလာစေရန် အဓိကလိုအပ်ချက်ဖြစ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးကို တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးပါဝင်နိုင်အောင် လက်ကမ်းကြိုဆိုဖိတ်ခေါ်ပြီး စစ်မှန်သောငြိမ်းချမ်းရေးကိုရရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခင်နှင့်မတူ အောင်မြင်မှုများသိသိသာသာ ရရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးထာဝစဉ်အေးချမ်းသာယာပြီး အေးအတူပူအမျှ ကောင်းတူဆိုးဖက်လက်တွဲနေထိုင်နိုင်ရန်အတွက် ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်နေသောအချိန်အခါတွင် ပြည်ထောင်စုသားအားလုံးတို့က အတူလက်တွဲပါဝင်ကြပါရန် လေးနက်စွာဖိတ်ခေါ်အပ်ပါသည်။ ။

# (၁၀၈)ဆူအောင်တော်မူဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ကြီး၏ (၁၀၈)ဆူအောင်တော်မူဘုရားကြီး နှစ်ဆူ၏ (၄၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲနှင့် စုပေါင်းရှင်ပြုပွဲ၊ ပရိယတ္တိဓမ္မဝိနယစာပြန်တော်ပွဲများကို တပို့တွဲလဆန်း ၁၂ ရက်မှ လပြည့်ကျော် ၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးတွင် ရှင်သီဝလိသိမ်တော်ကြီး စွယ်တော်လေးဆူဖွင့်ပွဲ၊ ရွှေသင်္ကန်းကပ်လှူပွဲနှင့် စုပေါင်းရှင်ပြုပွဲ၊ ပရိယတ္တိဓမ္မဝိနယစာတော်ပြန်ပွဲကြီးနှင့် ဆုချီးမြှင့်ပွဲ၊ ဆွမ်းဆန်စိမ်း လောင်းလှူပွဲများ ကျင်းပမည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲများအဖြစ် ခြင်းခတ်ပြိုင်ပွဲ၊ ကရင်၊ ရှမ်း၊ ဓနု၊ ပအိုဝ်းတိုင်းရင်းသားရိုးရာကပွဲများဖြင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

(၅၈၆)

❑

# ဗဟန်း(၃)လမ်း မှတ်တိုင်အနီးတွင် တည်ဆောက်နေသည့် စက်လှေကားပါ လူကူးခုံးကျော်တံတား မတ်လတွင် အသုံးပြုခွင့်ရမည်



**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ဗဟန်း (၃)လမ်းမှတ်တိုင်အနီးတွင် စက်လှေကားပါ လူကူးခုံးကျော်တံတားကို လာမည့်မတ်လအတွင်းတွင် ပြည်သူများ စတင်အသုံးပြုဖြတ်သန်းခွင့်ရရှိတော့မည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းနှင့်တံတားဌာန တံတားတည်ဆောက်ရေးအဖွဲ့မှ သိရသည်။

“တံတားတည်ဆောက်နေတာ လတ်တလောမှာ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပါပြီ။ ဒါကြောင့် မတ်လအတွင်းမှာစတင်အသုံးပြု ဖြတ်သန်းသွားလာလို့ရပါပြီ။ အဓိကကတော့ ဒီနေရာမှာ တစ်ဖက်က ရွှေတိဂုံစေတီ၊ တစ်ဖက်က ကန်တော်ကြီးဆိုတော့ ရုံးပိတ်ရက်တွေ၊ အခါကြီးရက်ကြီးတွေဆို ကားအသွားအလာကလည်းများတယ်။ လမ်းဖြတ်ကူးတဲ့သူတွေလည်း များပါတယ်။ ဒါကြောင့် ဒီစက်လှေကားပါ လူကူးခုံးကျော်တံတားကို တည်ဆောက်ပေးခြင်းက အများပြည်သူတွေ လမ်းဖြတ်ကူးတဲ့အခါမှာ အန္တရာယ်ကင်းကင်းနဲ့ ဖြတ်သန်းသွားလာနိုင်မှာဖြစ်ပါတယ်” ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တံတားဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါတံတားကို ၂၀၁၅ ခုနှစ် အောက်တိုဘာလက စတင်အကောင်အထည်ဖော် တည်ဆောက်ခြင်းဖြစ်သည်။ တံတားအရှည်မှာ ၉၉ပေ၊ ယာဉ်ကင်းလွတ်ခွင့် အမြင့်ပေ ၂၀ နှင့် လူသွားလမ်းအကျယ်မှာ ၁၀ ပေ ၆ လက်မရှိသည်။ အတက်ဘက်ခြမ်းများတွင် စက်လှေကားကို တပ်ဆင်ပေးသွားမည်ဖြစ်ပြီး အဆင်းဘက်ခြမ်းတွင် ရိုးရိုးလှေကားကို တပ်ဆင်ပေးသွားမည်ဖြစ်ရာ တံတားအတက်၊ အဆင်း လှေကားလေးခု တပ်ဆင်တည်ဆောက်ပေးသွားမည်ဟု သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အနေဖြင့် ရန်ကုန်မြို့တွင်းစက်လှေကားပါ လူကူးခုံးကျော်တံတားများကို ကမ္ဘာအေးဂမုန်းပွင့်တံတား၊ ပန်းဆိုးတန်းတံတားနှင့် ကမ်းနားလမ်းသစ်တံတားများတွင် တည်ဆောက်ပေးပြီးဖြစ်ရာ ယခုတည်ဆောက်လျက်ရှိသည့် ဗဟန်းလူကူးခုံးကျော်တံတားသည် လေးစင်းမြောက်ဖြစ်သည်။ ထို့ပြင် ရိုးရိုးလူကူးခုံးကျော်တံတားများကို ဆူးလေ၊ သံဈေးအနီးနှင့် ပြည်လမ်းပေါ်ရှိ အင်းလျားလမ်းနှင့် မာလာဆောင်အနီးတို့တွင်လည်း တစ်ပြိုင်နက်တည်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-သိမ့်ရွှေရည်**



# ရန်ကုန်တက္ကသိုလ် ကင်းထောက်အခြေခံသင်တန်းဖွင့်ပွဲနှင့် ကင်းထောက်ခြေနုတံဆိပ်ပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်တက္ကသိုလ် ကင်းထောက်သင်တန်းဆင်းပွဲနှင့် ကင်းထောက်ခြေနုတံဆိပ်ပေးအပ်ပွဲကို ယမန်နေ့ညနေ ၃ နာရီတွင် ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ဒုတိယကင်းထောက်ချုပ် ဦးသာစိန်နှင့် ကင်းထောက်ကြီးများ၊ ရန်ကုန်တက္ကသိုလ် ကင်းထောက်အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအုန်းသွင်နှင့် ဆရာဆရာမများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုက သင်တန်းဆင်းအမှာစကား ပြောကြားပြီး ကင်းထောက်ခြေနုတံဆိပ်ကို သင်တန်းသားများအား တပ်ဆင်ပေးသည်။

ရန်ကုန်တက္ကသိုလ် ကင်းထောက်သင်တန်းကို ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၃၈ ဦး ကင်းထောက်ကတိသစ္စာခံယူခဲ့ကြောင်း သိရသည်။

**(ကိုလတ်-သတင်းစဉ်)**




ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# စံပြစက်မှုလယ်ယာစိုက်ကွင်းများ၊ စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်းများ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် တဲကြီးကုန်းကျေးရွာရှိ စံပြစက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်း ဧက(၁၀၀) စိုက်ကွင်းသို့ရောက်ရှိကြပြီး ကောက်စိုက်စက်များတွင် အသုံးပြုသော ပျိုးဗန်းများအတွက် ခေတ်မီပျိုးထောင်စက်များဖြင့် ပျိုးဗန်းများအတွင်း မြေခံထည့်ခြင်း၊ မျိုးစေ့ထည့်ခြင်းလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုကို လည်းကောင်း၊ ပျိုးဗန်းများအတွင်း ပျိုးညှောင့်များ အောင်မြင်သန်စွမ်းစွာ ထွက်ရှိနေသော ပျိုးရက်ရှစ်ရက်သားရှိ စပါးပျိုးပင်များကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် ဒက္ခိဏသီရိမြို့နယ် ကျားကူး(အနောက်) ကျေးရွာရှိ တစ်ဆက်တစ်စပ်တည်း ဧက(၇၀) ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်းသို့ရောက်ရှိကြပြီး စိုက်ကွင်းရှင်းလင်းဆောင်တွင် မျိုးစေ့ထုတ်ပညာရှင်များ၊ စိုက်ကွင်းဝန်ထမ်းများနှင့် တွေ့ဆုံသည်။



ထို့နောက် သက်တမ်း ၃၀ ရက်သားရှိ စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်း၏ စိမ်းစိုအောင်မြင်နေမှုများကို လည်းကောင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်၊ ချက်ချင်းနုတ်ချက်ချင်းစိုက်စနစ်ဖြင့် ကောက်စိုက်လုံမေများ တပျော်တပါး ကောက်စိုက်နေမှုကို လည်းကောင်း၊ ခေတ်မီထွန်စက်ကြီးများဖြင့် မြေပြင်ထွန်ယက်နေမှုများကို လည်းကောင်း ကြည့်ရှုအားပေးသည်။

ယင်းမှတစ်ဆင့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာအနီးရှိ တစ်ဆက်တစ်စပ်တည်း စံပြစက်မှုလယ်ယာမြေ ဧက(၄၄၀) ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ် စိုက်ကွင်းသို့ ရောက်ရှိကြပြီး မျိုးစေ့ထုတ် ပညာရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မျိုးကောင်းမျိုးသန့် မျိုးစေ့များ အလုံအလောက်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် ပုဂ္ဂလိကအခန်းကဏ္ဍမှ မျိုးစေ့ထုတ်လုပ်ငန်းများ(Seed Industry)များ ပေါ်ထွန်းလာရေးအတွက် ပညာရှင်များအနေဖြင့် ဝိုင်းဝန်းကူညီ အကောင်အထည်ဖော်ပေးကြရန် ဆွေးနွေးမှာကြားသည်။ **(ကြေးမုံ)**

# စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာအောင်ဆုနှင်းသဘင် ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၉၈)ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော် ရာဟုထောင့်အောင်မြေအနီးရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ စေတိယင်္ဂဏ နာယကနှင့် ဩဝါဒါစရိယဆရာတော်ကြီးများ၊ စာထောက် စာမ ဆရာတော်များ၊ စာအောင် သံဃာတော်များကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဆွေတော်မျိုးတော်များ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

အခမ်းအနားတွင် ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ အလှည့်ကျသဘာပတိ ဂေါပက အဖွဲ့ဝင် ဦးဝင်းတည်က ပူဇော်ပွဲကျင်းပရခြင်းဆိုင်ရာ ဂုဏပူဇာမင်္ဂလာစာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသ(ကလေးဝ ဆရာတော်)ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဂေါပကအဖွဲ့ဝင်များက သီးခြားစာချတန်းအောင် ငါးပါးနှင့် သီးခြားစာသင်တန်းအောင် လေးပါးတို့အား ဘွဲ့တံဆိပ်၊ အောင်လက်မှတ်များနှင့် လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

စေတိယင်္ဂဏအသင်းကြီးသည် ၁၉၁၉ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ ပရိယတ္တိစာမေးပွဲ ကျင်းပကာ စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲများ ကျင်းပခဲ့သည်။ ၁၉၈၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ဆက်လက်ကျင်းပခဲ့ရာ (၉၈)ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာအောင်သံဃာတော်များ အပါအဝင် သီးခြားစာချတန်းအောင် သံဃာတော် ၃၅၃ ပါးနှင့် သီးခြားစာသင်တန်းအောင် သံဃာတော် ၈၈၅ ပါး ရှိပြီးဖြစ်ကြောင်း သိရသည်။ **(ဇော်မင်းလတ်)**

# သာရေး၊ နာရေးကိစ္စများအတွက် အခက်အခဲရှိပါက အခမဲ့အကူအညီရယူနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

စတုဘုမ္မိက မဟာသတိပဋ္ဌာန်စာသင်တိုက်ဆရာတော် ဦးအာဒိစ္စ၏ လမ်းညွှန်မှုဖြင့် ဖွဲ့စည်းထားသည့် လူမှုကူညီရေးအသင်း(ဗဟန်း) ပရဟိတအဖွဲ့အစည်းသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများ အခက်အခဲရှိ၍ အကူအညီတောင်းခံလာပါက အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အဆိုပါပရဟိတအဖွဲ့မှ သိရသည်။

"ငွေကြေး မတတ်နိုင်တဲ့သူတွေကို ကူညီချင်တဲ့ ကိုယ်ချင်းစာစိတ်တစ်ခုတည်းနဲ့ ပရဟိတစိတ်ရှိသူတွေ စုပြီးဖွဲ့ဖြစ်ခဲ့တာပါ။ ရန်ကုန်တိုင်းဒေသကြီးထဲမှာရှိတဲ့ ငွေကြေးမပြည့်စုံတဲ့သူတွေအနေနဲ့ ကျွန်တော်တို့အဖွဲ့ကို ဆက်သွယ်လိုက်တာနဲ့ လာပြီးလိုအပ်တာတွေ အခမဲ့လုပ်ပေးမှာပါ။ ကျွန်တော်တို့အသင်းက အဓိကကသာရေးထက် နာရေးကို အဓိကထား ဆောင်ရွက်ပေးသွားမှာပါ" ဟု လူမှုကူညီရေးအသင်းမှ ဂုဏ်ထူးဆောင် အမှုဆောင် တစ်ဦးဖြစ်သူ ကိုအောင်အောင်ဌေးကပြောသည်။

လူမှုကူညီရေးအသင်း၏ ဥက္ကဋ္ဌလည်းဖြစ်၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးလည်းဖြစ်သူ ဦးတင်မျိုးဦးက "ကျွန်တော်တို့ အသင်းက ကလေးမြို့ရေဘေးတုန်းကလည်း ပါဝင်ကူညီခဲ့တယ်။ ပရဟိတအသင်းတွေ ရေရှည်ရပ်တည်ဖို့ဆိုတာ တကယ်တော့ မလွယ်ဘူး။ အသင်းအနေနဲ့က လက်ရှိ အသင်းသားတွေရဲ့ လစဉ်ထည့်ဝင်ကြေးတွေနဲ့ရော အလှူရှင်တွေရဲ့ လှူဒါန်းမှုနဲ့ ရပ်တည်နေတာပါ။ စဖွဲ့တုန်းက ၁၅ ယောက်လောက်ပဲရှိခဲ့တယ်။ နောက်ပိုင်းကျတော့ ဝင်လာတဲ့သူတွေများလာပြီး အခုဆို အသင်းဝင် ၂၀၀ ကျော်သွားပြီ။ ပရဟိတအဖွဲ့အစည်းတွေက အမှန်တကယ်ကို လိုအပ်တာ။ များများရှိလေ များများကောင်းလေပဲ"ဟု ပြောသည်။

၂၀၁၄ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည့် အဆိုပါအသင်းသို့ ရန်ကုန်မြို့တွင်းရှိ လူမျိုးမရွေး၊ ဘာသာမရွေး သာရေး၊ နာရေး၊ လူမှုရေးအခက်အခဲများ ကြုံတွေ့ပါက နံနက် ၈ နာရီမှ ညနေ ၅ နာရီအတွင်း ဖုန်း-၀၉-၂၅၄၈၇၉၀၆၆၊ ၀၉-၂၅၄၈၇၉၀၅၀၊ ၀၉-၂၅၃၈၁၅၅၆၅ သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်းနှင့် လိုအပ်သော ကူညီပံ့ပိုးမှုများကိုလည်း အသင်းမှ အခမဲ့လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သီသီမင်း)**

○ **ကျောဖုံးမှ**

ယမန်နေ့က ကစားခဲ့သည့်ပွဲတွင် ဟံသာဝတီအသင်း သရေကျမှုကို ရတနာပုံအသင်း အခွင့်အရေးအပြည့်အဝအသုံးချကာ အမှတ်အသာဖြင့် ဇယားထိပ်ဆုံးတွင် ဦးဆောင်နိုင်ခဲ့သည်။ ခြေစွမ်းမကွာသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်၍ ပွဲမှာ အပြန်အလှန်ရှိခဲ့သော်လည်း ဗစ်တာ မပါသည့် ဇေယျာရွှေမြေ တိုက်စစ်အားနည်းခဲ့ရပြီး ရတနာပုံအသင်းမှာ ငါးပွဲမြောက်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရတနာပုံအသင်းမှာ အိမ်ကွင်းတွင် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ဇေယျာရွှေမြေအသင်းတွင် အဓိက တိုက်စစ်မှူး ဗစ်တာ မပါနိုင်၍ အားပျော့ခဲ့ရသည်။ ပွဲအစပိုင်းတွင် ဇေယျာရွှေမြေအသင်း ပိုဖိကစားနိုင်ခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေးအချို့ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ၁၅ မိနစ်နောက်ပိုင်းတွင် ရတနာပုံအသင်း ကစားကွက်ပြန်မိလာပြီး ၂၇ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရခဲ့သော်လည်း မာတူနာကငင်းကြောင့် ရသည့်ပယ်နယ်တီကို ဝင်အောင်မသွင်းနိုင်ခဲ့ပေ။ ရတနာပုံအသင်း ပယ်နယ်တီမဝင်ခဲ့သော်လည်း မိနစ် ၃၀ တွင် ဂိုးစရခဲ့ပြီး မာတူနာ၏ ကန်သွင်းမှုမှာ ဇေယျာရွှေမြေ နောက်ခံလူ ဝင်းဇင်ဦးနှင့်ထိကာ ဂိုးဝင်သွားခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရတနာပုံအသင်း ကစားပုံ ပိုကောင်းလာပြီး ၃၉ မိနစ်တွင် ရဲကိုဦးက ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ရတနာပုံအသင်းကသာ ပွဲကို စိုးမိုးသွားခဲ့ပြီး ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများထပ်မံရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ဇေယျာရွှေမြေအသင်းမှာ ချေပဂိုးရရှိရန် လူအပြောင်းအလဲများ ပြုလုပ်သော်လည်း ရတနာပုံခံစစ်ပိုင်းကို မကျော်နိုင်၍ ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်း ဖြစ်သည်။

အခြားပွဲစဉ်များတွင် ဇွဲကပင်အသင်းက နာမည်ကြီး ရှမ်းယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယခုရာသီတွင် ခြေစွမ်းပြနေသည့် ဇွဲကပင်အသင်းမှာ ဂျူနီယာ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ နိုင်ပွဲပျောက်ဆုံးနေသည့် မကွေးအသင်းမှာ ဇယားအောက်ဆုံးမှ Southern အသင်းကို တစ်ဂိုးစီသရေကျပြီး အမှတ်ခွဲပေးခဲ့ရသည်။

**ယနေ့ပွဲ**

**(သုဝဏ္ဏကွင်း)**

Horizon - ရန်ကုန်

**(အောင်ဆန်းကွင်း)**

ချင်းယူနိုက်တက် -ဧရာဝတီ

○○○

# ညောင်ဦးမြို့နယ် ကံသာယာကျေးရွာတွင် စက်ရေတွင်းတူးဖော်ပေးရန် လိုလားလျက်ရှိ

**ညောင်ဦး ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကံသာယာကျေးရွာသည် ညောင်ဦးမြို့နှင့် ၁၂ မိုင်ခန့်အကွာတွင် တည်ရှိသည်။ ယင်းကျေးရွာတွင် အိမ်ခြေ ၂၈၀ ကျော် လူဦးရေ ၁၅၀၀ ခန့်ရှိသည်။ ကျွဲမရှိသော်လည်း နွားအကောင်အရေအတွက် တစ်ထောင်နီးပါးခန့်ရှိသည်။ ထိုကျေးရွာတွင် ယခင်က စက်ရေတွင်း တစ်တွင်းရှိသော်လည်း ယခုအခါတွင် လူသောက်သုံးရေ၊ တိရစ္ဆာန်သောက်သုံးရေ လုံလောက်မှုအားနည်းခဲ့ပြီး ယခုနှစ်နွေရာသီအမီ နောက်ထပ်စက်ရေတွင်းတစ်တွင်း တူးဖော်ပေးရန်လိုအပ်လျက်ရှိကြောင်း ကျေးရွာသူ ကျေးရွာသားများထံမှ သိရသည်။

"ကျွန်တော်တို့ ကံသာယာရွာမှာ ယခုလက်ရှိတွင်းတစ်တွင်း ပေးထားတာကြာပါပြီ။ အဲဒီလိုတူးပေးတုန်းက အိမ်ခြေ ၂၀၀ ကျော်ရုံလေးပဲရှိတယ်။ အဲဒီတုန်းက စက်ရေတွင်းတစ်တွင်းနဲ့ လောက်ပါတယ်။ အခုချိန် ရွာကလည်း အိမ်ခြေများလာတယ်။ နွားတွေမွေးသူကလည်း များလာတယ်။ ဝက်၊ ဆိတ် စသည်ဖြင့် မွေးမြူရေးတွေစုံလာတော့ စက်ရေတွင်းတစ်တွင်းနဲ့ မလုံလောက်တော့ဘူး။ နောက်ထပ်စက်ရေတွင်းတစ်တွင်း တူးဖော်ပေးဖို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးရုံးကိုလည်း စာတင်ထားပါတယ်"ဟု ကံသာယာရွာမှ ဦးစိန်ပိုက ပြောသည်။

"ကျွန်တော်တို့ ကျောင်းသားတွေ အခုစက်ရေတွင်းထိအောင် သွားပြီးရေခပ်ရတယ်။ ကျောင်းသားတွေ ရေခပ်ခိုင်းရတာဝေးနေတယ်။ ကျွန်တော်တို့ ကျောင်းပတ်ဝန်းကျင်နဲ့နီးတဲ့နေရာကိုပဲ ရေတွင်းတစ်တွင်းတူးပေးစေလိုပါတယ်"ဟု ကျောင်းဆရာ ဦးစိုးနိုင်ဦးကလည်း ပြောပြသည်။



"ရွာမှာအခုချိန်ခါမှာတောင် ဒီလောက်ရေရှားရင် နောက်တန်ခူးကဆုန်ဆိုရင် ပိုရှားမယ်။ ဒီနေ့ဆိုရင် မနက်တည်းက ရေစည်လှည်းနဲ့ တန်းစီစောင့်ရတယ်။ တစ်နေကုန်မှတစ်စည်ပဲရတယ်။ အခု ရေတွင်းက ရွာအရှေ့ဖျားနားမှာဆိုတော့ နောက်တစ်တွင်းကို အနောက်ဖျားစာသင်ကျောင်းပတ်ဝန်းကျင်မှာ ထပ်တူးပေးရင် ကျောင်းက ကျောင်းသားတွေလည်း သောက်သုံးရေအတွက် အဆင်ပြေနိုင်တယ်။ ရွာသောက်သုံးရေအတွက်လည်း အဆင်ပြေနိုင်တယ်။ ဒီနှစ်မှာ ရွာက သောက်သုံးရေကန်မှာ မိုးရေမဝင်လိုက်တော့ ပိုပြီးဆိုးတယ်" ဟု ကံသာယာရွာမှ ဦးတင်လှိုင်က ပြောသည်။

**ကျော်ဌေး(ညောင်ဦး)**

# ဗီယက်နမ်နိုင်ငံတွင် အီဘိုလာရောဂါကူးစက်သူတစ်ဦးတွေ့ရှိ

**ဟိုချီမင်းစီးတီး ဖေဖော်ဝါရီ ၁၄**

အာဖရိကမှ ပြန်လည်ရောက်ရှိလာသည့် အသက်(၂၇)နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးတွင် အီဘိုလာရောဂါလက္ခဏာများတွေ့ရှိခဲ့သဖြင့် ဟိုချီမင်းဆေးရုံတွင် ဆေးကုသမှုခံယူနေရကြောင်း မီဒီယာများက ဖေဖော်ဝါရီ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အလယ်ပိုင်း ဘင်သောင်းပြည်နယ်တွင်နေထိုင်သော ယင်းအမျိုးသားသည် တန်ဆွန်နက်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဖေဖော်ဝါရီ ၁၁ ရက်က ရောက်ရှိလာခဲ့ပြီး ၎င်းတွင် အီဘိုလာရောဂါလက္ခဏာများဖြစ်သည့် ကိုယ်အပူချိန်မြင့်တက်ခြင်း၊ ချောင်းခြောက်ဆိုးခြင်း စသည်တို့ခံစားနေရကြောင်း ဗီယက်နမ် အွန်လိုင်းသတင်းစာ ဗီအန်အိပ်ပရက်စ်က ဆိုသည်။

၎င်းအမျိုးသားသည် ဆီရာလီယွန်နိုင်ငံတွင် ခေတ်ပုံဆရာအဖြစ် သွားရောက်လုပ်ကိုင်ခဲ့ကြောင်း သိရသည်။ ဆီရာလီယွန်ရှိ ဆရာဝန်များက ၎င်း၏ရောဂါအား အဆုတ်အအေးမိရောဂါအဖြစ်အထင်မှားကာ ကုသခဲ့သော်လည်း နောက်ပိုင်းတွင် တီဘီရောဂါအဖြစ် ပြောင်းလဲကုသခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အနောက်အာဖရိကနိုင်ငံများတွင် အီဘိုလာရောဂါကူးစက်မှု အဆုံးသတ်သွားပြီဖြစ်ကြောင်း ကြေညာပြီးတစ်ရက်အကြာတွင် ဆီရာလီယွန်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်က အီဘိုလာရောဂါဖြင့် လူတစ်ဦးသေဆုံးခဲ့သည်။ ဂီနီ၊ ဆီရာလီယွန်နှင့် လိုက်ဘေးရီးယားနိုင်ငံများတွင် အီဘိုလာရောဂါဖြင့် သေဆုံးသူ ၁၁၀၀၀ ကျော်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ။**





# ဖက်ဒရယ်နယ်နိမိတ်သတ်မှတ်ရေးဆိုင်ရာပြဿနာဖြေရှင်းရေး နီပေါနိုင်ငံရေးပါတီများ သဘောတူ

**ခတ္တမန္ဒူ ဖေဖော်ဝါရီ ၁၄**

ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းခြင်းဆိုင်ရာ ပြဿနာရပ်အားဖြေရှင်းနိုင်ရေးအတွက် နိုင်ငံရေးဆိုင်ရာ အဖွဲ့တစ်ရပ် ထူထောင်ကြရန် နီပေါနိုင်ငံရှိ အဓိကနိုင်ငံရေးပါတီကြီးသုံးခုနှင့် ညီညွတ်သော ဒီမိုကရက်တစ်မဒါစီတပ်ဦးအဖွဲ့တို့ သဘောတူညီချက်တစ်ရပ်ရရှိကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

နီပေါဝန်ကြီးချုပ် ကေပီရှားမားအိုလီက ခေါ်ယူခဲ့သော အစည်းအဝေးတွင် နီပေါနိုင်ငံ၌ ပြည်နယ်များ၏ နယ်နိမိတ် သတ်မှတ်ရေးပြဿနာကို ဖြေရှင်းသွားရန် ကိုယ်စားလှယ်များက ဆုံးဖြတ်ခဲ့ကြသည်။

နီပေါနိုင်ငံ၏ တောင်ပိုင်းလွင်ပြင်ဒေသများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပြည်နယ်နယ်နိမိတ်မျဉ်း ပြင်ဆင်ရေးဆွဲသတ်မှတ်ခြင်းကို အကြောင်းပြု၍ လွန်ခဲ့သည့်နှစ်က ဆန္ဒပြပွဲများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်များအပါအဝင် လူပေါင်း ၅၀ ကျော် သေဆုံးခဲ့ရသည်။

ဝန်ကြီးချုပ် အိုလီ၏ အိန္ဒိယခရီးစဉ်မတိုင်မီတွင် သီးခြားထူထောင်ထားသော နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ်မှတစ်ဆင့် နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရေးပြဿနာကို နိုင်ငံရေးပါတီလေးခုဖြင့် ဖွဲ့စည်းထားသည့် အထူးလုပ်ငန်းအဖွဲ့က ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဝန်ကြီးချုပ် အိုလီသည် ဖေဖော်ဝါရီ ၁၉ ရက်မှအစပြု၍ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် စီစဉ်ထားသည်။

လွန်ခဲ့သည့်နှစ် စက်တင်ဘာ ၂၀ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်ခုနစ်ခုဖြင့် ဖက်ဒရယ်စနစ် ကျင့်သုံးရေးဆိုင်ရာ စည်းမျဉ်းများအပေါ် မကျေနပ်ကြသော မဒါစီတိုင်းရင်းသားမျိုးနွယ်များက ကန့်ကွက်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြသည်။

**ဆင်ဟွာ။**

# ဂရိအစိုးရ၏ ငြိမ်းချမ်းရေးဥပဒေကြမ်းကို လယ်သမားများက ကျေနပ်မှုမရှိ

**အေသင် ဖေဖော်ဝါရီ ၁၄**

နိုင်ငံတကာတွင်တင်ရှိနေသော ဂရိနိုင်ငံ၏ကြွေးမြီများအမြန်ဆုံးကင်းရှင်းစေရန် ရည်ရွယ်ချက်ဖြင့် အစိုးရ၏ ငြိမ်းချမ်းရေးဥပဒေကြမ်းကို ဂရိလယ်သမားများက ကျေနပ်မှုမရှိသည့်အတွက် အေသင်မြို့လမ်းမများပေါ်တွင် ဆန္ဒထုတ်ဖော်လျက်ရှိကြကြောင်း ဒေသန္တရသတင်းများအရသိရသည်။

နိုင်ငံတစ်ဝန်းရှိလယ်သမားများက ၎င်းတို့၏လယ်ထွန်စက်များ၊ ကုန်တင်ယာဉ်များကို မြို့တွင်းလမ်းမများပေါ်တွင် မောင်းနှင်ကာ ဆန္ဒထုတ်ဖော်ကြသည်။

ဆန္ဒထုတ်ဖော်လယ်သမားများက အစိုးရ၏ ငြိမ်းချမ်းရေးဥပဒေကြမ်းကို ရုတ်သိမ်းပေးရန်တောင်းဆိုကြသည်။ အဆိုပါဥပဒေကြမ်းတွင် ဝင်ငွေခွန်နှင့် ပင်စင်အာမခံကြေးများ တိုးမြှင့်ကောက်ခံရေးအပြင် အစိုးရ၏ လောင်စာဆီထောက်ပံ့ရေးကို ဖျက်သိမ်းခြင်း စသည်တို့ပါဝင်သည်။

ဆန္ဒထုတ်ဖော်ကြသည့် လယ်သမားအချို့က ပါလီမန်လွှတ်တော်ရုံးအရှေ့တွင် သံလွင်အကိုင်းများကို မီးရှို့ခဲ့ကြသည်။ အချို့လယ်သမားများက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနရုံးအား ဝင်ရောက်စီးနင်းရန်ကြိုးပမ်းရာ လုံခြုံရေးရဲအရာရှိများနှင့်အဓိကရုဏ်းဖြစ်ခဲ့ကြသည်။ လယ်သမားလေးဦးအား လုံခြုံရေးအရာရှိများက ထိန်းသိမ်းထားကြောင်း သိရသည်။ လယ်သမားအချို့က ရက်ရှည်ဆန္ဒထုတ်ဖော်ရန် ရည်ရွယ်ချက်ဖြင့် ပါလီမန်ရုံးရှေ့တွင် ယာယီတဲများထိုးထားကြသည်။

ယခုလတွင် ငြိမ်းချမ်းရေးဥပဒေကြမ်းကို ဥပဒေအဖြစ်ပြောင်းလဲရန် အစိုးရက မျှော်လင့်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**



# ပါကစ္စတန်သို့ ဂျက်တိုက်လေယာဉ်များရောင်းချပေးရန် အမေရိကန်ဆုံးဖြတ်ချက် အိန္ဒိယ စိတ်ပျက်ဟုဆို

**နယူးဒေလီ ဖေဖော်ဝါရီ ၁၄**

ပါကစ္စတန်နိုင်ငံသို့ အက်ဖ် ၁၆ ဂျက်တိုက်လေယာဉ် ရှစ်စင်း ရောင်းချပေးရေး အမေရိကန်၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ စိတ်ပျက်မိသည်ဟု အိန္ဒိယအစိုးရက ပြောကြားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံသို့ အမေရိကန်ဒေါ်လာသန်း ၇၀၀ခန့် တန်ဖိုးရှိ ဂျက်တိုက်လေယာဉ်များ ရောင်းချပေးရန် အမေရိကန်အစိုးရက ဆုံးဖြတ်ခဲ့သည်။ ပါကစ္စတန်နိုင်ငံအနေဖြင့် ဂျက်တိုက်လေယာဉ်များ ဝယ်ယူခွင့်ရရှိခြင်းဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဟု အမေရိကန်အစိုးရက ပြောကြားခဲ့သည်။ ပါကစ္စတန်သို့ ဂျက်တိုက်လေယာဉ်များရောင်းချပေးရသည့် အကြောင်းပြချက်နှင့်ပတ်သက်၍ မိမိတို့လက်ခံနိုင်ခြင်းမရှိကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗီကက်စ်ဆွာရက်က ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံသို့ ဂျက်တိုက်လေယာဉ်များ ရောင်းချပေးရန် ဆုံးဖြတ်ခြင်းအတွက် စိတ်ပျက်မိကြောင်း ထုတ်ဖော်ပြောဆိုနိုင်ရန် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနက အမေရိကန်သံအမတ်ကြီးကို ဆင့်ခေါ်ခဲ့သည်။

**ဆင်ဟွာ။**

# ပင်လယ်ရေကြောင်းပိုးလမ်းမနိုင်ငံများနှင့် တရုတ်ကုန်သွယ်မှု နှစ်စဉ် ပျမ်းမျှ ၁၈ ရာခိုင်နှုန်းမြင့်တက်

**ပေကျင်း ဖေဖော်ဝါရီ ၁၄**

ပင်လယ်ရေကြောင်း ပိုးလမ်းမတစ်လျှောက်ရှိ နိုင်ငံများနှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်မှုမှာ လွန်ခဲ့သည့် ဆယ်စုနှစ်တာကာလပတ်လုံး တစ်နှစ်လျှင် ပျမ်းမျှ ၁၈ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ပင်လယ်ရေကြောင်း ပိုးလမ်းမနိုင်ငံများ၌ တရုတ်ကုမ္ပဏီများ၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် လွန်ခဲ့သည့် ၁၀ နှစ်က အမေရိကန်ဒေါ်လာသန်း ၂၄၀ ရှိခဲ့ရာမှ ယခုအခါ အမေရိကန်ဒေါ်လာ ၉ ဒသမ ၂၇ ဘီလီယံအထိ မြင့်တက်လာကြောင်း၊ နှစ်စဉ် ပျမ်းမျှတိုးတက်မှုနှုန်း ၄၄ ရာခိုင်နှုန်းရှိကြောင်း တရုတ်နိုင်ငံတော် ပင်လယ်သမုဒ္ဒရာဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမကြီးအစီအစဉ်အရ တရုတ်-အာဆီယံ ပင်လယ်ရေကြောင်းပူးပေါင်းဆောင်ရွက်ရေးဌာနတစ်ခုနှင့် အရှေ့အာရှ ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်ရေးဌာနတစ်ခုတို့ကို ဖွင့်လှစ်ကာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပင်လယ်သမုဒ္ဒရာဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့၏ ညွှန်ကြားရေးမှူး ဝမ်ဟောင်က ပြောကြားသည်။

တရုတ်နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းဒေသမှသည် တောင်တရုတ်ပင်လယ်နှင့် အိန္ဒိယသမုဒ္ဒရာတို့မှတစ်ဆင့် ဥရောပအထိ၊ တရုတ်နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းဒေသမှသည် တောင်တရုတ်ပင်လယ်ကိုဖြတ်၍ ပစိဖိတ်ဒေသတောင်ပိုင်းအထိ လမ်းကြောင်းနှစ်ကြောင်းဖွင့်ကာ ကုန်သွယ်ရန် ရည်မှန်းချက်ဖြင့် ပင်လယ်ရေကြောင်း ပိုးလမ်းမကုန်သွယ်ရေးလုပ်ငန်းကို မြှင့်တင်အားပေးလျက်ရှိသည်။

**ဆင်ဟွာ။**

## ပြည်တွင်းရေးရာ

**❖ ရေထုညစ်ညမ်းမှုမှ**

သမားရိုးကျအိမ်သာစနစ်တို့ကို အသုံးပြုလျက်ရှိသည်။ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်ဖြစ်သော လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်မြို့နယ်များနှင့် ဆက်စပ်မြို့နယ်များဖြစ်သော ဒဂုံမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်(တစ်စိတ်တစ်ပိုင်း)တွင် မိလ္လာပြွန်စနစ်ကို အသုံးပြုလျက်ရှိသည်။ မိလ္လာပြွန်စနစ်ကို ရန်ကုန်မြို့လူဦးရေ၏ ငါး ရာခိုင်နှုန်းသာအသုံးပြုနေပြီး မိလ္လာကန်စနစ်မှာ မိုးအလွန်များသော ရန်ကုန်မြို့ အတွက် လိုက်လျောညီထွေမှု မရှိတော့ချေ။ မိလ္လာပြွန်စနစ်ကို ၁၈၈၈ ခုနှစ်တွင် လူဦးရေ ၄၀၀၀၀ နှင့် ၁၉၉၀ ခုနှစ်တွင် လူဦးရေ ၂၄၀၀၀၀ အတွက် ရည်ရွယ်သော်လည်း သုံးစွဲသည့် လူဦးရေပိုမိုများပြားလာခြင်းကြောင့် စွန့်ထုတ်ရေဆိုးများလည်း ပိုမိုများပြားလာခဲ့သည်။

လက်ရှိ မိလ္လာသိမ်းဆည်းမှုအနေဖြင့် အိမ်နောက်ဖေးလမ်းကြားရှိ စွန့်ပစ်မိလ္လာများကို သဘာဝအတိုင်းစီးဆင်းကာ သယ်ဆောင်သည့် အချင်း ခြောက်လက်မသံကျွတ်ပိုက်လိုင်း (Lateral Sewer) မှတစ်ဆင့် လမ်းကျယ်ကြီးများတွင်ရှိသော ကိုးလက်မပိုက်လိုင်းမှ ၁၂ လက်မပိုက်လိုင်း (Branch Sewer) သို့ပို့ဆောင်ပြီး ယင်းပိုက်လိုင်းများမှ လေဖိအားသုံး မိလ္လာထုတ်စက်အိုးကျင်းများသို့ ပေးပို့သည်။ ယင်းကျင်းများတွင် စုဆောင်းလက်ခံသည့် အခန်းမှ မိလ္လာရည်များကို တွန်းထုတ်ပေးသည့် မိလ္လာစက်အိုးနှစ်လုံးဖြင့် ထပ်မံတွန်းထုတ်ပေးသည်။ ထိုမှတစ်ဆင့် မြောက်ပိုင်းလေဖိအားသုံး ပိုက်လိုင်းအဖြစ် အနော်ရထာလမ်းတစ်လျှောက်ရှိသော ၃၆ လက်မ ပိုက်လိုင်းနှင့် တောင်ပိုင်းလေဖိအားသုံး ပိုက်လိုင်းအဖြစ် ကမ်းနားလမ်း၊ ကုန်သည်လမ်းတစ်လျှောက်ရှိသော ၂၄ လက်မ ပိုက်လိုင်းနှစ်ခုသို့ အဆင့်ဆင့်ပေးပို့လာရာ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းတွင် ၎င်းပိုက်လိုင်းကြီးနှစ်ခုတို့ ပေါင်းစုံပြီး ထိုမှတစ်ဆင့် ရန်ကုန်မြစ်အတွင်း စွန့်ပစ်ခဲ့သည်။

ထိုသို့စွန့်ပစ်မှုကြောင့် မြစ်ချောင်းအင်းအိုင်များ ရေထုညစ်ညမ်းမှုဖြစ်ခြင်းနှင့် မြို့နေလူထု ကျန်းမာရေးထိခိုက်မှုဖြစ်ခြင်းတို့ဖြစ်ပေါ်လာနိုင်သဖြင့် ယင်းဖြစ်စဉ်များ လျော့နည်းစေရေးအတွက် အန္တရာယ်ဖြစ်စေမည့် အညစ်အကြေးများကို ရာခိုင်နှုန်းအနည်းဆုံးစွန့်ပစ်နိုင်သော နိုင်ငံတကာအဆင့်မီ သန့်စင်ပြီး ရေကြည်စွန့်ပစ်သည့်စနစ် (Activated Sludge Process System) ကို အသုံးပြုရန် ၂၀၀၃ ခုနှစ် ဧပြီ ၁၂ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်တွင် ရေဆိုးသန့်စင်စက်ရုံကိုတည်ဆောက်ခဲ့သည်။ အဆိုပါ စက်ရုံမှ မိလ္လာပြွန်စနစ်သုံး မြို့တွင်းခြောက်မြို့နယ်သာမက ကိုယ်ပိုင်သုံးမိလ္လာကန်များမှ လာရောက်စွန့်ထုတ်သည့် ရေဆိုးများနှင့် မိလ္လာအညစ်အကြေးများကို နေ့စဉ်ရေဆိုးဂါလန် ၃ ဒသမ ၂၅ သန်းခန့် သန့်စင်ပေးသည်။ ရေဆိုးများ သန့်စင်မှုပြုလုပ်ပြီးနောက် ရန်ကုန်မြစ်အတွင်း စွန့်ပစ်သဖြင့် ရန်ကုန်မြစ်ရေညစ်ညမ်းမှုကိုလည်း တစ်စိတ်တစ်ဒေသ ကာကွယ်နိုင်ခဲ့သည်။

လက်ရှိအသုံးပြုနေသော ရေဆိုးသန့်စင်စနစ်သည် ရန်ကုန်မြို့တော်တစ်ခုလုံးအတွက် လုံလောက်မှုမရှိတော့သဖြင့် အနာဂတ်ကာလတွင် ရေဆိုးသန့်စင်စနစ်ဆောင်ရွက်ရန် လုပ်ငန်းများကို ဇုန်နယ်မြေများ ခွဲခြားသတ်မှတ်၍ ရေဆိုးသန့်စင်စက်ရုံသစ်များကို ရန်ကုန်မြစ်၊ ပဲခူးမြစ်၊ လှိုင်မြစ်နှင့် ငမိုးရိပ်ချောင်းအနီးတစ်ဝိုက်တွင် တည်ဆောက်မည်ဟု အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဌာနခွဲမှူး ရေဆိုးသန့်စင်စက်ရုံတာဝန်ခံ ဒေါ်ခင်အေးမြင့်၏ပြောပြချက်အရ သိရသည်။

ရေဆိုးသန့်စင်စက်ရုံများအား ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်မြို့နယ်များပါဝင်သော ဗိုလ်တထောင်ဇုန်(C1)ကို ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရေဆိုးသန့်စင်စက်ရုံအနီးတွင်လည်းကောင်း၊ ဒလမြို့နယ်အတွက် ဒလဇုန်(S1)ကို ဒလမြို့နယ်တောင်ပိုင်းတွင်လည်းကောင်း၊ လမ်းမတော်၊ လသာ၊ ဒဂုံ၊ ဗဟန်းမြို့နယ်(တစ်စိတ်တစ်ပိုင်း)၊ ကြည့်မြင်တိုင်မြို့နယ်(တစ်စိတ်တစ်ပိုင်း)၊ အလုံ၊ စမ်းချောင်း၊ ကမာရွတ်မြို့နယ် (တစ်စိတ်တစ်ပိုင်း) မြို့နယ်များပါဝင်သော အလုံဇုန်(W1)ကို အလုံမြို့နယ် ကမ်းနားလမ်းနှင့် လှိုင်မြစ်ကြားတွင်လည်းကောင်း၊ လှိုင်၊ ကမာရွတ်မြို့နယ်(တစ်စိတ်တစ်ပိုင်း)၊ မရမ်းကုန်းမြို့နယ် (တစ်စိတ်တစ်ပိုင်း)မြို့နယ်များ ပါဝင်သော လှိုင်ဇုန်(W2)ကို လှိုင်မြို့နယ် ဂုန်လျှော်စက်ရုံနှင့် လှိုင်မြစ်ကြားနှင့် အလုံဇုန်(W2)ကို အလုံမြို့နယ် သခင်မြပန်းခြံအနီးတို့တွင်လည်းကောင်း၊ ဗဟန်းမြို့နယ်(တစ်စိတ်တစ်ပိုင်း)၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ တောင်ဥက္ကလာပ၊ သယ်န်းကျွန်း၊ ရန်ကင်း၊ မရမ်းကုန်းမြို့နယ်(တစ်စိတ်တစ်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မြောက်ဥက္ကလာပမြို့နယ်များပါဝင်သော မရမ်းကုန်းဇုန်(C2+E1)ကို မရမ်းကုန်းမြို့နယ် သံသုမာလမ်းနှင့် ဂန္ဓမာလမ်းထောင့်တွင်လည်းကောင်း၊ သယ်န်းကျွန်းမြို့နယ်အတွက် သယ်န်းကျွန်းဇုန်(C2+E1)ကို သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏပန်းခြံနှင့် သယ်န်းကျွန်းဇုန်(C2+E1)ကို သယ်န်းကျွန်းမြို့နယ် ရေနံ့သာလမ်းအဆုံး၊ ပယင်းလမ်းနှင့် ငမိုးရိပ်ချောင်းကြားတို့တွင်လည်းကောင်း၊ မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံမြို့နယ်များပါဝင်သော ရွှေပေါက်ကံဇုန်(C2+E1)ကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ပုဂံလမ်းနှင့် ပင်းယလမ်းကြားတွင်လည်းကောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်များပါဝင်သော ဒဂုံမြို့နယ်(မြောက်ပိုင်း)ဇုန် (E1+E2) ကို ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဗိုလ်မင်းရောင်လမ်းနှင့် ငမိုးရိပ်ချောင်းကြား၊ အောင်ဆန်းသူရိယလှသောင်းလမ်းထောင့်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)ဇုန် (E1+E2) ကို ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်(၁၃၈)ရပ်ကွက် မောရဝတီလမ်းနှင့် မင်းရဲကျော်စွာလမ်းအနီးတို့တွင်လည်းကောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်အတွက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)ဇုန် (E4) ကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကမ်းနားလမ်းနှင့် ပဲခူးမြစ်ကြားတွင်လည်းကောင်း၊ ဒေါပုံ၊ သာကေတ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်များပါဝင်သော ဒဂုံမြို့သစ်(ဆိပ်ကမ်း)ဇုန် (E3+E4) ကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၆၈)ရပ်ကွက် မင်းရဲကောင်းပုံလမ်းနှင့် ကွမ်းအစ်မင်းသားလမ်းအနီးတွင်လည်းကောင်း၊ အင်းစိန်မြို့နယ်အတွက် အင်းစိန်ဇုန် (N1) ကို အင်းစိန်မြို့နယ် ပုလဲလမ်းနှင့် လှိုင်မြစ်ကြားနှင့် အင်းစိန်ဇုန် (N1) ကို အင်းစိန်မြို့နယ် အောင်ဇေယျတံတားအနီးတို့တွင်လည်းကောင်း တည်ဆောက်ရန်လျာထားသည်။ ယင်းစက်ရုံများ တည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့ လူဦးရေ၏ ၄၉ ရာခိုင်နှုန်းအသုံးပြုနိုင်မည်ဖြစ်သည်။

ထို့ပြင် ရေဆိုးစွန့်ပစ်စနစ်ဖြစ်သော မိလ္လာပြွန်စနစ်မှာ မြို့တွင်းခြောက်မြို့နယ်တွင်တည်ရှိသောကြောင့် နောင်ဆောင်ရွက်မည့် မိလ္လာပြွန်စနစ်တွင်ပါရှိသော မိလ္လာပိုက်လိုင်းများကို မြေအောက်တွင်အသုံးပြုသည့် ခေတ်မီနည်းစနစ် (Jacking Method) ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။

စက်ရုံများကို မြို့နယ်အလိုက် ဇုန်နယ်မြေများတည်ဆောက်၍ သန့်စင်ပြီးရေများကိုသာ မြစ်ချောင်းများထဲသို့ စွန့်ပစ်သည့်အခါ ရေသယံဇာတ အရင်းအမြစ်ဖြစ်သော မြစ်ချောင်းများ ညစ်ညမ်းမှုကိုကာကွယ်ထိန်းသိမ်းနိုင်မည့်အပြင် အနာဂတ်တွင် ရေလိုအပ်ချက်ရှိလာပါက သန့်စင်ပြီးရေများကို ပြည်ပနိုင်ငံများကဲ့သို့ ပြန်လည်အသုံးချနိုင်ပြီး ပြည်သူများ၏ ကျန်းမာရေးကိုလည်း ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်၍ ကောင်းမွန်သည့် လူမှုဝန်းကျင်တစ်ရပ်ဖြစ်ထွန်းလာနိုင်ပါကြောင်း ရေးသားဖော်ပြလိုက်ပါသည်။ ။



ယခုအခါ ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် မြို့မဈေးအတွင်းတွင် မီးသတ်ရေတိုင်ငုတ်နှစ်ခု၊ ဈေးအပြင်တွင် မီးသတ်ရေတိုင်ငုတ်နှစ်ခုနှင့် ဂါလန် ၂၀၀၀ ဆံ့ မီးသတ်အုတ်ရေကန်တို့ပြုလုပ်ထားရှိကာ အသင့်ပြင်ဆင်ထားကြောင်း သိရသည်။ ထို့ပြင် မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကြုံတွေ့ပါက ရေအလွယ်တကူရရှိ၍ မီးငြိမ်းသတ်နိုင်ရန် ဈေးတာဝန်ခံရုံးရှေ့တွင် ဂါလန် ၁၀၀၀ ဆံ့ အုတ်ရေကန်ကိုတည်ဆောက်ကာ ရေဖြည့်တင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို ဖေဖော်ဝါရီ ၁၄ ရက်က တွေ့မြင်ရစဉ်။

ကိုကျော်(သုံးခွ)

# (၁၁၄)ကြိမ်မြောက် ဆုတောင်းပြည့်လုဒ်မယ်တော်သခင်မ ပွဲတော်ကျင်းပ

**ညောင်လေးပင် ဖေဖော်ဝါရီ ၁၄**

(၁၁၄)ကြိမ်မြောက် ဆုတောင်းပြည့် လုဒ်မယ်တော်သခင်မ ပွဲတော်ကို ဖေဖော်ဝါရီ ၅ ရက်မှ ၁၃ ရက်ထိ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ရှိ လုဒ်မယ်တော်ဂူဗိမာန်ရှိရာ ကက်သလစ် ဘုရားရှိခိုးကျောင်းဝင်း အတွင်း၌ကျင်းပရာ မြန်မာနိုင်ငံ သာသနာပိုင်ချုပ် ကာဒီနယ်ချားလ်စ်ဘိုနှင့် သာသနာအသီးသီးမှ ဆရာတော်ကြီးများ၊ ဘုန်းတော်ကြီးများ၊ သီလရှင်များနှင့် ပြည်တွင်း၊ ပြည်ပ ကက်သလစ်ဘာသာဝင်များ ကြွရောက်ကြည်ညိုကြကြောင်း တွေ့မြင်ခဲ့ရသည်။




ပွဲတော်အား နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့ရာ ယခုနှစ်တွင် ထူးခြားချက်အနေဖြင့် ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်၏ကိုယ်စားလှယ် ပေါလ်ချမ်းအင်နန် ကြွရောက်ခြင်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးညဏ်ဝင်း တက်ရောက်အားပေးခြင်း၊ ကက်သလစ်ဘုန်းတော်ကြီး အသစ်ခြောက်ပါး သိက္ခာတင်ပေးခြင်းနှင့် သမ္မာကျမ်းစာပြိုင်ပွဲပြုလုပ်ခြင်းတို့ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကို ၉ ရက်ကြာ ပြုလုပ်လေ့ရှိပြီး နောက်ဆုံးရက် အကြီးမြတ်ဆုံးပွဲတော်၌ ညောင်လေးပင်မြို့ကို စီတန်းလှည့်လည်ပြီး မြို့ပတ်ဆုတောင်းပေးကြသည်။

လုဒ်မယ်တော်သခင်မပွဲတော်သည် တစ်နှစ်ထက်တစ်နှစ် ဘုရားဖူးခြင်းနှင့် မယ်တော်ဆုတောင်းခြင်းအတွက် အနယ်နယ်အရပ်ရပ်မှ လာရောက်သူများ ပိုမိုများပြားလာကြောင်း သိရသည်။

ပွဲတော်ကို တစ်ကမ္ဘာလုံး၌ ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြုလုပ်လေ့ရှိသော်လည်း မြန်မာနိုင်ငံတွင် တနင်္ဂနွေနေ့ဖြင့်တိုက်၍ ပြုလုပ်သောကြောင့် ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြုလုပ်ကြောင်း ဘုန်းတော်ကြီး စိုးနိုင်က ပြောကြားသည်။

လုဒ်မယ်တော်သခင်မ ရုပ်ပွားတော်ကို ပြင်သစ်သာသနာပြုဘုန်းတော်ကြီးတစ်ပါးက သဒ္ဓါကြည်ညိုနိုင်ရန် မြန်မာနိုင်ငံသို့ ပင့်ဆောင်လာခဲ့ရာ ယခုဆိုလျှင် ၁၁၄ နှစ်ရှိပြီဖြစ်ကြောင်း ၎င်းကဆက်၍ ဆိုသည်။

ပွဲတော်ကို အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသဖြင့် ညောင်လေးပင်မြို့ရှိ တည်းခိုခန်းများ၊ မိုတယ်များ၊ အခန်းအားလုံး ပြည့်သည့်အပြင် လူနေအိမ်များ၌ ငှားရမ်းနေခြင်း၊ ဘုရားကျောင်းဝင်းအတွင်း ယာယီအိမ်ဆောင်များ ထိုးနေခြင်းဖြင့် အထူးများပြားလျက်ရှိပြီး ဘုရားဖူးများ သိန်းကျော် လာရောက်ခဲ့ကြောင်း သိရသည်။

(၁၁၄)ကြိမ်မြောက် ဆုတောင်းပြည့် လုဒ်မယ်တော်သခင်မပွဲတော်အပြင် ကက်သလစ်ဘာသာဝင်တို့၏ ဘုရားသခင်၏ သနားကြင်နာမှုကို ဖော်ပြရာတွင် ထူးခြားသည့် ဂျူဘီလီပွဲတော်ကို တစ်ဆက်တည်း ကျင်းပခဲ့သည်။

သတင်း - ကိုသက်(ဗိုလ်တထောင်)
ခင်မောင်လွင်(ညောင်လေးပင်)
ဓာတ်ပုံ - ဌေးအောင်(ကြေးမုံ)

# နိုင်ငံခြားသားများ ကိုယ်ပိုင်ဆိုင်ကယ်များဖြင့် မြန်မာပြည် အညာဒေသတစ်ခွင် ခရီးလှည့်လည်

**မြင်းမူ ဖေဖော်ဝါရီ ၁၄**

ပွင့်လင်းရာသီတွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားသားများ ခရီးလှည့်လည်မှုဦးရေသည် တစ်နေ့တခြားများပြားလျက်ရှိသည်။ ဤကဲ့သို့ ဝင်ရောက်လာကြရာတွင် ပုံစံအမျိုးမျိုးကိုတွေ့ရသည်။ အချို့က နိုင်ငံပိုင်၊ ကုမ္ပဏီပိုင်အဝေးပြေးဘတ်(စ်)ကားများဖြင့် လှည့်လည်ကြသည်။ တချို့က ရေကြောင်းလမ်းမှ ကုမ္ပဏီပိုင်သင်္ဘောများဖြင့် တစ်မြို့ဝင်တစ်မြို့ထွက်လေ့လာကြသည်။ တချို့မှာ ကား၊ ကိုယ်ပိုင်မော်တော်ဆိုင်ကယ်များစီးနင်း၍ ဝင်ရောက်လာလေ့ရှိပြီး ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီခန့်က မြင်းမူမြို့ မြို့ရှောင်လမ်းတွင် မန္တလေးမှ စီးနင်း၍ မုံရွာဘက်သို့ဖြတ်ကျော်သွားကြသည်။

မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သကဲ့သို့ လှည့်လည်လည်ပတ်လေ့လာစရာအကောင်းဆုံးသော နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာက အသိမှတ်ပြုခြင်းခံထားရသည့်နိုင်ငံဖြစ်သည်။ ကမ္ဘာ့နိုင်ငံများ၏ စိတ်ဝင်စားခြင်းခံရသောနိုင်ငံဖြစ်သည့်အားလျော်စွာ ဒေသခံများအနေဖြင့် ခရီးသွားနိုင်ငံခြားသားများအား ယဉ်ကျေးပျူငှာသော ဧည့်ဝတ်ကျေပွန်မှုဖြင့် မြန်မာ့ဂုဏ်ကိုမြှင့်တင်သင့်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

(၆၂၄)

# ယာဉ်အန္တရာယ်ကင်းရှင်းဖို့ ပူးပေါင်းပါဝင်ဆောင်ရွက်စို့

မောင်ပြုံး

ကမ္ဘာပေါ်တွင် ယာဉ်မတော်တဆထိခိုက်မှုကြောင့် နှစ်စဉ် လူဦးရေ ၁ ဒသမ ၃သန်းခန့်သေဆုံး၍ သန်း ၅၀ခန့် ထိခိုက်ဒဏ်ရာရရှိခြင်း၊ မသန်မစွမ်းဖြစ်ခြင်းတို့ဖြစ်ပေါ်လျက်ရှိပါသည်။ ယာဉ်မတော်တဆမှုကြောင့် တစ်နေ့လျှင် လူဦးရေ ၃၅၀၀ ခန့် သေဆုံးလျက်ရှိပြီး တစ်နာရီတိုင်းတွင် ၁၄၆ ဦးခန့် သေဆုံးလျက်ရှိရာ ကမ္ဘာပေါ်တွင် သေဆုံးမှုအများဆုံးရောဂါ ၁၀ မျိုးနှင့် နှိုင်းယှဉ်ပါက ယာဉ်တိုက်မှုကြောင့် သေဆုံးမှုသည် ၁၉၉၉ ခုနှစ်၌ အဆင့်(၉)တွင်ရှိနေပါသည်။ အဆိုပါ ယာဉ်မတော်တဆမှုအန္တရာယ်ကို သင့်လျော်ထိရောက်စွာ အရေးယူဖြေရှင်းဆောင်ရွက်နိုင်ခြင်းမရှိပါက သက္ကရာဇ် ၂၀၃၀ တွင် အဆင့်(၅)သို့ ရောက်ရှိသွားနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က (WHO) ခန့်မှန်းထားပါသည်။ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရသေဆုံးမှုသည် အရေးကြီးသောပြဿနာတစ်ရပ်ဖြစ်ပြီး လူမှုရေး၊ စီးပွားရေး ဆုံးရှုံးမှုပမာဏမှာလည်း ကြီးမားကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် လူမှုစီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ အသုံးပြုသည့် ယာဉ်စီးရေတိုးမြင့်လာပြီး ယာဉ်မတော်တဆထိခိုက်မှု အန္တရာယ်သည်လည်း စိုးရိမ်ဖွယ်ရာမြင့်မားလာနေပါသည်။ထို့ကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်၍ မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနတစ်ခုတည်း၊ အဖွဲ့အစည်းတစ်ခုတည်းမှ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးမှာ ကန့်သတ်ချက်များရှိနေသဖြင့် ဌာနစုံ၊ ကဏ္ဍစုံမှ အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံအသီးသီးတွင် (National Road Safety Council-NRSC) ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်အဆင့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ (National Road Safety Council-NRSC)ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၏၅-၇-၂၀၁၄ ရက်စွဲ ပါစာအမှတ် ၁/၁၇ (သမ္မတရုံး)/၂၀၁၄ (၂၂၆၉)ဖြင့် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အတွင်းရေးမှူး(၁)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်ကအတွင်းရေးမှူး(၂)အဖြစ်လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ အခြားဝန်ကြီးဌာန ဒုတိယဝန်ကြီးများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ကာ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိသော်လည်း ယာဉ်မတော်တဆမှုများ နေ့စဉ်ဖြစ်ပွားလျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် ၂၀၁၄ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုပေါင်း ၁၄၇၈၁ မှု၊ ဒဏ်ရာရရှိသူ ၂၅၀၁၄ ဦးနှင့် သေဆုံးသူ ၄၁၆၃ ဦးရှိသဖြင့် ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုအရေအတွက်အရ တစ်ရက်လျှင် ပျမ်းမျှ ယာဉ်မတော်တဆမှုပေါင်း ၄၀၊ ဒဏ်ရာရရှိသူ ၆၈ ဦး၊ သေဆုံးသူ ၁၁ ဦးခန့်ရှိကြောင်း တွေ့ရှိရပါသည်။ ၂၀၁၅ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုပေါင်း ၁၅၄၀၆ မှု၊ ဒဏ်ရာရရှိသူ ၂၅၆၁၄ ဦးနှင့် သေဆုံးသူ ၄၂၃၃ ဦးရှိသဖြင့် ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုအရေအတွက်အရ တစ်ရက်လျှင်ပျမ်းမျှ ယာဉ်မတော်တဆမှုပေါင်း ၄၂ မှု၊ ဒဏ်ရာရရှိသူ ၇၀ နှင့် သေဆုံးသူ ၁၁ ဦးခန့်ရှိကြောင်း



တွေ့ရှိရပါသည်။ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများအပေါ် နှိုင်းယှဉ်ကြည့်ရာ ၂၀၁၅ ခုနှစ်တွင် ယာဉ်မတော်တဆမှု ၆၂၅ မှု၊ ဒဏ်ရာရရှိသူ ၆၀၀၊ သေဆုံးသူ ၇၀ ပိုမိုဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၁၄ ခုနှစ်အတွင်းဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှု ၁၄၇၈၁ မှုတွင် မော်တော်ဆိုင်ကယ်ကြောင့် ဖြစ်ပွားမှုမှာ ၈၀၁၅ မှုရှိခဲ့၍ ယာဉ်မတော်တဆမှု၏ ၅၄ ဒသမ ၂၃ ရာခိုင်နှုန်း ဖြစ်ပွားခဲ့ကြောင်းတွေ့ရှိရပြီး ၂၀၁၅ ခုနှစ်အတွင်း ယာဉ်မတော်တဆမှု ၁၅၄၀၆ မှုတွင် မော်တော်ဆိုင်ကယ်ကြောင့် ဖြစ်ပွားမှုမှာ ၈၈၀၆ မှုရှိခဲ့၍ ယာဉ်မတော်တဆမှု၏ ၅၇ ဒသမ ၁၆ ရာခိုင်နှုန်း ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါသည်။

အဆိုပါဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများအပေါ်စိစစ်ခဲ့ရာ မြန်မာနိုင်ငံတွင် လူဦးရေတိုးတက်များပြားလာခြင်းနှင့်အတူ ယာဉ်/လမ်းအသုံးပြုသူဦးရေနှင့် ယာဉ်စီးရေမှာတစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခဲ့ခြင်း၊ ယာဉ်စီးရေများထဲတွင် မော်တော်ဆိုင်ကယ်စီးရေ ရာခိုင်နှုန်း ပိုမိုများပြားစွာပါဝင်လာခြင်းတို့ကြောင့် ဒဏ်ရာရ၊ သေဆုံးမှုများတွင် မော်တော်ဆိုင်ကယ်ကြောင့် ဖြစ်ပွားမှု ပိုမိုလာခဲ့သည်ကို တွေ့ရှိရပါသည်။ မော်တော်ဆိုင်ကယ်စီးနင်းသူများ ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးထက်ပိုမိုစီးနင်းခြင်း၊ မနိုင်ဝန်များတင်ဆောင်မောင်းနှင်ခြင်း၊ သတ်မှတ်ယာဉ်ကြောအတိုင်း မောင်းနှင်မှုမရှိခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကောင်းစွာနားလည်မှုမရှိခြင်း၊ စည်းကမ်းလိုက်နာမှု အားနည်းခြင်းတို့ကြောင့် ပိုမိုဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် ၂၀၁၅ ခုနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များတွင် စည်းကမ်းမဲ့ ယာဉ်နှင့်စည်းကမ်းမဲ့လမ်းကူးသူများအား စစ်ဆေးအရေးယူခဲ့ရာ စည်းကမ်းမဲ့ယာဉ် ၂၇၀၆၇၅ စီး၊ ဆိုင်ကယ် ၁၁၉၇၉၉ စီး၊ ထော်လာဂျီ ၁၁၇၃ စီး၊ သုံးဘီး ၅၀၂၀၊ အနေ့ယာဉ် ၅၈၅ စီး စုစုပေါင်း ၃၉၇၂၅၂ စီးနှင့် စည်းကမ်းမဲ့လမ်းကူးသူ ၁၁၄၅၅ ဦးတို့အား အရေးယူဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီး/ ပြည်နယ်များတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးမှု စုစုပေါင်း ၇၀၂၄ ကြိမ် ပြုလုပ်ခဲ့ရာ ကျောင်းသား ကျောင်းသူ ၄၃၄၃၉၈ ဦး၊ ပြည်သူ ၆၀၄၈၄၂ ဦး၊ ယာဉ်မောင်း၊ယာဉ်နောက်လိုက် ၁၆၃၇၇၉ ဦး၊ တပ်ဖွဲ့ဝင်(စစ်သည်) ၂၃၀၃၅ ဦး၊ အနေ့ယာဉ် လုပ်သား ၉၆၉၆ ဦး၊ ဝန်ထမ်း ၁၉၇၇၆ ဦး စုစုပေါင်း ၁၂၅၅၅၂၆ ဦးတို့အား အသိပညာပေးနိုင်ခဲ့ပါသည်။

မော်တော်ယာဉ်ဥပဒေကို ၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၅ ဖြင့် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်၍ ဥပဒေပါအချက်များအား ယာဉ်၊ လမ်းအသုံးပြုသူများအားလုံး သိရှိထားရန်နှင့် လိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။ သို့ပါ၍ ၂၀၁၆ ခုနှစ်အတွင်း ပြည်သူလူထုယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို အဓိကထား၍ အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်သွားရမည်ဖြစ်ပါသည်-

(က) ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်။
(ခ) ဆိုင်ကယ်ကိုနှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုရန်။
(ဂ) ယာဉ်မောင်းသူများ၊ စီးနင်းသူများ ခါးပတ်ပတ်ထားရန်။
(ဃ) အရှိန်ပြင်းမမောင်းရန်။
(င) ဖုန်းပြောပြီးမောင်းနှင်ခြင်းမပြုရန်။
(စ) အရက်သေစာသောက်စားပြီးမောင်းနှင်ခြင်းမပြုရန်။
(ဆ) ယာဉ်ဝန်ပိုတင်မောင်းနှင်ခြင်းမပြုရန်။
(ဇ) ယာဉ်ကြံ့ခိုင်မှုကောင်းမွန်အောင်ဆောင်ရွက်ထားရှိရန်။

ယာဉ်မတော်တဆမှုအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးသူများထဲတွင် အနာဂတ်နိုင်ငံတော်ကို အကျိုးပြုမည့်နိုင်ငံ့ဝန်ထမ်းများ၊ အသိပညာရှင်၊အတတ်ပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ ပါဝင်နေသဖြင့် လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးမှုများ ရင်ဆိုင်တွေ့ကြုံရလျက်ရှိပြီး အိမ်ထောင်စုတစ်စုတွင် ယာဉ်မတော်တဆမှုကြောင့် အိမ်ထောင်ဦးစီးတစ်ယောက် ဒဏ်ရာရ၊ သေဆုံးခြင်းများ ဖြစ်ပါက ၎င်းမိသားစုဘဝရပ်တည်မှုအတွက် အခြေအနေပျက်ပြားပြီး အရွယ်ငယ်သည့် သားသမီးများအလုပ်လုပ်ကိုင်ရခြင်း၊ ကျောင်းနေရွယ်ကလေးများ ကျောင်းမထားနိုင်တော့ခြင်းစသည့် နောက်ဆက်တွဲလူမှုရေးဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထိခိုက်ဒဏ်ရာရသူမှာလည်း ဆေးဝါးကုသရသဖြင့် အချိန်ကုန်၊ငွေကုန်လူပန်းဖြစ်ပြီး မသန်မစွမ်း၊ ဒုက္ခိတဖြစ်သွားနိုင်ပါသည်။ ထို့ကြောင့် ဆိုးကျိုးများဖြစ်စေနိုင်သော ယာဉ်မတော်တဆမှုများ မဖြစ်ပွားရန်အတွက် ပြည်သူလူထုတစ်ရပ်လုံးမှ **“စည်းကမ်းလိုက်နာ ဘေးကင်းကွာ”** ဆိုသည့်ဆောင်ပုဒ်အတိုင်း သတ်မှတ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ လိုက်နာပြီး လမ်းအသုံးပြုသွားလာကြရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးဆောင်ရွက်ပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းပေးခြင်း၊ ဖြစ်ပွားသော ယာဉ်တိုက်မှုများအား စုံစမ်းဖော်ထုတ်၍ တရားစွဲတင်ပို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့သော်လည်း အသုံးပြုသည့် ယာဉ်စီးရေများပြားလာခြင်း၊ လမ်းအသုံးပြုသူများ စည်းကမ်းလိုက်နာမှုအားနည်းခြင်းတို့ကြောင့် ယာဉ်မတော်တဆမှုများ တိုးတက်ဖြစ်ပွားလျက်ရှိသည့်အပေါ် ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် လမ်းအသုံးပြုသွားလာကြသည့် ပြည်သူလူထုအားလုံး တစ်ဦးချင်းကိုယ်စီအသိဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ဥပဒေပြဋ္ဌာန်းချက်ရှိ၍သာ စည်းကမ်းလိုက်နာခြင်း၊ အရေးယူမှသာ စည်းကမ်း လိုက်နာခြင်းမျိုးမဟုတ်ဘဲ မိမိကိုယ်တိုင်က မဖြစ်မနေ လိုက်နာရမည်ဆိုသည့် မှန်ကန်သည့် အသိစိတ်ဓာတ်ဖြင့် လမ်းအသုံးပြုသွားလာခြင်းဖြင့် မိမိကိုယ်တိုင်ရော အခြားသောလမ်းအသုံးပြုသူများကိုပါ ဘေးအန္တရာယ်ကင်းရှင်းစေမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ လမ်းအသုံးပြုသွားလာကြသည့် ပြည်သူလူထု ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် အစိုးရအဖွဲ့အစည်းများ၊ လူထုလူတန်းစားအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍအသီးသီးနှင့် ပြည်သူလူထုတို့မှ ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်မှသာ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ယာဉ်မတော်တဆမှုကြောင့် ပြည်သူတို့၏ အသက်၊ခန္ဓာနှင့် လူမှုစီးပွားဘဝဆုံးရှုံးမှုများ၊ ဒဏ်ရာရရှိမှုများ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ လျော့နည်းကျဆင်းရေးနှင့် လူသားအရင်းအမြစ်ဆုံးရှုံးမှုပြဿနာများ လျော့နည်းကျဆင်းလာစေရေးအတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာလုပ်ငန်းများကို ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ NGO အဖွဲ့အစည်းများနှင့် လမ်းအသုံးပြုသွားလာကြသည့် ပြည်သူလူထုမှ အတူတကွလက်တွဲကာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်လျက်ရှိပါကြောင်း တိုက်တွန်းနှိုးဆော်တင်ပြလိုက်ရပါသည်။ ॥

**မြန်မာနိုင်ငံတွင် လူမှုစီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ အသုံးပြုသည့် ယာဉ်စီးရေတိုးမြင့်လာပြီး ယာဉ်မတော်တဆထိခိုက်မှု အန္တရာယ်သည်လည်း စိုးရိမ်ဖွယ်ရာ မြင့်မားလာနေပါသည် ။ ထို့ကြောင့် ယာဉ် အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်၍ မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်**

ပြည်တွင်းရေးရာ

# ကမ္ဘာ့ကုန်စည်စီးဆင်းမှုကွင်းဆက်တွင် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်များရရှိရေး သုံးပွင့်ဆိုင်ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ကမ္ဘာ့ကုန်စည်စီးဆင်းမှု ကွင်းဆက်တွင် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်များရရှိရေး သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ကနောင်ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် တက်ရောက်လာကြသည့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (CTUM) တို့က တရားမျှတသော ကမ္ဘာ့ကုန်စည်စီးဆင်းမှုကွင်းဆက် (Global Supply Chain) အတွက် မူဝါဒများဖြစ်သည့် ကမ္ဘာ့ကုန်စည်စီးဆင်းမှုကွင်းဆက်တွင် ရှိသော အလုပ်သမားအခွင့်အရေးများ၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ အဓမ္မလုပ်အားစေခိုင်း၍ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ခြင်းမှ တားမြစ်ခြင်းနှင့် လုပ်ငန်းခွင်၌ အခြေခံမူဝါဒများနှင့် အခြေခံအလုပ်သမား အခွင့်အရေးများအား လေးစားရန်တို့အပါအဝင် အချက်ကိုးချက်တို့ကို သုံးပွင့်ဆိုင်ဆွေးနွေးကြသည်။



"အခုလို သုံးပွင့်ဆိုင်ဆွေးနွေးမှုတွေလုပ်တဲ့အတွက် ရှေ့ဆက်လုပ်ရမယ့်လုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်မှုတွေ အများကြီးအားကောင်းလာမှာပါ။ တကယ်တမ်း အလုပ်သမားထုများများနဲ့လုပ်တဲ့ အလုပ်ရှင်ကိုယ်စားလှယ်တွေများများပါဝင်လာရင် ပိုပြီးအောင်မြင်လာမယ်။ နည်းပညာသာမက အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပိုမိုပေါ်ပေါက်လာမှာဖြစ်လို့ နိုင်ငံတော်အတွက်လည်း အများကြီး အကျိုးရှိပါတယ်"ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က အဆိုပါဆွေးနွေးပွဲနှင့် ပတ်သက်၍သူ၏အမြင်ကိုပြောသည်။

ထို့အပြင် ဆွေးနွေးပွဲနှင့်ပတ်သက်၍ (CTUM) ဥက္ကဋ္ဌ ဦးမောင်မောင်က "ပြည်ပနိုင်ငံတွေမှာ International Brand တွေဝင်လာတဲ့အတွက် Local Business တွေပျောက်သွားတာတွေ့ရတယ်။ အခုဆိုရင် နိုင်ငံတကာကုမ္ပဏီကြီးတွေ ပြည်တွင်းကိုဝင်ရောက်လာပြီ။ ပြည်တွင်းကလုပ်ငန်းရှင်နဲ့ အလုပ်သမားတွေကြိုတင်ပြင်ဆင်မထားရင် သူတို့တွေသာအမြတ်ရပြီး ပြည်တွင်းက အလုပ်ရှင်နဲ့အလုပ်သမားတွေအနေနဲ့ ပါးစပ်အဟောင်းသားနဲ့ ကျန်ခဲ့လိမ့်မယ်။ ဒါ့ကြောင့် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ အခုလိုကျင်းပရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါဆွေးနွေးပွဲကို မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (CTUM) က ပထမဆုံးအကြိမ်အဖြစ် ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ပြီး အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်တို့က နှစ်ရက်ကြာ သုံးပွင့်ဆိုင်ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး (ပဏီတ)**

○○○

## ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆားဘီးယားသမ္မတနိုင်ငံ ပထမဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အိုင်ဗစ်ကာ ဒါစစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ဗိုလ်ချုပ်ကြေးရုပ်တုဖွင့်ပွဲများ ကျင်းပ

**ဒေးဒရဲမြို့**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့တွင် (၁၀၁)နှစ်မြောက် ဗိုလ်ချုပ်မွေးနေ့အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းက အမှတ်(၁)ရပ်ကွက် တံတားချဉ်းကပ်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ အုတ်ခုံစင်မြင့်ထက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးကျော်ထင်အောင်က အဖွင့်စကားပြောကြားပြီး ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိကို ဦးစီးကျင်းပရေးကော်မတီမှ ဦးအေးမြင့်ဆွေက ဖတ်ကြားသည်။ အဆိုပါကြေးရုပ်တုနှင့်ပတ်သက်၍ ရငွေ/သုံးငွေစာရင်းရှင်းတမ်းကို ကော်မတီမှ ဦးဌေးလွင်က ရှင်းလင်းပြောကြားပြီး မြို့နယ်သူ မြို့နယ်သားအားလုံးကိုယ်စား ဝမ်းမြောက်ဂုဏ်ပြုစကားကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းက ပြောကြားသည်။ အဆိုပါကြေးရုပ်တုမှာ အမြင့် ၈ ပေနှင့် ကြေးပိဿာချိန် ၂၀၀ ခန့်ရှိကြောင်း သိရသည်။

**(သပြေထွန်း)**

**ညောင်တုန်းမြို့**

အလားတူ ဗိုလ်ချုပ်အောင်ဆန်း (၁၀၁)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် ဂုဏ်ပြုကြေးရုပ်တုစိုက်ထူခြင်း အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းထက်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဗိုလ်ချုပ်ကြေးသွန်းရုပ်တုအား ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ထူးချွန်လူရည်ချွန်ကျောင်းသူ မမေဖုန်းဇော်က ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ရေးအတ္ထုပ္ပတ္တိနှင့်ထင်ရှားသည့် တိုင်းကျိုးပြည်ပြုဆောင်ရွက်ချက်များအား ဖတ်ကြားသည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုနှင့်ပတ်သက်သည့် အကြောင်းအရာများအား ဖြစ်မြောက်ရေးကော်မတီဝင် ဦးခင်မောင်ညိုက ရှင်းလင်းပြောကြားသည်။

အဆိုပါ အမြင့် ၈ ပေ ၅ လက်မ၊ ကြေးပိဿာချိန် ၃၃၀ ရှိ ဗိုလ်ချုပ်ကြေးရုပ်တုကို မြို့ဦးအဝင်မိုးဟုတ်စေတီတော်ကြီးရှေ့ ဗိုလ်ချုပ်လမ်း၊ မြတ်လေးလမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်ရှိ ခုံမြင့်အထက်တွင် စိုက်ထူထားခြင်းဖြစ်သည်။

ထို့ပြင်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၃ ရက်ညတွင် အငြိမ့်ဘဘင်နှင့် စတိတ်ရှိုး၊ မျက်လှည့် စသည့် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## နိုင်ငံခြားသားဧည့်သည်များ စီးနင်းလိုက်ပါလာသောကား ဘက်ထရီငုတ်တိုင်အပူလွန်ကဲရာမှ ကားတစ်စီးလုံးမီးလောင်ကျွမ်း

**ပုသိမ် ဖေဖော်ဝါရီ ၁၄**

ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်က ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရေတာကြီးကျေးရွာအုပ်စုထိပ်အုပ်ကျေးရွာအနီး ပုသိမ်- ရန်ကုန်ကားလမ်း မိုင်တိုင်အမှတ် (၂၇/၆) အနီး၌ နိုင်ငံခြားခရီးသွားဧည့်သည်များ စီးနင်းလိုက်ပါလာသော ယာဉ်တစ်စီးမီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းအရ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ရဲဗလမျိုးဝင်းသည် အချိန်နှင့်တစ်ပြေးညီ ကန်ကြီးထောင့်မြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် မီးသတ်ရေယာဉ်တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ခုနစ်ဦး၊ ဒါးကနယ်မြေမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင် ခုနစ် ဦး၊ ကျောင်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးတင်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ခုနစ်ဦး၊ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် တစ်စီး၊ ကွပ်ကဲရေးယာဉ်တစ်စီးနှင့်အတူ ဒေသခံများ ပူးပေါင်းငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရာ၌ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ က ယာဉ်မောင်း ဦးဘဖန် (၂၇)နှစ် မောင်းနှင်လာသော (5F/------)ALPHARD အဖြူရောင်ယာဉ်သည် ဖိလစ်ပိုင်နိုင်ငံသားတစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသူတစ်ဦး၊ အမေရိကန်နိုင်ငံသူတစ်ဦး၊ ထိုင်းနိုင်ငံသူတစ်ဦး၊ သီရိလင်္ကာနိုင်ငံသူ နှစ်ဦး၊ နိုင်ငံသားတစ်ဦး ပေါင်း ခုနစ်ဦးတို့ စီးနင်းလိုက်ပါ၍ ငွေဆောင်ကမ်းခြေမှ ရန်ကုန်မြို့သို့ အပြန်ခရီး ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ် (၂၇/၆) အနီး၌ ၎င်းတို့စီးနင်းလိုက်ပါလာသော ကား၏ ဘက်ထရီငုတ်တိုင် အပူလွန်ကဲရာမှ ရှော့ဖြစ်ပြီး ကားတစ်စီးလုံး မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် နိုင်ငံခြားသားခရီးသွားဧည့်သည် ခုနစ်ဦးအနက် ထိုင်းနိုင်ငံသူ Ms.Miss Dusanee တစ်ဦးသာ ကြောက်ရွံ့စွာကားပေါ်မှ ခုန်ချသဖြင့် ၎င်း၏ခြေချင်းဝတ်နာကျင် (မစိုးရိမ်ရ) ဒဏ်ရာရရှိပြီး ပုသိမ်မြို့တိုင်းဆေးရုံ၌ တင်ပို့ကုသလျက်ရှိသည်။ အဆိုပါမီးလောင်မှုနှင့် ပတ်သက်၍ ယာဉ်မောင်း ဦးဘဖန်အား ကျောင်းကုန်းမြို့နယ် ရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။

**(ပုသိမ်လှကြည်)**

■■



## အင်းစိန်စော်ဘွားကြီးကုန်း သဇင်လမ်းတွင် မီးလောင်မှုကြောင့် အိမ်ခြောက်လုံး မီးလောင်ကျွမ်းခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**



အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း၊ ထန်းပင်ကုန်းရပ်ကွက်ရှိ သဇင်လမ်းတွင် ယနေ့ ည ၈ နာရီ ၄၃ မိနစ်က လျှပ်စစ်ဝါယာရှော့မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်ခြောက်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ သဇင်လမ်းရှိ ဦးထွန်းထွန်းကျော်၏ နေအိမ်ရှိ သွယ်တန်းထားသော ဟောင်းနွမ်းနေသည့်လျှပ်စစ်ဝါယာကြိုးများ အပူလွန်ကဲ၍ မီးလောင်ရာမှ မီးကြိုးပြတ်ကျကာ အောက်တွင်ရှိသော ဒန်းလော့မွေ့ရာပေါ်သို့မီးကူးဆက် လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

မီးလောင်မှုကြောင့် RC တိုက်တစ်လုံး၊ သွပ်မိုးပျဉ်ကာပျဉ်ခင်း အိမ်နှစ်လုံး၊ ဓနိမိုးထရံကာဝါးခင်း အိမ်သုံးလုံးမီးလောင် ကျွမ်းခဲ့သည်။

မီးလောင်မှုဖြစ်ရာသို့ မြန်မာနိုင်ငံမီးသတ်ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်သူရဦးစီးသော အုပ်ချုပ်မှုယာဉ် ခြောက်စီး၊ မီးသတ်ယာဉ် ၂၅ စီး၊ အထောက်အကူပြုယာဉ် ကိုးစီး၊ မိတ်ဖက်ယာဉ် နှစ်စီးနှင့်အတူ သန္ဓေမီးသတ် ၁၉၆ ဦး၊ အရန်မီးသတ် ၈၇ ဦး၊ ကြက်ခြေနီ ၅၀ နှင့် ရပ်ကွက်ပြည်သူအင်အားဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ည ၉ နာရီတွင် မီးညွှန့်ကျိုးသွားပြီး ၉ နာရီ ၁၀မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဦးထွန်းထွန်းကျော်အား အရေးယူဆောင်ရွက်ထားကြောင်းသိရသည်။

**သတင်း -သန်းထိုက်(လှိုင်သာယာ)**
**ဓာတ်ပုံ-မြင့်ဦး(အင်းစိန်)**

○○○

ပြည်တွင်းရေးရာ

# ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက လေကြောင်းခရီးဖြင့် လားရှိုးမြို့သို့ ရောက်ရှိပြီး တပ်မတော်ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ နမ့်ဆန်မြို့သို့ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့ဝင်များအား နမ့်ဆန်မြို့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး၌ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အတွင်းရေးမှူးက မီးလောင်မှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြို့မဂိုဏ်းချုပ်ဆရာတော်ကျောင်း၌ကျင်းပသည့် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက မီးလောင်ကျွမ်းမှုဖြစ်စဉ်နှင့် ကယ်ဆယ်ရေးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး မီးဘေးသင့်ဒေသခံတစ်ဦးက ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်ချက်များကို တင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိုင်ငံတော်သမ္မတကိုယ်တိုင် မီးလောင်မှုဖြစ်စဉ်ဖြစ်ပွားပြီးနောက် ချက်ချင်းရောက်ရှိလာကာ မီးဘေးသင့်ပြည်သူများ ရှေးဦးကယ်ဆယ်ရေးအတွက် လိုအပ်သည့်စားနပ်ရိက္ခာ၊ အဝတ်အထည်၊ ယာယီနေထိုင်ရန်နေရာများကို ချက်ချင်းဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊



ကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်ရသွားပြီဖြစ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း လုပ်ဆောင်ရာတွင် မြို့ကွက်ကို စနစ်တကျတွက်ချက် အကွက်ချဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ မီးသတ်ကားများ လွယ်ကူစွာသွားလာနိုင်ရေးအတွက် လမ်းအနေအထားများကိုလည်းကောင်း၊ မီးဘေးသင့်ပြည်သူများအတွက် အိမ်ရာကွက်များကိုလည်းကောင်း၊ ဒေသခံပြည်သူများနှင့် အုပ်ချုပ်မှုကော်မတီများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိုးမကျမီပွင့်လင်းရာသီအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆောက်အအုံအတွက် လိုအပ်မည့် သွပ်၊ ဘိလပ်မြေ၊ သံချောင်း အစရှိသည်များကို အလှူရှင်များလှူဒါန်းမှုနှင့် နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းပေးမည့် ဆောက်လုပ်ရေးပစ္စည်းများနှင့် အချိန်မီပြီးစီးအောင် ဝိုင်းဝန်းဆောင်ရွက်ရန်လိုကြောင်း၊ မီးဘေးသင့်ပြည်သူများအတွက် အစားအသောက် သုံးလစာအရန်ထားရှိပြီးဖြစ်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားလုံးတက်ညီလက်ညီဖြင့် ညီညီညွတ်ညွတ်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနက ငွေကျပ်သိန်း ၁၀၀၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက သွပ်၊ သံနှင့် ရွှေတောင်ကုမ္ပဏီလီမိတက်က ဘိလပ်မြေများကို ပေးအပ်လှူဒါန်းရာ မီးဘေးသင့်ပြည်သူတစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မီးလောင်မှုဖြစ်ပွားခဲ့သည့် နမ့်ဆန်မြို့ မင်္ဂလာရပ်ကွက်နှင့် မြို့ဟောင်းရပ်ကွက်နေရာများတွင် မီးလောင်ပြင်ရှင်းလင်းရေး လုပ်ဆောင်နေမှုများနှင့် ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုသည်။

ဆက်လက်၍ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့သွားရောက်ပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ထောက်ပံ့ငွေများပေးအပ်ပြီး မီးဘေးသင့်ပြည်သူများအတွက် မြို့ကွက်တိုးချဲ့နိုင်မည့်နေရာများနှင့် ဘောလုံးကွင်းတည်ဆောက်မည့် မြေနေရာပြင်ဆင်ထားရှိမှုကို ကြည့်ရှုကြသည်။

ဆက်လက်၍ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး၌ မီးဘေးသင့်ပြည်သူများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆပ်ကော်မတီများနှင့်တွေ့ဆုံပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

**(သတင်းစဉ်)**



## နမ့်ဆန်မီးဘေးအတွက် အိမ်ဆောက်ပစ္စည်းများနှင့် ဆန်အိတ်များကို မော်တော်ယာဉ်များဖြင့် ကူညီသယ်ပို့ပေး

**နမ့်ဆန် ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ မင်္ဂလာရပ်ကွက်နှင့် မြို့လယ်ရပ်ကွက်တို့တွင် ဖေဖော်ဝါရီ ၄ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် မီးဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ဌာနဆိုင်ရာအသင်းအဖွဲ့များ၊ ရပ်နီးရပ်ဝေးမှ စေတနာရှင်များက လိုအပ်သည်များကို ယနေ့အထိ အစဉ်မပြတ်လာရောက်လှူဒါန်းကူညီပေးလျက်ရှိကြသည်။

အလားတူပင် အေးရှားဝေါလ်ဖောင်ဒေးရှင်းကလည်း အိမ်ဆောက်ပစ္စည်းများ၊ အစားအစာများ၊ အဝတ်အထည်များနှင့် မီးဘေးသင့်ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်များ၊ ဘောလ်ပင်၊ ခဲတံများနှင့် အလှူငွေများကို ဖေဖော်ဝါရီ ၁၃ ရက်က မော်တော်ယာဉ် ရှစ်စီးဖြင့် သွားရောက်လှူဒါန်းခဲ့သည်။ အဆိုပါလှူဒါန်းသော အိမ်ဆောက်ပစ္စည်းများအပါအဝင် ဆန် ၃၇၈ အိတ်၊ ကုလားပဲ ပိဿာ ၃၀၀၊ ဆီ ၃၀၆ ဘူးနှင့် လူသုံးကုန်ပစ္စည်းများကို နမ့်ဆန်မြို့နယ် ခန်းမအဆောက်အအုံသို့ အေးရှားဝေါလ်ဖောင်ဒေးရှင်းအဖွဲ့ဝင် ဦးမျိုးခိုင်နှင့်ဝန်ထမ်းများက မော်တော်ယာဉ်များဖြင့် ကူညီသယ်ဆောင်ပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ယခုအခါ မီးဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်တော့မည်ဖြစ်၍ အိမ်ဆောက်ပစ္စည်းများဖြစ်စေ၊ ယင်းလုပ်ငန်းအတွက် အလှူငွေဖြစ်စေ အကူအညီများ လိုအပ်နေပါကြောင်းဖြင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်က ပြောကြားသည်။

**(သီပေါကိုလတ်)**

## နမ့်ဆန်မီးဘေးပြန်လည်ထူထောင်ရေးအတွက် အိမ်မိုးသွပ်ပြားများနှင့် အလှူငွေများဆက်လက်လှူဒါန်း

**သီပေါ ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် သီပေါမြို့နယ်နေ ပြည်သူများက အဝတ်အထည်၊ ဆန်၊ ဆေး၊ ဆား၊ ဆေးဝါးနှင့် ထောက်ပံ့ငွေများကို ဖေဖော်ဝါရီ ၅ ရက်မှစတင်၍အဖွဲ့အလိုက်သော်လည်းကောင်း၊ ဌာနဆိုင်ရာအနေဖြင့်သော်လည်းကောင်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် သော်လည်းကောင်း သွားရောက်လှူဒါန်းလျက်ရှိသည်။ စားနပ်ရိက္ခာ၊ အဝတ်အထည်များ လုံလောက်မှုရှိသော်လည်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ငွေသားနှင့် အိမ်ဆောက် အထောက်အကူပစ္စည်းများ လိုအပ်လျက်ရှိသဖြင့် မြို့နယ်တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၏ နှိုးဆော်တိုက်တွန်းမှုများကြောင့် အလှူငွေနှင့် ဆောက်လုပ်ရေး အထောက်အကူပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း သွပ်ပြားစက်ရုံ(သန်လျင်)ကလည်း မီးဘေးသင့်ပြည်သူများ



လူမှုစီးပွားဘဝ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် မီးဘေးသင့်ပြည်သူ အိမ်ထောင်စု ၂၉၆ စုအတွက် အိမ်ထောင်စုတစ်စုလျှင် သွပ်အချပ် ၅၀ နှုန်းဖြင့် စုစုပေါင်း သွပ်ပြား အချပ် ၁၄၀၀၀ ကို နမ့်ဆန်မြို့ မြို့မ ဂိုဏ်းချုပ်ဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းသို့အပ်နှံရာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးမောင်ကျော်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ရပ်ဝေးအလှူရှင်များ အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အလှူငွေများ လှူဒါန်းလိုပါက ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ နမ့်ဆန်မြို့ ဖုန်း ၀၉-၄၇၃၁၄၃၀၀ နှင့် မီးဘေးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးကော်မတီ အတွင်းရေးမှူး ဖုန်း ၀၉-၄၇၃၁၄၂၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## စစ်ဘေးရှောင်တိုင်းရင်းသားများအတွက် သီပေါဒေသခံများ လှူဒါန်း

**သီပေါ ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ ဘုန်းတော်ကြီးကျောင်းများတွင် ရောက်ရှိခိုလှုံနေကြသော စစ်ဘေးရှောင်ပြည်သူများအပေါ် လူသားချင်းစာနာထောက်ထားလျက် သီပေါမြို့နယ်နေ ပြည်သူများနှင့် ဝမ်းမောလူမှုကူညီရေးအသင်းဝင်များက ဖေဖော်ဝါရီ ၁၃ ရက်က ဆေးရုံတက်ရောက်ကုသနေကြသော ဝေဒနာရှင်များအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ထို့နောက် သီပေါမြို့နေ ပြည်သူများကိုယ်စား ဝမ်းမောလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးကျော်စွာက ငွေကျပ် ၂၂ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည်၊ ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာစသည့် ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေကျပ် ကိုးသိန်းကို စစ်ဘေးရှောင်ဒုက္ခသည်များထံပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မီးဘေးသင့်ပြည်သူများအတွက် တပ်မတော်ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်

**ထားဝယ် ဖေဖော်ဝါရီ ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ကျောက်ကာကျေးရွာ (ပင်လယ်ရွာ)တွင် ဖေဖော်ဝါရီ ၁၃ ရက်က ဖြစ်ပွားသော မီးဘေးသင့် ပြည်သူများအတွက် ကယ်ဆယ်ရေး ပစ္စည်းများအား တပ်မတော် ရဟတ်ယာဉ်နှစ်စင်းဖြင့် ပေးပို့လှူဒါန်းခြင်းကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီ မိနစ် ၂၀ တွင် ထားဝယ်မြို့ ထားဝယ်လေဆိပ်၌ ပြုလုပ်ခဲ့သည်။

လှူဒါန်းပစ္စည်းများမှာ ထားဝယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လှူဒါန်းရရှိထားသော စောင်၊ ခြင်ထောင်၊ (ကျား၊ မ)အဝတ်အစားများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ရေသန့်ဘူးများနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ထားဝယ်ခရိုင် ကြက်ခြေနီအသင်းမှ လှူဒါန်းရရှိထားသော မာမားခေါက်ဆွဲ ဖာ ၂၀၊ အဝတ် အထည်မျိုးစုံ အထုပ် ၄၀၀၊ ခေါင်းအုံး အလုံး ၇၀၊ ခြင်ထောင် အလုံး ၆၀ စုစုပေါင်းတန်ဖိုး ကျပ် ၄၄၀၂၀၀၀ ဖြစ်သည်။

အဆိုပါ ပေးပို့လှူဒါန်းခြင်းတွင် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်း/ခရိုင်/မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ထားဝယ်တပ်နယ်မှ အရာရှိစစ်သည် ၅၀၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် ၂၀၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၃၀ တို့က ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# နမ့်ဆန်မီးဘေးသင့်ပြည်သူများအတွက် ပလောင်ဆရာတော် အရှင်ကုဝေရနှင့်အဖွဲ့ ငွေလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ မီးဘေးသင့်အိမ်ထောင်စုဝင်ပြည်သူများထောက်ပံ့ရန်အတွက် ရန်ကုန်ရောက်ပလောင်ဆရာတော် အရှင်ကုဝေရ၊ ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စနှင့် ကုသိုလ်ရှင်များအဖွဲ့သည် ဖေဖော်ဝါရီ ၁၀ ရက်က သွားရောက်ကြရာ နမ့်ဆန်မီးဘေးသင့်ကယ်ဆယ်ရေးစခန်းတည်ရှိရာ ဂိုဏ်းချုပ်ကျောင်းမှ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်နှင့် အဖွဲ့ဝင်များ၊ မီးဘေးသင့်ပြည်သူများက ကြိုဆိုကြပြီး ပလောင်ဆရာတော်နှင့်အဖွဲ့အား ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် ပလောင်ဆရာတော် အရှင်ကုဝေရက မီးဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားကာ ဆရာတော်နှင့်အဖွဲ့က မီးဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၈၀ ကို ပထမအကြိမ် လှူဒါန်းကြသည်။ ဆက်လက်၍ ဆရာတော်များက မီးဘေးသင့်ပြည်သူတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ စီကို လက်ရောက်ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(ထွန်းထွန်း)**

**✻ မြန်မာ-ဂျပန်မှ**

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် သုံးချီစိန်ခေါ်ပွဲ သုံးပွဲနှင့် ငါးချီစိန်ခေါ်ပွဲ ခြောက်ပွဲတို့ယှဉ်ပြိုင်ခဲ့ရာ မြန်မာ-ဂျပန် အဓိကစိန်ခေါ်ပွဲစဉ်အဖြစ် စောဂေါ်မူဒိုနှင့် ရှီမာမူရာနာအိုကီပွဲစဉ်တွင် နှစ်ဦးလုံးအရပ်အမောင်းနှင့် အလုံးအထည်ညီမျှသည်။ သို့သော် စောဂေါ်မူဒိုလက်သီးတွဲလုံးများကြောင့် ပထမအချီမှာပင် နာအိုကီအနားတောင်းလိုက်ရသည်။ ပြန်အတည်တွင် နာအိုကီကို မြန်မာ့ရိုးရာလက်ဝှေ့စည်းကမ်းများအတိုင်း ထိုးသတ်ရန် သတ်မှတ်ထားသော်လည်း စောဂေါ်မူဒိုအား ခြေကိုကိုင်ချုပ်၍ နပန်းသတ်ရန်ကြိုးပမ်းနေသဖြင့် ဒိုင်ချုပ်က မကြာခဏသတိပေးနေရသည်။ ပထမအချီပြီးဆုံးရန် စက္ကန့်ပိုင်းအလိုမှာပင် စောဂေါ်မူဒိုခြေကန်ရိုက်ဖြုတ်ချက်ကြောင့် လဲကျပြီး ပြန်မထောက်နိုင်တော့သဖြင့် ပရိသတ်ထင်သလို ကြာရှည်မယှဉ်နိုင်ဘဲ စောဂေါ်မူဒို ပထမအချီမှာပင် အနိုင်ရခဲ့သည်။

သပြေညို (ဘိလပ်မြေစက်ရုံ)နှင့် ကာနေကိုဒိုင်ကီ(ဂျပန်)တို့ ပွဲစစချင်းတွင် ဒိုင်ကီ ထိုးလုံးထိုးကွက်သာသည်။ ဘက်စုံသုံးထိုးသတ်နိုင်သူအဖြစ် ပရိသတ်သတိပြုမိသည်။ ပထမအချီဒိုင်ကီ၏ ပိရိသေသပ်သော တိုက်စစ်ကြောင့် သပြေညို ထိုးကွက်ပျောက်နေသည်။ ဟာကွက်တွေများနေသည့် သပြေညို ပထမအချီခံစစ်ဖြင့် ပြီးဆုံးခဲ့သော်လည်း ဒုတိယအချီစစချင်းပင် တိုက်စစ်ပုံစံပြောင်းလဲသည်။ စက်လက်သီးဟုတင်စားခံခဲ့ရသော လက်သီးတွဲလုံးများ တရစပ်အသုံးပြုကာ တိုက်ခိုက်လာသဖြင့် ဒိုင်ကီမခံနိုင်တော့ဘဲ လဲကျပြီး အနားတောင်းရသည်။ ဒုတိယအချီပြန်အတည်တွင် သပြေညို၏ လက်သီးတွဲလုံးများကြောင့် လဲကျပြီး ပြန်မထနိုင်တော့သဖြင့် သပြေညိုဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့ သည်။

သပြေအောင်(ဘိလပ်မြေစက်ရုံ)နှင့် နက္ခတ်အောင်(တောင်ကလေး) တို့ပွဲစဉ် စတုတ္ထအချီတွင် နက္ခတ်အောင် ထောက်လက်သီးကြောင့် သပြေအောင် လဲကျပြီး အနားတောင်းလိုက်ရသည်။ ပြန်အတည်တွင်လည်း နက္ခတ်အောင်ပင် အနိုင်ရခဲ့သည်။ ထွန်းလွင်မိုး(နဂါးမာန်)နှင့် စောဒါဝိတ်(တောင်ကလေး) တို့ပွဲစဉ် ပထမအချီမှာပင် ထွန်းလွင်မိုး ထောက်လက်သီးကြောင့် စောဒါဝိတ် နဖူးထိပြီး သွေးများဖြာကျလာသည်။ သို့သော်ငယ်ရွယ်သူများပီပီ ဇွဲမလျှော့။ တတိယအချီတွင် သွေးများပိုကျလာသဖြင့် ဆရာဝန်၏ ခွင့်ပြုချက်မရ၍ တတိယအချီမှာပင် ထွန်းလွင်မိုးအနိုင်ရခဲ့သည်။ စောထူးဇော်(ဒို့ရိုးရာ)နှင့် မြလင်းအောင်(ရွှေကုက္ကိုလ်)တို့ပွဲစဉ် ပထမအချီမှာပင် စောထူးဇော်အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ စောမင်းအောင်(တောင်ကလေး)နှင့် စောအယ်လေး (ရွှေကုက္ကိုလ်) တို့ပွဲစဉ်တွင် စောမင်းအောင် ဘယ်ဝိုက်ခြေကန်ချက်ကြောင့် စောအယ်လေး နားထင်ထိမှန်၍ လဲကျပြီး စောမင်းအောင် အနိုင်ရခဲ့သည်။

ပြည်တွင်းအထူးစိန်ခေါ်ပွဲ သမ္မာရင့်ချန်ပီယံဟောင်းများဖြစ်သည့် ဝင်းထွန်း (T&T) နှင့် သူရရဲအောင် (မန္တလေး) တို့ပွဲစဉ်များလည်း သရေရလဒ်ဖြင့်သာ အဆုံးသတ်ခဲ့သည်။ မျိုးဆက်သစ်ပွဲစဉ်နှစ်ပွဲ သရေကျခဲ့သော်လည်း ဖိုက်တာ (အဖြူရောင်သွေးသစ်)နှင့် အံ့ဘွားပွဲစဉ်များသည် လက်ဝှေ့ပရိသတ်အကြိုက်ဖြစ်ခဲ့သည်။

အဆိုပါလက်ဝှေ့စိန်ခေါ်ပွဲများကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူး၍ MPT ၏ကူညီမှုဖြင့် Myanmar Media Management နှင့် Naing Moe Entertainment တို့ ပူးပေါင်းစီစဉ်ခဲ့ခြင်းဖြစ်သည်။

# လပွတ္တာမြို့နယ်တွင် လျှပ်စစ်ဓာတ်အားအမြန်ရရှိရေး ဆောင်ရွက်လျက်ရှိ

**ပုသိမ် ဖေဖော်ဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်း ဖေဖော်ဝါရီ ၄ ရက် ည ၈ နာရီ မိနစ် ၂၀ က မီးလောင်မှုဖြစ်ပွားရာ အိမ်ခြေ ၁၇၉ လုံး၊ ဆိုင်ခန်း ၂၀ မီးလောင်ရာတွင် ပျက်စီးဆုံးရှုံးခဲ့ရာ လျှပ်စစ်ဝန်ထမ်းများက မီးလောင်ရာတွင် ပါဝင်သော ၄၀၀ ဗို့ဓာတ်အားလိုင်းပစ္စည်းများနှင့် လောင်ကျွမ်းအိမ်သုံးမီတာများအား ဖြုတ်သိမ်း၍ စနစ်တကျမှတ်တမ်းတင် သိမ်းဆည်းခဲ့သည်။ အဆိုပါ မီးလောင်ရာနေရာသို့ ဖေဖော်ဝါရီ ၅ ရက်တွင် တိုင်းဒေသကြီး လျှပ်စစ် အင်ဂျင်နီယာ ဦးအောင်သန်းက မီးလောင်မှုကြောင့် ဓာတ်အားလိုင်းနှင့် အိမ်သုံးမီတာများ ပျက်စီးဆုံးရှုံးမှုအခြေအနေတို့အား စစ်ဆေး၍ ဓာတ်အားအမြန်ပြန်လည်ရရှိရေးအတွက် (၄)ရပ်ကွက် ဆိပ်ကမ်းသာလမ်းတွင် ဓာတ်အားလိုင်း တည်ဆောက်နေမှုအခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးပြီး မီးလောင်ခဲ့ခြင်းကြောင့် ဓာတ်အားပေးနိုင်ခြင်းမရှိသေးသော ရပ်ကွက်များအား ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ရေးနှင့် မီးလောင်ခဲ့သော နေအိမ်များအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း လျှပ်စစ်ဓာတ်အားပေးနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန် လိုအပ်သော ပစ္စည်း၊ လူအင်အားတို့အား စီစဉ်ဆောင်ရွက်ပေးခဲ့သည်။



လျှပ်စစ်ဝန်ကြီးဌာနအနေဖြင့် ပြည်သူများအား လျှပ်စစ်ဓာတ်အားလိုင်း အပြည့်အဝရရှိရေး၊ လျှပ်စစ်ဓာတ်အား ဆုံးရှုံးမှုမရှိစေရေး၊ လျှပ်စစ်ဓာတ်အန္တရာယ်ကင်းရှင်းရေးကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် မီးလောင်ဆုံးရှုံးခဲ့သော ရပ်ကွက်များတွင်လည်း လျှပ်စစ်ဓာတ်အားအမြန်ဆုံး ပြန်လည်သုံးစွဲနိုင်ရေးအတွက် လျှပ်စစ်ဝန်ထမ်းများအနေဖြင့် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ မီးလောင်နေစဉ်အတွင်း ပတ်ဝန်းကျင်အဆောက်အအုံများရှိ အိမ်သုံးမီတာ ၃၈ လုံးကို ဖြုတ်ယူသိမ်းဆည်းနိုင်ခဲ့သည်။ မီးလောင်ရာတွင် ပါဝင်သွားသည့် အိမ်များမှအပ ကျန်သည့်ရပ်ကွက် (၁၊ ၄၊ ၅) တို့ရှိ အိမ်များအား လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆားဗစ်ကြိုးများ ရှင်းလင်းခြင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်းများရှင်းလင်းခြင်း၊ အိမ်သုံးမီတာများအား စစ်ဆေးခဲ့ပြီး ပြည်သူများလျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့ရာ ယခုအခါတွင် ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ ထို့နောက် တိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်းက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဝန်ထမ်းအိမ်ရာနှင့် ၆၆/၁၁ ကေဗွီ (၂×၅)အမ်ဗွီအေ ဓာတ်အားခွဲရုံတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

# ခြေတု လက်တုများကို အခမဲ့တပ်ဆင်ပေး

**လွိုင်ကော် ဖေဖော်ဝါရီ ၁၄**

ကယားပြည်နယ် လွိုင်ကော်မြို့ ကြက်ခြေနီရုံး၌ ယမန်နေ့ နံနက် ၉ နာရီက မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့ လုပ်ငန်းပူးပေါင်းဆောင်ရွက်သည့် ဘားအံခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာန၏ နယ်လှည့်ခြေတုပြုပြင်ရေးအဖွဲ့က ကယားပြည်နယ်အတွင်းရှိ ခြေတုတပ်ဆင်ထားသူများ အသုံးပြုနေသည့် ခြေတုအဟောင်း၊ လက်ထောက်များ၊ အားပြုကိရိယာများအား အသေးစားပြုပြင်ခြင်း၊ လဲလှယ်ခြင်းများကို လာရောက်ဆောင်ရွက်ပေးပြီး လူသစ်များကို လိုအပ်သည်များစစ်ဆေးပေးပြီး ဌာနသို့လာရောက်ရန် ရက်ချိန်းများပေးခြင်း၊ အကြီးစားပြင်ဆင်မှုများနှင့် အသစ်လဲလှယ်ရန်လိုအပ်သူများကို ဌာနသို့ ပြန်လည်လမ်းညွှန်ပို့ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

◆ **သွေးချင်းများမှ**
အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာသည် ၁၁၇ ဧက အကျယ်အဝန်းရှိပြီး ပြည်တွင်း ပြည်ပခရီးသွားများ၊ တိုင်းရင်းသားများဖြင့် စည်ကားလျက် ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီမှာရှိတဲ့ အရုပ်တွေကိုလည်း ပြုပြင်စရာရှိတာတွေ ပြုပြင်နေပါတယ်။ နောက်ထပ်လည်း လုပ်ပေးနေပါတယ်။ အခုလောလောဆယ်မှာ (e-bicycle) လျှပ်စစ်စက်ဘီးကို စမ်းသပ်ပြီး ငှားရမ်းနေပါတယ်။ နှုန်းထားကတော့ တစ်နာရီ ကျပ် ၁၀၀၀ ပါ။ ဒါ့အပြင် Food center တွေမှာလည်း တိုင်းရင်းသားလူမျိုးစုတွေရဲ့ အစားအစာတွေကို ရောင်းချနိုင်အောင် စီစဉ်နေပါတယ်။ အပတ်စဉ် တနင်္ဂနွေနေ့တိုင်းမှာလည်း တိုင်းရင်းသားရိုးရာအကတွေနဲ့ ဖျော်ဖြေပေးနေပါတယ်။ လမုတောမှာ လမုပင်တွေ ထပ်စိုက်ပါမယ်။ တစ်နှစ်ပတ်လုံး ပြည်တွင်း ပြည်ပ အပန်းဖြေလေ့လာနေသူတွေကတော့ လာရောက်လည်ပတ်နေကြတာပါပဲ" ဟု ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှ တာဝန်ခံဒုတိယညွှန်ကြားရေးမှူး ဦးဇော်မိုးက ပြောသည်။

"အရင်ကဆိုရင် အသက်(၁၀)နှစ်အောက် ကလေးတွေကို ဝင်ကြေးတစ်ယောက်ကို ကျပ် ၂၀၀ ကောက်ပါတယ်။ အခု မကောက်တော့ပါဘူး။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလထဲက မကောက်တော့တာပါ။ လက်ရှိမှာတော့ ဝင်ကြေးအနေနဲ့ တစ်ယောက်ကို ကျပ် ၅၀၀၊ နိုင်ငံခြားသားဆိုရင် မြန်မာငွေနဲ့ တစ်ယောက်ကို ကျပ် ၃၀၀၀ ကောက်ပါတယ်။ ပြည်ပအဝင်ကတော့ ကိုရီးယားနိုင်ငံက အဝင်များပါတယ်။ ဒီထဲမှာ လည်ပတ်မယ်ဆိုရင် ဘာဂီကားနဲ့ ရွာတစ်ပတ်ကို ကျပ် ၅၀၀၊ မြင်းလှည်းနဲ့ဆိုရင် ကျပ် ၁၀၀၀၀၊ စက်ဘီးဆိုင်ကယ်နဲ့ ဆိုရင်တစ်နာရီ ကျပ် ၁၀၀၀ ကျပါတယ်။ ကိုယ့်စက်ဘီးနဲ့ ကိုယ်လာရင်လည်း ရပါတယ်။ စက်ဘီးကြေး ကျပ် ၂၀၀ ကောက်ပါတယ်"ဟု ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှ လက်ထောက် ညွှန်ကြားရေးမှူးဒေါ်သဇင်က ဆိုသည်။

လက်ရှိတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် တိုင်းရင်းသားလူမျိုးများ၏ လူမျိုးအလိုက်နေထိုင်ကြသည့် ဗမာရွာ၊ ရခိုင်ရွာ၊ ကရင်ရွာ၊ မွန်ရွာ၊ ချင်းရွာ၊ ကချင်ရွာ၊ ရှမ်းရွာ၊ ကယားရွာများတွင် လူမျိုးအလိုက် နေထိုင်သည့် နေအိမ်များ၊ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များရှိနေပြီး ဒေသထွက်ပစ္စည်းများကိုလည်း တွေ့မြင်နိုင်သည်။ နေအိမ်နှင့်အရောင်းဆိုင်များတွင် နေထိုင် ရောင်းချနေသူများမှာလည်း ရှမ်းဆိုပါက ရှမ်းလူမျိုးများ၊ ကယားဆိုပါက ကယားလူမျိုးများစသဖြင့် နေထိုင် ရောင်းချနေခြင်းဖြစ်ရာ လူမျိုးတို့၏ အနေအထိုင် ဓလေ့စရိုက်နှင့် အခြားသောဗဟုသုတများကို လေ့လာခံစားနိုင်ကြောင်း သိရသည်။

ထို့ပြင် ဒေသများ၏ အထင်ကရဖြစ်နေသော ချင်းပြည်နယ်ရှိ ရိဒ်ရေကန် (အသဲပုံ)၊ စစ်ကိုင်းရှိ မင်းကွန်းခေါင်းလောင်း (ကမ္ဘာ၌တတိယအကြီးဆုံး)၊ ကချင်ပြည်နယ်ရှိ ခါကာဘိုရာဇီတောင်၊ ရှမ်းပြည်နယ်ရှိ အင်းလေးကန်၊ ကယားပြည်နယ်ရှိ တောင်ကွဲစေတီ၊ ကရင်ပြည်နယ်ရှိ ဇွဲကပင်တောင်၊ မွန်ပြည်နယ်ရှိ ကျိုက်ထီးရိုးစေတီ၊ ရခိုင်ပြည်နယ်ရှိ ထုက္ကန်သိမ်စသည့် အထင်ကရနေရာများနှင့်အခြားသော အထင်ကရနေရာများကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။ ယင်းအပြင် မိကျောင်း၊ သမင်၊ ဘဲ၊ ဘဲငန်း၊ ယုန်၊ ကြက်တူရွေးနှင့် အခြားသော တိရစ္ဆာန်များစွာကိုလည်း ထားရှိပြသထားပြီး အမှတ်တရ ပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များလည်းရှိပြီး နန်းမြင့်မျှော်စင်ပေါ်မှ ရန်ကုန်မြို့၏ အလှအပများ၊ မြစ်ချောင်းများ၏ အလှအပများ၊ သံလျင်တံတားကြီး၏ အလှအပရှုခင်းများကိုလည်း ကြည့်ရှုခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ဇာညီမြင့်)**



# (၁၄)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ

**မန္တလေး ဖေဖော်ဝါရီ ၁၄**

(၁၄)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မန္တလေးကန်တော်ကြီးလူထုအပန်းဖြေဥယျာဉ် ဆုပေးမဏ္ဍပ်၌ ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မောင်း တက်ရောက်အမှာစကားပြောကြားပြီး ဆုချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ဆုချီးမြှင့်ရေးဆပ်ကော်မတီဥက္ကဋ္ဌ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်ဦးက ဆုရွေးချယ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန် ဦးအောင်မောင်း၊ ဒုတိယမြို့တော်ဝန် ဦးညွန့်မောင်တို့က ဝန်ကြီးဌာန ပြခန်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ မြို့တော်စည်ပင်အတွင်းရေးမှူးက ပုဂ္ဂလိကပြခန်းခြောက်ခန်းနှင့် ပန်းပညာရှင်များအဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ အကြံပေးအဖွဲ့ဒုတိယခေါင်းဆောင် ဦးကျော်ဝင်းက ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲအဖွဲ့ဝင်ဦးအောင်သိန်းက အရွက်အလှပြိုင်ပွဲတို့တွင် ဆုရရှိသူများအားလည်းကောင်း၊ ပြည်တွင်းသစ်ခွပြိုင်ပွဲ၊ ပြည်ပသစ်ခွပြိုင်ပွဲ (ကတ်တလီးယား၊ စင်ဘီးဒီးယမ်း၊ ဗင်ဒါ)၊ နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ၊ ရာသီပန်းအလှပြိုင်ပွဲ၊ ရှားတောင်းပင်၊ သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ၊ အသီးပါအလှပင်ပြိုင်ပွဲ၊ အရွက်ပြိုင်ပွဲ၊ အလုံးလိုက်ပြိုင်ပွဲ၊ သစ်သီးဝလံ အခိုင်လိုက်ပြိုင်ပွဲ၊ သစ်သီးဝလံဥပြိုင်ပွဲ၊ အသီးအနှံအတွဲလိုက်ပြိုင်ပွဲ၊ သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ အသီးသီးတို့၌ ဆုရရှိကြသူများအား ဒုတိယမြို့တော်ဝင် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး၊ မြို့တော်စည်ပင် အတွင်းရေးမှူးနှင့် ကော်မတီဝင်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် (၁၄)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ တံခွန်စိုက်ဆုရရှိသူ ဦးခင်မောင်ဌေး (ဂန္ဓမာ)အား ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက်ဆုဖလားကို မန္တလေးမြို့တော်ဝန်က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်း)**



✱ **ရွှေဖုံးမှ**
မန္တလေးမြို့တော်သည် နိုင်ငံတကာ အဆင့်မီဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် အဆိုပါစီမံကိန်းအားဆောင်ရွက်ခြင်း ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေး လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးသန်းဝင်း(မန်းမြန်မာ)က တောင်သမန်အစိမ်းရောင်မြို့တော်စီမံကိန်းအတွက်ဒေသခံများနှင့် ဒုတိယအကြိမ်တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ ဒီစီမံကိန်း ဆောင်ရွက်နိုင်ဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြထားပါတယ်။ နောက်ပြီးဒေသခံတွေနဲ့ တွေ့ဆုံသဘောတူညီမှုအရ ပူးပေါင်းဆောင်ရွက်သွားမှာပါ။ ဒီစီမံကိန်း ဆောင်ရွက်စဉ်ကာလမှာလည်း ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိမယ့်အပြင် ဆောက်လုပ်ရေးလုပ်ငန်းနဲ့ပတ်သက်တဲ့ နည်းပညာရပ်တွေကိုလည်း သူတို့ကိုသင်ကြားပေးသွားမှာဖြစ်ပါတယ်။ စီမံကိန်းပြီးစီးတဲ့ကာလတွေမှာလည်း သူတို့အတွက်အလုပ်အကိုင်တွေပေးသွားမှာပါ"ဟု ၎င်းကပြောသည်။

ယင်းစီမံကိန်းပြီးစီးပါက တောင်သမန်အင်းပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်လာမည်ဖြစ်ပြီး ဒေသခံများမှာ မြို့အင်္ဂါရပ်နှင့်အညီ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည် ဖြစ်ကြောင်း၊ Tourism Base ကို အခြေပြုထားသည့် စီမံကိန်းဖြစ်သောကြောင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဒေသခံများက သဘောတူညီကြောင်း သိရသည်။

"တစ်ချိန်က လမ်းပန်းဆက်သွယ်ရေး မကောင်းလို့ ကျွန်းလေးသဖွယ်ဖြစ်နေပြီး လူသိနည်းပေမယ့် တောင်သမန်အင်းနဲ့ ဦးပိန်တံတားက အားလုံးကို ဖိတ်ခေါ်ပြီး လူသိများစေခဲ့ပါတယ်။ ဒေသခံတွေရဲ့အကျိုးကို ဆောင်ရွက်ပေးမယ်ဆိုတဲ့အတွက် ကျွန်တော်တို့ကလည်း ပူးပေါင်းပြီးအောင်မြင်အောင်ဆောင်ရွက်သွားပါ့မယ်။ မြို့မကျတောမကျနေရာကနေ မြို့အဖြစ်တည်ရှိဖြစ်ပေါ်ပြီး ဒေသခံတွေရဲ့လူနေမှုစနစ်တွေ မြင့်မားသွားမယ်လို့ မျှော်လင့်ပါတယ်။ ဒီစီမံကိန်းဆောင်ရွက်မယ်ဆိုရင် တောင်သမန်အင်းနဲ့ အင်းရေစီးဆင်းမှုအပိုင်းကို အဓိကလုပ်ဆောင်သွားစေချင်တယ်။ ဒါမှသာ တောင်သမန်နဲ့ ဦးပိန်တံတားဟာ အရင်လို သုံးပန်လှဆိုတာကို ပြန်ရောက်သွားမှာပါ"ဟု ထန်းတောကျေးရွာမှ ဦးခွေးကပြောသည်။

အဆိုပါစီမံကိန်းကို တောင်သမန်ကျေးရွာအုပ်စုရှိ တောင်သမန်၊ ထန်းတော၊ ဆီမီးထွန်းနှင့် အိုးဘိုစသည့်ကျေးရွာများတွင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းစီမံကိန်းဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြထားကာ စီမံကိန်းအတွက် မြေဧက ၃၀ ကို အသုံးပြုသွားရန်လျာထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ညောင်တုန်းမြို့၌ စာမေးပွဲဆိုင်ရာလုပ်ငန်းများ ရှင်းလင်း

**ညောင်တုန်း ဖေဖော်ဝါရီ ၁၄**

ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၀ ရက်အထိ ပြုလုပ်မည့် စတုတ္ထတန်း၊ အဋ္ဌမတန်း စာမေးပွဲများအတွက် ကြီးကြပ်ရေးမှူးနှင့် လ/ထ ကြီးကြပ်ရေးမှူးများ၊ ဆောင်ရွက်ရမည့် စာမေးပွဲဆိုင်ရာ လုပ်ငန်းများ ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၂ နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းလှိုင်ပညာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုက စာမေးပွဲဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ တိကျစွာလိုက်နာရေး၊ ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများ၏ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မအူပင်ခရိုင်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးဝင်းထွန်းက စာမေးပွဲများ အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေး၊ စာမေးပွဲကာလအတွင်း စာဖြေခန်းများ မီးဘေးအန္တရာယ်လုံခြုံရေး အထူးအလေးထားရှိရေးနှင့် စာမေးပွဲဆိုင်ရာလုပ်ငန်းများအား မှာကြားခဲ့သည်။

ထို့နောက် ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်အောင်က စာမေးပွဲဆိုင်ရာ စည်းကမ်းများနှင့်အညီ စာမေးပွဲ အချိန်စာရင်းများအတိုင်း တိကျစွာဆောင်ရွက်ရေး၊ မေးခွန်းများ မှားယွင်းစွာမဖောက်မိရေး၊ ပျက်ကွက်စာရင်းများ မှန်ကန်ရေးစသည့် စာမေးပွဲဆိုင်ရာ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် မြို့နယ် ပညာရေးမှူး ဒေါ်ချိုချိုက စတုတ္ထတန်းနှင့် အဋ္ဌမတန်း စာမေးပွဲများ အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် ဆရာ ဆရာမများက ဝိုင်းဝန်း လုပ်ဆောင်ပေးကြရန် အသေးစိတ် ပြောကြားကြောင်း သိရသည်။

**(ထွန်းကျော်)**

# ဦးပိန်တံတားသို့စင်ကာပူမှBMW ဆိုင်ကယ်များဖြင့်ခရီးသွားဧည့်သည်များ လာရောက်လေ့လာ

**မန္တလေး ဖေဖော်ဝါရီ ၁၄**

ခရီးသွားဝန်ဆောင်မှုလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရရှိသော လုပ်ငန်းတစ်ခုပင်ဖြစ်သည်။ ဝင်ငွေကောင်းစွာရရှိစေသည့်အတွက် မီးခိုးမထွက်သည့်စက်ရုံဟုပင် တင်စားထားသည်။ မြန်မာနိုင်ငံတွင် ၁၉၉၆ မှစတင်ကာ နိုင်ငံခြားသားခရီးသည်ဝန်ဆောင်မှုလုပ်ငန်းသည် အားကောင်းလာခဲ့သည်။ ခရီးသွားဧည့်သည်တို့ လာရောက်လည်ပတ်သောနှုန်းများတွင် သမားရိုးကျအနေဖြင့် စက်တင်ဘာလမှစကာဧပြီလအထိ ခရီးသွားရာသီဟု သတ်မှတ်ထားသည်။ မေလမှစကာဇူလိုင်လအထိ ခရီးသည်ပါးသွားသည်။ ဩဂုတ်လဆန်းပိုင်းမှစကာ ဒေသအခေါ် စပိန်ရာသီအဖြစ်ခေါ်ဝေါ်ကြသည်။

လက်ရှိကာလဖြစ်သည့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ခရီးသွားဧည့်သည်များစွာ ဝင်ရောက်လာခဲ့သည်။ အပျော်စီးသင်္ဘောများဖြင့် ဝင်ရောက်တတ်သလို ဆိုင်ကယ်များ၊ ကားများဖြင့်တိုက်ရိုက်လည်ပတ်ရန် ရောက်ရှိလာသောခရီးသွားဧည့်သည်များလည်းရှိသည်။ နာမည်ကျော်သစ်သားတံတားကြီးဖြစ်သော ဦးပိန်တံတားသို့ အုပ်စုလိုက်ကားများဖြင့်တိုက်ရိုက်လာရောက်လည်ပတ်သည့် နိုင်ငံတကာခရီးသွားဧည့်သည်များ၊ ဆိုင်ကယ်များဖြင့်လာရောက်လည်ပတ်သော ခရီးသွားဧည့်သည်များကို မကြာခဏတွေ့ရသည်။

ယခုအခါ ပွင့်လင်းရာသီတွင် ဦးပိန်တံတား၌ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိသည်။ စင်ကာပူမှBMW ဆိုင်ကယ်များဖြင့် တိုက်ရိုက်လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များကို တွေ့ရသည်။ ဧည့်သည်များမှာ ဦးပိန်တံတားနှင့် တောင်သမန်အင်းအလှကိုကြည့်ရှုလေ့လာကာ ဆိုင်ကယ်များဖြင့် အမှတ်တရဓာတ်ပုံရိုက်ခြင်းများလည်း ပြုလုပ်ကြပြီး မြန်မာနိုင်ငံ၏သဘာဝအလှတရားများကို အထူးစိတ်ဝင်စားကြောင်း သိရသည်။

**(တိမ်တမန်)**





# ငွေဆောင်ကမ်းခြေတွင် အပန်းဖြေကြသည့် ခရီးသွားများဖြင့်အထူးစည်ကား၍ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများပွင့်လန်းလာ

**ငွေဆောင် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ထင်ရှားသည့်ကမ်းခြေဖြစ်သည့် ငွေဆောင်ကမ်းခြေတွင် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) မှစ၍ လာရောက်အပန်းဖြေကြသော ခရီးသွားဧည့်သည်များ အထူးစည်ကားလျက်ရှိသည်။

ငွေဆောင်ကမ်းခြေရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာ တည်းခိုခန်း ၄၀ တို့၏ အခန်းများအားလုံးတို့တွင် ခရီးသွားဧည့်သည်များ ပြည့်လျက်ရှိပြီး တစ်ရက်ဝင်ရောက်သည့် ပြည်တွင်း ပြည်ပဧည့်သည် ၃၅၀၀ ကျော်ရှိမည်ဟု ခန့်မှန်းရကြောင်း သိရသည်။

ယခုကဲ့သို့ ခရီးသွားဧည့်သည်များ စည်ကားလျက်ရှိသဖြင့် ဒေသတွင်းရှိ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ကမ်းခြေရှိဈေးဆိုင်ခန်းများ၊ ငါးကင်၊ ပုစွန်ကင်နှင့် အုန်းရေ ရောင်းချသည့် လမ်းလျှောက်ဈေးသည်များ ဝင်ငွေတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ငွေဆောင်ရုံးခွဲ တာဝန်ခံ ဦးစီးအရာရှိ ဦးစိုးဝင်းထံမှ သိရသည်။

**မူမူ(ပြန်/ဆက်)**

# ပါဒနက်သန် စက်တော်ရာစေတီဝင်းအတွင်း သစ်ထွင်းလှေကြီးတစ်စင်း ထိန်းသိမ်းပြသထား

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၄**

ကျောက်ဆူးတစ်ခု ပါဝင်သော အလျား ၇၈ ပေ၊ အနံ ရှစ်ပေ လေးလက်မ၊ စောက်အနက်သုံးပေ၊ တကူအလုံးရေပေါင်း ၁၅ လုံးဖြင့် ဖွဲ့စည်းထားသည့် သစ်ထွင်းလှေကြီးတစ်စင်းကို ရှေးမင်းဧကရာဇ်တို့၏ သမိုင်းဝင်ခရီးစဉ်များတွင် လိုအပ်သလို အသုံးပြုခဲ့သည့် "နန်းသုံးယာဉ်လှေတော်" ဟု မှတ်တမ်းတင်ထားရှိပြီး စစ်ကိုင်းမြို့ မင်းကွန်းရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သမိုင်းဝင်လေးဌာနနယ် ပါဒနက်သန် စက်တော်ရာစေတီဝင်းအတွင်း အများပြည်သူများလေ့လာနိုင်ရန် ထိန်းသိမ်းပြသထားသည်။

အဆိုပါလှေကြီးကို မင်းကွန်းဒေသ သမိုင်းဝင်လေးဌာနနယ် ဧရာဝတီမြစ်ဖောင်တော်သီဆိပ်ကမ်း၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်က မြစ်ကမ်းပါးပြိုကျရာမှ တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီ ၂၉ ရက်တွင် စတင်တူးဖော်ခဲ့ရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် မွန်းတည့် ၁၂ နာရီတွင် လှေကြီး၏ ပုံသဏ္ဌာန်ကို ပီပီပြင်ပြင်တွေ့မြင်ခွင့်ရရှိခဲ့သည်။ လှေကြီးမှာ ရေမနေ သစ်လုံးကြီးတစ်လုံးကိုထွင်း၍ဖန်တီးထားသော သစ်ထွင်းလှေကြီးဖြစ်သည်။

"မန္တလေးရှေးဟောင်းသုတေသနကလည်း လာကြည့်တယ်။ မင်းတုန်းမင်းလက်ထက်က အသုံးပြုခဲ့တဲ့လှေ၊ ထီးသုံး၊ နန်းသုံးလှေလို့ အတည်ပြုပြောသွားတယ်။ တူးဖော်ရင် ငွေကုန်ကြေးကျလည်းများနိုင်တယ်ဆိုတာ သိပေမယ့် ဘုရားနားမှာလာပေါ်တာလည်းဖြစ်တယ်။ ဘုရားဖူးတွေကိုလည်း ထူးခြားမှုတွေရှိနေတဲ့ ရှေးဟောင်းအမွေအနှစ်တစ်ခုကို လေ့လာစေချင်တယ်ဆိုတဲ့ အချက်တွေကြောင့် လေးမျက်နှာဘုရား ဂေါပကအဖွဲ့နဲ့ ဆရာတော်ကြီးတွေ တိုင်ပင်ပြီး ငွေကျပ်သိန်း ၅၀ အကုန်အကျခံ တူးဖော်ခဲ့ပါတယ်။ ဘုရားပရိဝုဏ်အတွင်းမှာပဲ လှေတင်ဖို့ အုတ်ခုံတိုင်တွေပြုလုပ်ပြီး အမိုးအောက်မှာ ထိန်းသိမ်းထားပါတယ်" ဟု အင်းဝ-ညောင်ရမ်း သာသနာပြု အဖွဲ့ခေါင်းဆောင် ဦးညိုထွန်းက ပြောသည်။

အဆိုပါလှေကြီးကို ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် နာယကဆရာတော်တစ်ပါးလည်းဖြစ်၊ မလွန်ဆံတော်အသင်း၏ ဓမ္မကထိကလည်းဖြစ်ပြီး စစ်ကိုင်း မြို့ အုပ်ချုပ်မှု သံဃနာယကတစ်ပါးဖြစ်သူ ဆရာတော် ဦးနန္ဒိမာဓိပတိနှင့် တပည့်ဒါယကာ၊ ဒါယိကာမတို့က ဦးဆောင်ကာ ထိန်းသိမ်းထားသည်။

သစ်ထွင်းလှေကြီးကြောင့် မြန်မာ့သစ်၏ ကြီးမားခံ့ညားခိုင်မာမှုကို ကမ္ဘာ့သုတေသီတို့ မှတ်တမ်းပြုနိုင်ခြင်း၊ ကမ္ဘာပေါ်တွင် အကြီးမားဆုံးနှင့် အရှည်လျားဆုံး သစ်ထွင်းလှေအမျိုးအစားဖြစ်ခြင်း၊ မင်းကွန်းဒေသ၌ မင်းအစဉ်အဆက်တို့၏ လှေအပေါ် မြတ်နိုးတန်ဖိုးထားမှုကို တွေ့မြင်နိုင်ခြင်းစသည့် သမိုင်းအချက်အလက်များကို သိမြင်နိုင်မည်ဖြစ်သည်။ ထိန်းသိမ်းထားသည့် နန်းသုံးလှေတော်ကြီးကို ရေနှင့်လှေတို့၏ သဘာဝအရ အေးချမ်းအောင်မြင်မှုကို ပေးစွမ်းနိုင်သည့် နိမိတ်ကောင်းကိုယူ၍ မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းသာယာမှုကို ဆောင်ကြဉ်းလာသည်ဟု မင်းကွန်းဒေသခံများက ယုံကြည်နေကြသည်။

"လှေနှင့်ပတ်သက်တဲ့ စကားပုံတွေ၊ လူမှုဘဝအပေါ် သက်ရောက်မှုရှိတဲ့ နှိုင်းယှဉ်စရာ သာဓကတွေကများလှပါတယ်။ လှေဟာ ခေတ်တစ်ခေတ်ကို ကိုယ်စားပြုသလို အဆင့်ဆင့်ပြောင်းလဲတိုးတက်မှုတွေ ဘယ်လောက်ပဲရှိရှိ လှေရဲ့မူလအဓိပ္ပာယ်ကိုတော့ သွေဖည်မသွားနိုင်ပါဘူး။ ဒါကြောင့်လည်း လှေဆိုတာ တန်ဖိုးထားထိန်းသိမ်းစရာ စကားလုံးတစ်ခုအဖြစ်၊ ရုပ်ဝတ္ထုပစ္စည်းတစ်ခုအဖြစ် ရှိနေဦးမှာပါပဲ" ဟု မင်းကွန်းဒေသခံတစ်ဦးက ပြောသည်။

မင်းကွန်းခေါင်းလောင်းကြီးအနီးရှိ အဆိုပါလှေကြီးကို ဒေသတွင်းဘုရားဖူးလာပြည်သူများသာမက နိုင်ငံရပ်ခြားခရီးသွားများပါ လာရောက်လေ့လာမှတ်တမ်းတင်မှုများ ရှိကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**



# လက်လီရောင်းချသူများအသင်းအနေဖြင့် အားကောင်းသောပြောရေးဆိုခွင့်ကို ဖန်တီးသွားမည်

**မုံရွာ ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း(MMRA)သည် မြန်မာနိုင်ငံလက်လီရောင်းချသူများ အားလုံး၏ တပေါင်းတစည်းတည်းသော သဘောထားကို ဖော်ထုတ်ရာနေရာဖြစ်သလို ထိုမှတစ်ဆင့်အားကောင်းသောပြောရေးဆိုခွင့်ကို ဖန်တီးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လက်လီရောင်းချသူများအသင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"လက်လီရောင်းချသူများရဲ့ပေါင်းစည်းခြင်းဟာ လက်လီရောင်းချသူများအသင်းအတွက် တစ်မူထူးခြားတဲ့၊ တစ်ခုတည်းဖြစ်တဲ့ ရပ်တည်မှုကို ဖန်တီးပေးသွားမှာဖြစ်ပါတယ်။ MMRA ဟာ မြန်မာနိုင်ငံလက်လီရောင်းချသူများအားလုံးရဲ့ တပေါင်းတစည်းတည်းသောသဘောထားကို ဖော်ထုတ်ရာနေရာဖြစ်သလို အဲဒီကတစ်ဆင့်အားကောင်းတဲ့ပြောရေးဆိုခွင့်ကို ဖန်တီးပေးသွားမှာဖြစ်ပါတယ်။ အသင်းဝင်တိုင်းဟာ မဲပေးပိုင်ခွင့်ရှိပြီး ဗဟိုအသင်းဝင်အမှုဆောင်နဲ့ အမှုဆောင်များအဖြစ် ဝင်ရောက်ရွေးချယ်ခံခွင့်ရှိပါတယ်" ဟု ၎င်းက ပြောသည်။

လက်လီရောင်းချသူများအသင်းဝင်များသည် လက်လီအရောင်းလုပ်ငန်းစုဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဆောင်ရွက်ပေးမည့် ခေတ်မီလက်လီရောင်းချခြင်းဆိုင်ရာအစီအစဉ်များ၏ အကျိုးကျေးဇူးကိုခံစားနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းမှ အသင်းဝင်များအတွက် အစီအစဉ်မြောက်မြားစွာကို ကမ်းလှမ်းထားကြောင်း သိရသည်။ အသင်းဝင်များ၏ဆန်းသစ်သောစိတ်ကူးစိတ်သန်းများကိုကြိုဆိုပြီး အဆိုပါစိတ်ကူးစိတ်သန်းများကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းဝင်သည် ရောင်းကုန်၏ အနည်းဆုံး ၅၀ ရာခိုင်နှုန်းကို စားသုံးသူများထံသို့ တိုက်ရိုက်ရောင်းချနေသော လက်လီဆိုင်တစ်မျိုးမျိုးဖြစ်ရမည်ဖြစ်ပြီး လုပ်ငန်း(သို့မဟုတ်)ဆိုင်အမည်တစ်ခုကို အသင်းဝင်တစ်ဦးအဖြစ်သတ်မှတ်နိုင်ကာ ပိုင်ရှင်(သို့မဟုတ်)အကြီးအကဲမှ အလုံးစုံတာဝန်လွှဲအပ်ထားသူက အသင်းဝင်အဖြစ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

ထို့အပြင် မိမိဆိုင်အမည်ဖြင့် ကျထားသော စည်ပင်လိုင်စင်(သို့)ရှေ့ပင်းစင်တာ၏ ထောက်ခံချက်ပူးတွဲပါရှိသော စည်ပင်လိုင်စင်မိတ္တူကို တင်ပြနိုင်သူသည်လည်း အသင်းဝင်နိုင်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၅ - ၂ -၂၀၁၆ (တနင်္လာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ ပြည်သူတို့ရဲ့စကားသံများ
၈း၃၅ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှစ်(၇၀)ပြည့် အထိမ်းအမှတ်စတီရီယိုတေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်
၉း၃၅ MRTV Documentary (1)+ (2)
၁၁း၃၅ MRTV Documentary (3)+(4)
၁၂း၃၅ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်အထိမ်းအမှတ် စတီရီယိုတေးသံရှင်စိုးအောင်၏ ဖျော်ဖြေမှုအစီအစဉ်
၁၂း၅၀ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်အထိမ်းအမှတ် စတီရီယိုတေးသံရှင် ဇော်ပိုင်၏ ဖျော်ဖြေမှုအစီအစဉ်
၁း၂၀ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀) ပြည့်ဂုဏ်ပြုဇာတ်လမ်း "ရှင်သန်နေမည့် MRTV" (နေဆန်း၊ မြို့တော်ချစ်ဖွယ်၊ တိမ်ညွန့်၊ ထက်နိုင်၊ သူရဇ္ဈ၊ ဧကရီစုစံ၊ ဝင်းသပြေထွန်း) (ဒါရိုက်တာ- မိုးဇော်ကို)
၃း၃၅ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်အထိမ်းအမှတ် စတီရီယိုတေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်
၄း၃၀ MRTV Documentary (3)+(4)
၅း၃၅ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့် အထိမ်းအမှတ် စတီရီယိုတေးသံ ရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်
၆း၃၀ အင်ပါယာ Live Show

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်း သတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅း၄၀ "ဥဒါန်းကျူးလို့ ပျော်ခဲ့ပြီ" တရားတော် [ဆရာတော်သီတဂူ အရှင်ဉာဏိဿရ (သီတဂူကထိက)]
၈း၀၀ "မင်္ဂလာပါ" The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၂၂)
၁၀း၅၅ အနုပညာမိုးကောင်းကင်
၁၁း၁၅ သွားမယ် စားမယ် (Royal Thai Resturant)
၁၁း၄၀ Forever Music Tribute Myo Kyaut Myine Virus 3 64 Bit (အပိုင်း-၂) (ပထမပိုင်း)
၁၂း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၁၂)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၁၉)
၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၀၃)
၄း၀၀ Cartoon Series (Welcome To Sky Ville)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (The 1st HO TELIERS & INDUSTRY Night)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၀၄)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၂၀)
၈း၁၅ Drive It
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၂၃)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၁၃)
၁၀း၄၀ World of Knowledge (A BOB BALLARD EXPEDITION : GHOSTS OF THE BLACK SEA)

### မြဝတီ

၆း၀၃ တရားတော်
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၅၅ မြန်မာသံစဉ်ချိုနှားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၅ ရွှေဟောင်းသုတ
၈း၂၀ DVD Hits
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉း၁၀ နှစ်(၇၀)ကျော်ကြားတေးများ
၄း၂၀ စိုက်ပျိုးသုတ
၄း၃၀ ရင်မှာစွဲလန်းတော်ဝင်ပန်း
၄း၃၅ ဇာတ်လမ်းတို
၅း၁၅ ရင်ခုန်စရာအမှောင်ကမ္ဘာ
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဂန္ထဝင်မြောက်အမုန်း အပိုင်း(၉၇)
၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ အပိုင်း(၁)
- ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
- မေးမြန်းစူးစမ်း
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဟိုတယ်ဘုရင် (အပိုင်း-၉)

### mitv

07:26 Myanmar Masterclass "Kyaw Phyu San"
07:41 Yatana Theinga City and Shwe Bon Yatanamingalar Palace
08:26 The Stories Of The Great Souls (U Pyae Son)
09:26 Myanmar Traditional Instruments - Myanma Harp (Episode-1)
09:51 Sweet Delicacy Of Pathein
10:26 The Most Prominent Resort And Residence - Ngapali
10:51 Sai Ye Kwan
07:03 News
07:26 Food Trip (EP-1) (Part-2)
07:53 Sticky Shan Snack
08:26 Taste Of Myanmar (Glass Noodle Soup)
08:45 A Day Trip To Thanlyin
08:53 Trishaw Man

# နယ်လှည့်ဖျော်ဖြေပွဲတွေကို မနှစ်သက်ပါဘူးလို့ဆိုလာတဲ့ အဒဲလ်



ဘေဘုတ်၏ ရောင်းအားအကောင်းဆုံးသောတေးအယ်လ်ဘမ်စာရင်းတွင်ပါဝင်ခဲ့ပြီး စံချိန်များကိုချိုးနိုင်ခဲ့သော "Hello"တေးအယ်လ်ဘမ်၏ပိုင်ရှင် ဗြိတိန်ပေါ့ပ်အဆိုတော်အဒဲလ်က သူ့အနေနဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေကို မနှစ်သက်ကြောင်းနဲ့ ယင်းဖျော်ဖြေပွဲတွေဟာ သူ့အတွက် စိတ်လှုပ်ရှားမှုတွေ၊ စိုးရိမ်မှုတွေကို ဖြစ်စေကြောင်း "Vogue"မဂ္ဂဇင်းနဲ့ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။

ဆက်လက်ပြီး အဒဲလ်က သူ့အတွက်နယ်လှည့်ဖျော်ဖြေပွဲတွေဟာ မလိုအပ်ကြောင်း၊ သို့သော်ပရိသတ်နှင့်ရင်းနှီးခွင့်ရရန်နှင့် ပရိသတ်ရဲ့အားပေးမှုအပေါ် တုံ့ပြန်မှုတစ်ခုအနေဖြင့် နယ်လှည့်ဖျော်ဖြေပွဲများကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ဆိုခဲ့ပါတယ်။

အဒဲလ်ဟာ မတ်လထုတ် "Vogue" မဂ္ဂဇင်းရဲ့မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခြင်းခံခဲ့ရပြီး ယင်းမဂ္ဂဇင်းမှာ သူ့ရဲ့အင်တာဗျူးတစ်ခုလည်း ပါဝင်မှာဖြစ်ပါတယ်။ အဆိုပါအင်တာဗျူးမှာ အဒဲလ်က သူ့ရဲ့ကိုယ်အလေးချိန်လျော့ကျသွားခဲ့ရတဲ့အကြောင်းအရင်းကို ဖွင့်ဟခဲ့ရာမှာ ဆေးလိပ်နဲ့အရက်တို့ကို ဖြတ်လိုက်ခြင်းကြောင့်ဖြစ်ကြောင်း ဆိုခဲ့ပါတယ်။ ဒ့ါအပြင် နယ်လှည့်ဖျော်ဖြေပွဲတွေကြောင့် ပင်ပန်းတဲ့အတွက်လည်း ကိုယ်အလေးချိန်ကျသွားခဲ့တာပါလို့ ဖွင့်ဟခဲ့ပါတယ်။

လတ်တလောမှာလည်း အဒဲလ်ဟာကိုးလတာကြာမြင့်မယ့် သူ့ရဲ့နယ်လှည့်ဖျော်ဖြေပွဲအတွက် ပြင်ဆင်နေပြီး သူ့အနေနဲ့ အောင်မြင်တဲ့ ကြယ်ပွင့်တစ်ဦးရဲ့ ဘဝထက် သုံးနှစ်အရွယ်သားလေး အန်ဂျလိုရဲ့မိခင်ဘဝကို ပိုမိုနှစ်သက်ပုံပေါ်ကြောင်း နယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

# ချစ်သူအကြောင်းကို ပြောလာတဲ့ ကင်မ်စုယန်း



"Moon Embracing the Sun" ရုပ်သံဇာတ်လမ်းတွဲတွင် ဗီလိန်ဇာတ်ရုပ်ကို ပီပြင်စွာသရုပ်ဆောင်နိုင်ခဲ့သော တောင်ကိုရီးယားကလေးသရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ကင်မ်စုယန်းဟာ လတ်တလောမှာ အသက် (၁၆)နှစ်ရှိပြီဖြစ်ကာ ကလေးသရုပ်ဆောင်တစ်ဦးမှသည် အောင်မြင်တဲ့ဇာတ်ဆောင်မင်းသမီးတစ်ဦးအဖြစ် ရုပ်ရှင်တွေနဲ့ ရုပ်သံဇာတ်လမ်းတွဲတွေကို လက်ခံရိုက်ကူးနေပြီဖြစ်ပါတယ်။

ကင်မရာတွေရှေ့မှာ လှုပ်ရှားရင်း တဖြည်းဖြည်းအရွယ်ရောက်လာခဲ့တဲ့ မင်းသမီး ကင်မ်စုယန်းဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၂ ရက်မှာပြုလုပ်ခဲ့တဲ့ ရေဒီယိုအစီအစဉ်တစ်ခုမှာတော့ သူ့ရဲ့အချစ်ရေးနဲ့ပတ်သက်ပြီး ဖြေကြားခဲ့ပါတယ်။ ကင်မ်က လတ်တလောသူ့မှာ ချစ်သူအဖြစ်လက်တွဲရမယ့်သူ မရှိသေးပေမယ့် ချစ်သူရှိလာတဲ့အခါ သူတွေးထားတဲ့စိတ်ကူးတွေကိုလည်း ရင်ဖွင့်ခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ကင်မ်စုယန်းက "ကျွန်မမှာ တကယ်လို့ချစ်သူရှိလာခဲ့မယ်ဆိုရင် သူနဲ့အတူ ခရစ္စမတ်ရဲ့ နှင်းတွေကြားမှာ လျှောက်လည်ချင်ပါတယ်။ ဒါပေမယ့် အဲဒီလို အလည်အပတ်ထွက်ရင်း သတင်းထောက်တွေတွေ့သွားခဲ့ရင် ဓာတ်ပုံတွေအရိုက်ခံရလိမ့်မယ်ဆိုတာလည်း သိထားပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး မင်းသမီးက သူ့ရဲ့နောက်ဆုံးရိုက်ကူးခဲ့တဲ့ ရုပ်ရှင် "Pure Love" နဲ့ ဒရမ်မာရုပ်ရှင် "Who Are You: School 2015" ထဲကလို အချစ်မျိုးနဲ့ ချစ်ရမယ့်သူကို ဒီနေ့အချိန်အထိ မကြုံရသေးကြောင်းလည်း ရင်ဖွင့်ခဲ့ပါတယ်။

လတ်တလောမှာ ကင်မ်ဟာ အမျိုးသားပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "EXO" မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဒီအိုနဲ့ "Pure Love" ရုပ်ရှင်ကို ဆက်လက်ရိုက်ကူးလျက်ရှိပြီး ယင်းရုပ်ရှင်ကို ယခုလ ၂၄ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း သိရပါတယ်။

# တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေတဲ့ "Wonder Girls"

တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တွေထဲက အောင်မြင်နေတဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Wonder Girls" ဟာ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က အဖွဲ့ရဲ့ ကိုးနှစ်ပြည့်နှစ်ပတ်လည်နေ့ကို ပရိသတ်များနဲ့အတူ ကျင်းပခဲ့ပြီး အဖွဲ့ရဲ့လတ်တလောအနုပညာလှုပ်ရှားမှုများနဲ့ပတ်သက်လို့ ပရိသတ်တွေက မေးမြန်းခဲ့တဲ့အပေါ် တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေကြောင်း ပြန်လည်ဖြေကြားခဲ့ပါတယ်။

အဆိုပါ သတင်းနဲ့ပတ်သက်ပြီး အဖွဲ့ရဲ့အေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအန်တာတိန်းမန့်က တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်းမျိုး မရှိသေးပေမယ့် ယင်းတေးဂီတအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ယူဘင်က လတ်တလောမှာ တေးအယ်လ်ဘမ်သစ်ထွက်ရှိဖို့ ပြင်ဆင်နေတာမို့ ပရိသတ်တွေကို စောင့်မျှော်အားပေးဖို့ တောင်းဆိုခဲ့ကြောင်း ကေပေါ့ပ်စတားဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။



"Wonder Girls "တေးဂီတအဖွဲ့ကို ၂၀၀၇ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ၂၀၀၉ ခုနှစ်မှာ ထွက်ရှိခဲ့တဲ့ သူတို့ရဲ့တေးသီချင်း "Nobody" ဟာ ဘေဘုတ်ရဲ့အကျော်ကြားဆုံးသောတေးသီချင်း ၁၀၀ စာရင်းမှာ ပါဝင်ခဲ့တဲ့အထိ အောင်မြင်ခဲ့ပါတယ်။ ယင်းတေးဂီတအဖွဲ့ကို ကမ္ဘာကျော်တဲ့ ကေပေါ့ပ်ကြယ်ပွင့်တွေဖြစ်လာစေခဲ့တဲ့ သူတို့အဖွဲ့ရဲ့ တေးသီချင်းတွေကတော့ "Nobody"၊ "So Hot"၊ "Tell Me"နဲ့ "I feel You" တို့ပဲ ဖြစ်ကြပါတယ်။

**အေးပြည့်**
**စုစည်းသည်**

အားကစား

# ဝဲလ်ဘက်၏ ခေါင်းတိုက်သွင်းဂိုးဖြင့် လက်စတာကို အာဆင်နယ်အနိုင်ယူ

ယခုတစ်ပတ် ပရီမီယာလိဂ်ပွဲစဉ်(၂၆)၏ အကောင်းဆုံးပွဲဖြစ်သည့် အာဆင်နယ်နှင့် လက်စတာတို့ ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၆ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ကြရာ အာဆင်နယ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲစဉ်(၂၅)အပြီး လက်စတာက ရမှတ် ၅၃ မှတ်ရရှိထားပြီး အာဆင်နယ်က ရမှတ် ၄၈ မှတ်ရရှိထားရာ လက်စတာကို အမှတ်မီနိုင်ရေး အာဆင်နယ်တို့ ယခုပွဲအနိုင်ရရန်အရေးပါသည့်အတွက် လူစုံထုတ်ကစားခဲ့သလို လက်စတာတို့ကလည်း ချန်ပီယံဖြစ်ရေးအတွက် အာဆင်နယ်ကို အနိုင်ရရန် လူစုံထုတ်ကစားခဲ့သည်။

ပွဲအစတွင် နှစ်သင်းစလုံးလျင်လျင်မြန်မြန်ဖြင့် ထိုးဖောက်ကစားခဲ့ပြီး အာဆင်နယ်တို့ တိုက်စစ်ကို လက်စတာတို့ပိတ်ဆို့ကစားခဲ့ရသည်။ ပွဲချိန် ၁၅ မိနစ်တွင် အာဆင်နယ်မှ ကစားသမားတစ်ဦး လွတ်လွတ်ကျွတ်ကျွတ် ဆွဲထွက်လာသည်ကို လက်စတာဂိုးသမား ရှမိုက်ကယ် ရှေ့ထွက်တားဆီးခဲ့ရသလို ဗာဒီ၏ ခေါင်းတိုက်ချက်ကိုလည်း အာဆင်နယ် ဂိုးသမား ပီတာဆက်ချ် ကာကွယ်လိုက်နိုင်၍ လက်စတာတို့ ကံခေခဲ့သည်။

ပထမပိုင်းပြီးခါနီးတွင် အာဆင်နယ်ဂိုးဧရိယာအတွင်း ဗာဒီ ဘောလုံး ဆွဲယူလာသည်ကို အာဆင်နယ်နောက်ခံလူ ဟန့်တားရာမှ ဗာဒီလဲကျခဲ့သဖြင့် လက်စတာတို့ ပယ်နယ်တီရရှိခဲ့သည်။ အဆိုပါ ပယ်နယ်တီကို ဗာဒီက ပင်ကန်သွင်းရာ ဂိုးရရှိခဲ့သည်။



အာဆင်နယ်အသင်းအတွက် အနိုင်ဂိုးကို ဝဲလ်ဘက်ခေါင်းတိုက်သွင်းယူနေစဉ်။

ပထမပိုင်းပြီးချိန်တွင် လက်စတာတို့က တစ်ဂိုး-ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းတွင် အာဆင်နယ်တို့ ချေပဂိုးရရှိရေး ကြိုးစားမှုကို လက်စတာတို့ ကာကွယ်ဟန့်တားရင်းတန်ပြန်တိုက်စစ်ဖြင့် အာဆင်နယ်ဘက်သို့ ပြန်လည်ဖိအားပေးခဲ့သည်။ ၅၄မိနစ်တွင် လက်စတာမှ နောက်ခံလူ ဆင်ဆန်နှစ်ဝါတစ်နီဖြင့်အထုတ်ခံရပြီး ပွဲချိန် ၆၁ မိနစ်တွင် ဝဲလ်ကော့လူစားဝင်ရောက်ခဲ့သည်။ ၇၁ မိနစ်တွင် လက်စတာ ဂိုးဧရိယာအတွင်း ဂျီရုဒ်ခေါင်းတိုက်ချပေးသည်ကို ဝဲလ်ကော့က ပိတ်သွင်းခဲ့၍အာဆင်နယ်တို့ ချေပဂိုးရရှိခဲ့သည်။

အာဆင်နယ်တို့ ချေပဂိုးရရှိပြီး နောက်ပိုင်း အနိုင်ဂိုးသွင်းနိုင်ရန် ကြိုးစားခဲ့ပြီး ပွဲချိန် ၈၃ မိနစ်တွင် ဝဲလ်ဘက် လူစားဝင်ကစားခဲ့သည်။ ပွဲပြီးခါနီးတွင် အာဆင်နယ်တို့ ပိုမိုဖိကစားခဲ့ရာ မိနစ် ၉၀ တွင် အာဆင်နယ်တို့ အလွတ်တည်ကန်ဘောရရှိသည်ကို အိုဇေးလ်ကန်တင်ပေးရာဝဲလ်ဘက်က ခေါင်းတိုက်သွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ အနိုင်ဂိုးရရှိခဲ့သည်။

ယခုပွဲတွင် အာဆင်နယ်တို့ရရှိသော အနိုင်ဂိုးနှစ်ဂိုးကို လူစားဝင် ကစားသမားများက သွင်းယူခဲ့သည်မှာလည်း ထူးခြားမှုပင်ဖြစ်သည်။

ပွဲစဉ် (၂၆) အပြီး လက်စတာတို့ ၅၃ မှတ်ဖြင့် ဇယားထိပ်မှဆက်လက် ဦးဆောင်နေသော်လည်း အာဆင်နယ်တို့က ၅၁ မှတ် ရရှိထားသဖြင့် ချန်ပီယံဖြစ်ရေးအတွက် လက်ကျန်ပွဲများမှာ အနိုင်ရရှိရေး ကြိုးစားကြ မည်ဖြစ်သည့်အတွက် ယခုနှစ် ပရီမီယာလိဂ်မှာ စိတ်ဝင်စားဖွယ် ဆက်လက်စောင့်ကြည့်ရဦးမည်ဖြစ်သည်။

အခြားပွဲစဉ်ဖြစ်သည့် ဗီလာနှင့် လီဗာပူးတို့ပွဲတွင် လီဗာပူးတို့က ခြောက်ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်နိုင်ခဲ့သည်။

(သီဟ)

# မန်ယူအသင်း ယူရိုပါလိဂ်ဝင်ခွင့်အတွက်သာ မျှော်မှန်းနိုင်တော့မည်ဖြစ်ကြောင်း နည်းပြဗန်ဟားလ် ဝန်ခံ

မန်ယူအသင်းသည် ဆန်းဒါးလန်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် ချန်ပီယံလိဂ်ထက် ယူရိုပါလိဂ် ဝင်ခွင့်ရရန်အတွက်သာ မျှော်လင့်နိုင်တော့မည်ဖြစ်ကြောင်း မန်ယူနည်းပြ လူးဝစ်ဗန်ဟားလ်က ဝန်ခံပြောကြားလိုက်သည်။ ယင်းသို့ မထင်မှတ်ဘဲ ရှုံးပွဲကြုံခဲ့ရသဖြင့် မန်ယူအသင်းသည် ထိပ်ဆုံးလေးသင်း စာရင်းဝင်အသင်းများနှင့် ခြောက်မှတ်အထိကွာဟသွားခဲ့ပြီဖြစ်သည်။

မန်ယူအတွက် ယူရိုပါလိဂ်ဝင်ခွင့် လမ်းကြောင်းကသာ အလွယ်ကူဆုံးနည်းလမ်းဖြစ်လာနိုင်ကြောင်း၊ ယင်းသို့ ရှုံးပွဲကြုံတွေ့ခဲ့ရသဖြင့် ထိပ်ဆုံးလေးသင်းဖြင့် ရာသီသိမ်းရန် မလွယ်ကူတော့ကြောင်း၊ ယခုနှစ် ဘောလုံးရာသီတွင် ပရီမီယာလိဂ်ကလပ်အသင်းများ၏ စွမ်းဆောင်ရည်မှာ ပိုမိုကောင်းမွန်လာကြောင်း၊ ချယ်လ်ဆီးနှင့် ဆန်းဒါးလန်းအားရင်ဆိုင်ခဲ့ရသည့် အဝေးကွင်း ပွဲစဉ်နှစ်ပွဲတွင် ရမှတ်ငါးမှတ်အထိ ဆုံးရှုံးခဲ့ခြင်းက မန်ယူအသင်း၏ ချန်ပီယံလိဂ်ဝင်ခွင့်လမ်းကြောင်း ပြောင်းလဲခြင်းကို ဦးတည်သွားစေခဲ့ကြောင်း ဗန်ဟားလ်က ပြောကြားခဲ့သည်။ မန်ယူအသင်းသည် နောက်ပိုင်းပွဲစဉ်များတွင် တိုက်စစ်ဖွင့်ကစားလာခဲ့သော်လည်း ရလဒ်ပိုင်း သိသိသာသာ တိုးတက်လာခြင်းမရှိသေးပေ။



မန်ယူအသင်းသည် လာမည့်အပတ် အက်ဖ်အေဖလား ပဥ္စမအဆင့်တွင် အသင်းငယ်လေး ရှရစ်ဘယ်ရီတောင်းအသင်းအား တွေ့ဆုံယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၈ ရက်တွင် ပရီမီယာလိဂ်ပွဲစဉ်၌ အာဆင်နယ်အား အိမ်ကွင်းတွင် ဧည့်ခံကစားရဦးမည်ဖြစ်သည်။

## အမှတ်ပေးဇယားထိပ်ဦးဆောင်ရမှုအတွက် လက်စတာတွင် ဖိအားမရှိကြောင်း မာရက်ဇ်ဆို



လက်စတာအနေဖြင့် ပရီမီယာလိဂ် ချန်ပီယံ မျှော်လင့်ချက်ရှိသော်လည်း လက်ရှိအမှတ်ပေးဇယားအဆင့်(၁)နေရာ ရပ်တည်ရမှုအတွက် ကြီးမားသည့် ဖိအားရှိမနေကြောင်း လက်စတာကွင်းလယ်ကစားသမား မာရက်ဇ်က ပြောကြားလိုက်သည်။ လက်စတာသည် စပါး၊ လီဗာပူး၊ မန်စီးတီးတို့အား အံ့အားသင့်ဖွယ်ရာ အနိုင်ယူပြနိုင်ခဲ့ပြီးနောက် အမှတ်ပေးဇယား အဆင့်(၁)နေရာကို ငါးမှတ်ဖြတ်ကာဦးဆောင်နိုင်ခဲ့သည်။

သို့သော် လက်စတာ၏ တန်ပြန်တိုက်စစ်ကစားပုံ မည်၍ မည်မျှ အလုပ်ဖြစ်သည်ဆိုသည်ကို မန်စီးတီးအား ရင်ဆိုင်ရမည့် ပွဲစဉ်တွင် ပရိသတ်များအနေဖြင့် မြင်တွေ့ရပြီးဖြစ်ကြောင်း၊ အမှတ်ပေးဇယားအဆင့်(၁)နေရာ ရပ်တည်နေသည့်အသင်းအနေဖြင့် ချန်ပီယံဆုမရရှိဘဲ ထိပ်ဆုံး လေးသင်းအတွင်းသာ ရာသီသိမ်းနိုင်လျှင် စိတ်ပျက်စရာ ကြုံတွေ့လာရလိမ့်မည်ဖြစ်ကြောင်း၊ ထိပ်တန်းအသင်းကြီးများ အနိုင်ကစားနိုင်ပြီးနောက် ယုံကြည်မှု ပိုမိုရရှိလာကြောင်း၊ ချန်ပီယံအိပ်မက်ကို ဆုပ်ကိုင်ထားနိုင်ဆဲ အနေအထားကို လက်လွှတ်ခံမည်မဟုတ်ကြောင်း မာရက်ဇ်က ပြောကြားလိုက်သည်။



## နဗီးလ်လက်ထက် ဗလင်စီယာ ပထမဦးဆုံးနိုင်ပွဲရရှိ

ပြီးခဲ့သည့် ဒီဇင်ဘာလကတည်းက ဗလင်စီယာအသင်း ယာယီနည်းပြအဖြစ်တာဝန်ယူထားသူ ဂယ်ရီနဗီးလ်လက်ထက်တွင် ဗလင်စီယာအနေဖြင့် ပထမဆုံးအကြိမ်အဖြစ် နိုင်ပွဲရယူနိုင်ခဲ့ကြောင်း သိရသည်။ လာလီဂါပွဲစဉ်(၂၄)တွင် ဗလင်စီယာသည် အက်စ်ပန်ညိုအား အိမ်ကွင်းတွင် နီဂရီဒိုနှင့် ရှီရီရှက်ဗ်တို့၏ သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သော်လည်း ဒုတိယပိုင်း ၅၃မိနစ်၌ အက်စ်ပန်ညိုမှ အော်စကာဒူရာတီက အဖွင့်ဂိုးသွင်းယူခဲ့သော်လည်း ပွဲချိန် ၇၁ နှင့် ၇၆မိနစ်တို့တွင် ဗလင်စီယာဘက်မှ ချေပဂိုးနှင့် အနိုင်ဂိုးများ ပြန်လည်သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ဂယ်ရီနဗီးလ်လက်ထက် ပထမဦးဆုံး နိုင်ပွဲရှာ တွေ့ခဲ့ခြင်းဖြစ်သည်။

ဂယ်ရီနဗီးလ်လက်ထက်တွင် ဗလင်စီယာ၏ ကစားပုံမှာ တိုးတက်လာခြင်းမရှိခဲ့သော်လည်း ယခုပွဲစဉ်တွင် ပထမဦးဆုံးနိုင်ပွဲရယူကာ အမှတ်ပေးဇယားအဆင့်(၁၁)နေရာသို့ တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်သည်။ဗလင်စီယာအသင်းသည် ကိုပါဒယ်ရေး အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်တွင်လည်း ဘာစီလိုနာအား ခုနစ်ဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့ရာ ကလပ်အသင်း အမာခံပရိသတ်များက ဒေါသထွက်ကာ ဒုတိယအကျော့ကို ပရိသတ်အနည်းငယ်သာ လာရောက်ကြည့်ရှုခဲ့ကြသည်။ ယခုကဲ့သို့ နိုင်ပွဲရရှိခဲ့ခြင်းမှ အစပြု၍ အသင်း၏ယုံကြည်မှုကို ပြန်လည်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ဂယ်ရီနဗီးလ်က ပွဲအပြီးတွင် ပြောကြားခဲ့သည်။

## အားကစားလောကသတင်းတို

- မန်ယူအသင်းသည် ယခုနှစ်နွေဈေးကွက်တွင် ဒေါ့မွန်တိုက်စစ်မှူး အော့ဘာမီယန်အတွက် ပြောင်းရွှေ့ကြေးပေါင်သန်း ၇၀ အထိ အသုံးပြုကာ ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။
- လက်စတာအသင်းသည် ရာသီကုန်တွင် ပရီမီယာလိဂ် ဖလားဆွတ်ခူးနိုင်ခဲ့လျှင် အမေရိကန်ပြည်ထောင်စု လက်စ်ဗီးဂတ်စ်မြို့သို့ အပျော်ခရီးထွက်ရန် စီစဉ်ထားသည်။
- ဘာရာဇီး လက်ရွေးစင် လူးကပ်စ်မော်ရာက ၎င်းမှာ မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် အခွင့်အရေးကို ပယ်ချခဲ့သည်ဟု ဖွင့်ဟပြောကြားလိုက်သည်။

# အင်္ဂလန်တိုက်စစ်နေရာ ရွေးချယ်စရာများပြားနေသည့်အတွက် ရှိုင်းဟော့ဆန်ကျေနပ်

အင်္ဂလန်အသင်းလက်ရွေးစင် နည်းပြ ရွိုင်းဟော့ဆန်က ယူရို-၂၀၁၆ ပြိုင်ပွဲဝင်မည့် အင်္ဂလန်အသင်းတွင် တိုက်စစ်နေရာအတွက် ရွေးချယ်စရာ များပြားနေသည့်အတွက် ကျေနပ်ပျော်ရွှင်မိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ အင်္ဂလန်အသင်းသည် လက်ရှိတွင် လက်စတာတိုက်စစ်မှူးဂျေမီဗာဒီနှင့် စပါးတိုက်စစ်မှူး ဟယ်ရီကိန်းတို့ ခြေစွမ်းပြသနေသလို ဝိန်းရွန်းနီ၊ သီယိုဝဲလ်ကော့၊ ချိန်ဘာလိန်တို့မှာလည်း ပုံမှန်ခြေစွမ်းပြသနေဆဲဖြစ်ရာ ၂၀၁၂ ခုနှစ်တွင် အင်္ဂလန်အသင်းကို ရွိုင်းဟော့ဆန်ကိုင်တွယ်ပြီးနောက် ပထမဆုံးအကြိမ် တိုက်စစ်နေရာတွင် ရွေးချယ်စရာများပြားလာခြင်း ဖြစ်သည်။

ဝိန်းရွန်းနီသည် ပရီမီယာလိဂ် ရှစ်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခြင်းမရှိသော်လည်း ၂၀၁၆ ခုနှစ်အတွင်း ပြိုင်ပွဲစုံတွင် သွင်းဂိုးငါးဂိုးအထိ သွင်းယူနိုင်ခဲ့သည်။ ထို့ကြောင့် ရွိုင်းဟော့ဆန်က ဝိန်းရွန်းနီအနေဖြင့် လာမည့်နွေရာသီတွင် ကျင်းပမည့် ယူရို-၂၀၁၆ ပြိုင်ပွဲတွင် အသင်းကို အကောင်းဆုံးဦးဆောင်မှု ပေးနိုင်မည်ဟု ယုံကြည်ကြောင်းလည်း ဆိုလိုက်သည်။

ရွိုင်းဟော့ဆန်က "ကျွန်တော်တို့အသင်းမှာ တောင်ပံတိုက်စစ်မှူး၊ ဗဟိုတိုက်စစ်မှူးနေရာမှာ ကစားနိုင်တဲ့ ကစားသမားရွေးချယ်စရာများပြားတာကြောင့် စိန်ပွင့်ပုံ ကစားကွက်ကို အသုံးပြုသွားမှာ ဖြစ်ပါတယ်။ ဒီလိုပဲ ကွင်းလယ်နေရာအတွက်လည်း အင်ပြည့်အားပြည့် အနေအထားရှိတာကြောင့် သွင်းဂိုးတွေ ဝေဆာနေတဲ့ အင်္ဂလန်အသင်းကို မြင်တွေ့ရမှာ ဖြစ်ပါတယ်" ဟုဆိုလိုက်သည်။

အသက်(၁၉)အရွယ်သာသေးသည့် စပါးကွင်းလယ်လူ ဒီလီအလီနှင့် အသက်(၂၂)နှစ်အရွယ် အဲဗာတန်ကစားသမား ဘာကလေတို့၏ ခြေစွမ်းမှာလည်း စောင့်ကြည့်ချင်စရာကောင်းသလို ဂိုးသမားနေရာအတွက် ဖော်စတာ၊ ဟတ်၊ ဘက်လန်းတို့လည်း ရှိနေရာ ရှေ့၊ နောက်၊ အလယ်၊ ဂိုးသမားနေရာစုံတွင် ပြည့်စုံသည့် လူအခင်းအကျင်းဖြင့် ယူရိုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည် ဖြစ်ကြောင်း ဒေသတွင်း မီဒီယာများက အကျယ်တဝ့်ရေးသား ဖော်ပြကြသည်။

မေလဲ့သင်း – ရေးသားသည်



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် နှောပင်ကျေးရွာအုပ်စုနှင့် ဆင်ဝှေကျေးရွာအုပ်စု ကြားရှိ ကျေးရွာချင်းဆက်လမ်းပိုင်းသည် စစ်တောင်းမြစ်ရေထောက်ကာ တောရေ များဖြတ်ကျော်မှုကြောင့် ပျက်စီးသွားခဲ့ရာ ထိတ်ပေါက်ကျေးရွာ၊ နှောပင်ကျေးရွာ များမှ ဒေသခံပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေ ကျပ်သိန်း ၇၀ ဖြင့်မတည်၍ ဖေဖေဝါရီ ၁၂ ရက် နံနက်ပိုင်းက လူထုအင်အား ၂၀၀ ကျော်၊ ဘတ်ဟိုးနှစ်စီး၊ မြေသယ်ယာဉ်ကိုးစီးဖြင့် စုပေါင်းကာဆောင်ရွက်နေကြောင်း ထိတ်ပေါက်ကျေးရွာနေ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီမှ ဦးတင်ရှိန်က ပြောသည်။

သတင်းနှင့်ဓာတ်ပုံ- ကိုလွင်(ဆွာ)

# မိုးရာသီသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေများပြန်လည်ပေးဆပ်

**ပခုက္ကူ ဖေဖော်ဝါရီ ၁၄**

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က ၂၀၁၅ ခုနှစ် မိုးရာသီကာလတွင် တောင်သူဦးကြီးများအား စပါး တစ်ဧက ချေးငွေကျပ်တစ်သိန်းနှုန်းဖြင့် ၁၀၂၈ ဧကအတွက် ၁၀၂၈ သိန်းနှင့် အခြား သီးနှံတစ်ဧက ချေးငွေကျပ်နှစ်သောင်း ဖြင့် ၃၃၁၇၃ ဧကအတွက် ငွေကျပ် ၆၆၃၄ ဒသမ ၆၀ သိန်း စုစုပေါင်းထုတ်ချေး ငွေကျပ် ၇၆၆၂ ဒသမ ၆၀ သိန်းကို ထုတ်ချေးငွေအတိုးနှုန်း ကျပ် ၁၀၀ လျှင် တစ်လ ၄၂ ပြားနှုန်း၊ တစ်နှစ်ငါးရာခိုင်နှုန်းဖြင့်ထုတ်ချေးပေခဲ့သည်။

တောင်သူဦးကြီးများက ယင်းမိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်က အပြေအကျေပေးဆပ်ခဲ့ကြောင်း ပခုက္ကူ မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ခရိုင်ပြန်/ဆက်**

ကျန်းမာရေးဆောင်းပါး

# မပူမအေးဥတုသတိပြု

**à ကြည်လွင်မြင့်(မုဒြာ)**

ရာသီဥတုက ဆောင်းအကုန် နွေအကူး တစ်ည လုံးစောင်ခြုံနှင့်ကွေးနေရာမှ အအေးပေ့ါလာ သဖြင့် နံနက်စောစောထပြီး နေအိမ်ရှေ့တွင် ရေဖျန်းသူလူကြီးတစ်ဦးမှာ လေဖြတ်သွားသည်။

အသက် ၇၀ ခန့်ရှိသည့် ထိုလူကြီးသည် အိမ်ရှေ့တွင် ကား၊ ဆိုင်ကယ်များဖြတ်သန်းသွားလျှင် ဖုန်ထသဖြင့် ရေပုံးဖြင့်ဆွဲပြီး ရေဖျန်းခြင်းဖြစ်သည်။ ရုတ်တရက် ကိုယ်တစ်ခြမ်းလေးလာသဖြင့် အိမ်အတွင်းမှ မိသားစုများကို လှမ်းခေါ်သော အခါ စကားမပီ ဗလုံးဗထွေးဖြစ်မှ လေဖြတ်မှန်း သိသည်။ သွေးပေါင်ချိန်များစွာမြင့်တက်ပြီး လေဖြတ်ရခြင်းဖြစ်သည်ဟု သိရသည်။

လေဖြတ်သူအတော်များများသည် နံနက် စောစော အရုဏ်တက်ချိန်တွင် ဖြစ်လေ့ရှိသည်။ အနောက်တိုင်းသုတေသီများက သွေးတိုး၊ လေဖြတ်သူများသည် နံနက် ၁၀ နာရီ အတွင်း အဖြစ်များသည်ဟုဆိုသည်။

နံနက်စောစော အိပ်ရာမှထပြီး အိမ်သာ တက်ရာမှ လဲကျလေဖြတ်သူ၊ အချို့မှာ အိမ်သာ အတွင်းမှာပင် လေဖြတ်နေသူများစွာသည် သွေးတိုးဆောင့်တက်ပြီးဖြစ်ရသည်။ ရုတ်တရက် သွေးတိုးရခြင်း၏ အကြောင်းရင်းခံမှာလည်း အအေး ပပ်ပြီး ဦးခေါင်းပိုင်း၊ လည်ပင်းရှိ သွေးကြောကြီး များ ကျုံ့သွားရာမှ သွေးကို ညှစ်ထုတ်သကဲ့ သို့ဖြစ်ပြီး ဦးနှောက်သွေးကြောပေါက်ခြင်း၊ သွေး ကြောနံရံမှ သွေးခဲအချို့ပြုတ်ထွက်ပြီး ဦးနှောက် အတွင်းသို့ရောက်ရှိကာ ပိတ်ဆို့သွားခြင်း အကြောင်းနှစ်မျိုးကြောင့် ဖြစ်သည်။

တစ်ညလျှင် လေး၊ ငါးကြိမ် ဆီးထသွားလေ့ ရှိသည့်လူကြီးများ၊ အထူးသဖြင့် အမျိုးသားလူကြီး များသည် လေဖြတ်နိုင်ခြေပို၍ရှိသည်ကို လေ့ လာတွေ့ရှိရသည်။ မြန်မာလူမျိုးတို့၏ အိမ် ဆောက်သည့်ဓလေ့မှာ အိမ်အတွင်းတွင် အိမ် သာမထား၊ အိမ်အပြင်ဘက်တွင် အိမ်သာ ထားလေ့ရှိသောကြောင့် အိမ်အပြင်ဘက်ထွက် သွားရာမှ အအေးပပ်ပြီး လေဖြတ်နိုင်သဖြင့် လူကြီးများအတွက် အခန်းတွင်းတွင် ဆီးသွားရန် ဆီးအိုးထားပေးခြင်းဖြင့် ပြင်ပလေဖြင့် အအေး ပပ် လေဖြတ်ခြင်းမှ ကာကွယ်နိုင်သည်။

လေဖြတ်ခြင်းသည် အဆီနှင့်အငန်အစားများ သဖြင့် နှစ်ချီ၍ ရှေ့ပြေးလက္ခဏာများပြနေပြီး ဖြတ်ရခြင်းရှိသကဲ့သို့ အခန့်မသင့်၍ ရုတ်တရက် အပူအအေးမညီမျှမှုကြောင့် လေဖြတ်ရခြင်း လည်းရှိသည်ကို သတိပြုသင့်သည်။

ရာသီဥတုသာယာလာပြီဟု နံနက်စောစော ထပြီး ရေချိုးခြင်းကြောင့် လေမဖြတ်စေရန် ချက်ချင်း ရေမချိုးပါနှင့်၊ ကိုယ်လက်လှုပ်ရှားမှုမရှိဘဲ ရေအေးမချိုးပါနှင့်၊ ရေချိုးလိုသည့်ဆန္ဒရှိလျှင် ဦးစွာပထမ လမ်းလျှောက်ပါ။ ကိုယ်လက်လှုပ်ရှား မှုလေ့ကျင့်ခန်းတစ်ခုခုပြုလုပ်ပါ။ လမ်းလျှောက် လျှင်လည်း အနှေးလျှောက်၊ အမြန်လျှောက်၊ လက်များကိုလွှဲပေးခြင်းစသည့် လေ့ကျင့်ခန်း များပြုလုပ်နိုင်ပါသည်။ အနွေးထည်အကျႌ

## လေ့ကျင့်ခန်းမလုပ်ဘဲ ရေချိုးလျှင် ရေနွေး ...

ထူထူဝတ်ထားလျှင် ချွေးအနည်းငယ်စို့ပြီး ကိုယ် အပူရှိန်လည်း တက်လာပါလိမ့်မည်။

ရေအေးချိုးခြင်းသည် ခန္ဓာကိုယ်အပူငွေ့ဖြင့် နွေးနေချိန်တွင် ချိုးသင့်သည်။ အငွေ့မရှိ အေး စက်နေလျှင် ရေအေးမချိုးသင့်ပါ။ လူကြီးများ နံနက်စောစောရေအေးကိုင်ခြင်း၊ ရေလောင်း ခြေ ဆေးခြင်းတို့ကြောင့် လေဖြတ်နိုင်သည်ကို သတိပြု ပါ။ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းမလုပ်ဘဲ ရေချိုးလျှင် ရေနွေးအနည်းငယ်စပ်ထားသော ရေဖြင့် ဦးစွာချိုးသင့်ပါသည်။

မည်သည့်အသက်အရွယ်မဆို ရေချိုးလျှင် ဒူးအောက်ပိုင်းကို ရေလောင်းခြေဆေးပြီးမှ ဒူး အထက်၊ ပေါင်အလယ်၊ ခါးအောက်ပိုင်း စသည် ဖြင့် အပေါ်သို့ တဖြည်းဖြည်းတက်ပြီး ရေလောင်း ချိုးခြင်းသာ အကောင်းဆုံးဖြစ်သည်။ လူကြီး၊ လူငယ်မရွေး ရေအေးကို ရုတ်တရက် ဦးခေါင်း မှလောင်းချခြင်းသည် အန္တရာယ်ရှိသည်။ အသက် ငယ်ငယ်နှင့် မျက်မှန်တပ်ရသူများသည် ဤကဲ့သို့ ရေချိုးသဖြင့်၊ ရေချိုးနည်းမှားသဖြင့် ဖြစ်ရခြင်း ဖြစ်သည်။ လူကြီးများတွင်လည်း ဦးခေါင်းမှ ရေလောင်းချိုးလျှင် မျက်စိတိမ်စွဲ ရောဂါဖြစ် တတ်သည်။ ခေါင်းကိုက်ရောဂါလည်း ဖြစ် တတ်သည်ကို သတိပြုဖို့လိုသည်။

ဆောင်းအကုန် နွေအကူးတွင် အအေးပေ့ါ သွားသဖြင့် အကႌျချွတ်နှင့် သို့မဟုတ် အကႌျအပါး ဖြင့် အပြင်ထွက်အလုပ်လုပ်သူများ ရုတ်တရက် ကိုယ်တွင်းအပူငုပ်ပြီး ချမ်းလာသလိုဖြစ်ရာမှ သွေး ကြောများ ကျုံ့ပြီး သွေးပေါင်တက်လာတတ် သည်။ ယခင်က သွေးတိုးမရှိဖူးပါဘူးဟု ပြောသူ များ ပို၍ပင် လေဖြတ်လေ့ရှိသည်ကို တွေ့ရ သည်။ သွေးတိုးရှိသဖြင့် ကုသမှုခံယူပြီး ဆေး မှန်မှန်သောက်၊ အစားဆင်ခြင်နေသဖြင့် လေ ဖြတ်ခံရမှုနည်းပါးပြီး သွေးတိုးမရှိသူ၊ တစ်ခါ တစ်ရံ သွေးတက်မှ ဆေးသောက်လေ့ရှိသူများက ပို၍လေဖြတ်နိုင်ခြေရှိသည်ကို တွေ့ရသည်။

နံနက်အိပ်ရာထ(မျက်နှာမသစ်မီ) ရေအေး တစ်ခွက်သောက်ပေးခြင်းဖြင့် အစာအိမ်မှ တစ်ဆင့် ကိုယ်တွင်းအောင်းနေသောအပူများကို ငြိမ်းစေနိုင်သည်။ ရေသောက်ပြီးမှ မျက်နှာသစ်၊ မျက်နှာသစ်ပြီးမှ သွားတိုက်ခြင်းသည် မှန်ကန်သော ကျန်းမာရေးလမ်းစဉ်ဖြစ်သည်။

နံနက်အိပ်ရာထ ရေချိုးလေ့ရှိသူများသည် ဆောင်းတွင်းတွင် ရေမချိုးရဲကြ၊ ဆောင်းအကုန် အအေးပေ့ါလာသောအခါ ရေချိုးချင်လာကြ သည်။ရေမချိုးတာကြာ၍ အကျင့်မရှိဖြစ်နေရာ မှ ရေချိုးလိုက်ချိန်တွင် အခန့်မသင့်လျှင် အအေး ပပ်ခြင်း၊ သွေးတိုးတက်ခြင်းဖြစ်နိုင်သဖြင့် ရေ နွေးအနည်းငယ်စပ်ချိုးသင့်သည်။ ရေနွေးနွေးချိုး ပြီး အပြီးသတ်မှသာ ရေအေးချိုးခြင်းဖြင့် ရုတ် တရက်လေဖြတ်ခြင်းမှ ကာကွယ်နိုင်ကြောင်း တင်ပြလိုက်ရပါသည်။




## ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း

**AGTI Society Vocational Training Centre မှ ဖွင့်လှစ်မည့် Estimating(အပတ်စဉ်-၄)သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း**

၁။ သင်တန်းနေရာ - ယခင်အင်းစိန်ဂျီတီအိုင် ကျောင်းဝင်းရှိ A.G.T.I Society, V.T.C
၂။ စတင်ဖွင့်လှစ်မည့်နေ့ - ၂၀၁၆ခုနှစ်၊ မတ်လ ၅ရက် (စနေနေ့)
၃။ လျှောက်လွှာပိတ်ရက် - ၂၀၁၆ခုနှစ်၊ မတ်လ ၄ ရက် (သောကြာနေ့)၊ ညနေ ၁၆း၀၀နာရီ
၄။ သင်တန်းကာလ - (၂)လ၊ (စနေ၊ တနင်္ဂနွေနေ့များသာ)
၅။ သင်တန်းချိန် - တစ်ရက်လျှင် ၃နာရီ၊ (၁၅း၀၀နာရီမှ ၁၈း၀၀ နာရီထိ)
၆။ သင်တန်းဝင်ပညာ - A.G.T.I(သို့မဟုတ်)ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။
အရည်အချင်း - အခြေခံကွန်ပျူတာ အသုံးပြုတတ်သူဖြစ်ရမည်။

(သင်တန်းသားဦးရေ ၂၀ဦးသာ လက်ခံသင်ကြားပေးမည်။) လျှောက်ထားမည့်သူသည် အသင်းတွင်ရှိသော လျှောက်လွှာပုံစံကို ဖြည့်စွက်၍ ပညာရေး အောင်လက်မှတ်မိတ္တူ၊ ဓာတ်ပုံ (၃)ပုံ၊ မှတ်ပုံတင်မိတ္တူတစ်စောင်ပူးတွဲ၍ လျှောက်ထားရမည်။

အသေးစိတ်သိလိုပါက ဂျီတီအိုင် ကျောင်းသားဟောင်းများအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (တတိယထပ်)၊ လှိုင်တက္ကသိုလ်နယ်မြေဝင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။




## လူပျောက်



မောင်ဝင်းထင်ကျော် အသက်(၁၃)နှစ်၊ အရပ်၄ပေ×၉လက်မ ပိန်ပိန်ရှည်ရှည် မျက်မှန် တပ် နှုတ်ခမ်းထူထူသည် ၁၉-၁-၂၀၁၆ရက် (အင်္ဂါနေ့)တွင် ပျောက်သွားပါသဖြင့် တွေ့ရှိပါ က အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၉-၂၀၁၇၉၆၁
၀၉-၄၅၀၀၄၃၄၀၅
၀၉-၇၃၁၆၈၃၉၈
၀၁-၅၈၁၉၅၅

# မြဝတီမြို့ယာဉ်ထိန်းမီးပွိုင့်နှစ်ခုတွင် စီစီတီဗွီကင်မရာများတပ်ဆင်

**မြဝတီ ဖေဖော်ဝါရီ ၁၄**

ကရင်ပြည်နယ် မြဝတီခရိုင် ခရိုင်ရဲတပ်ဖွဲ့ ယာဉ်ထိန်းမီးပွိုင့် စီစီတီဗွီ Control Center ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၁၁ ရက် နံနက် ၉ နာရီက ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနေ့အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အဖွင့်အမှာစကား ပြောကြားပြီး ယာဉ်ထိန်းမီးပွိုင့် နှစ်ခုတွင် စီစီတီဗွီ ၈ လုံးတပ်ဆင်မှု ကုန်ကျမှုစရိတ်များအား ဦးသိန်းဇော်က ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်ပြီး စီစီတီဗွီ Control Center အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမိုးညို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် စီစီတီဗွီအလှူရှင် ဦးမျိုးအောင်တို့က ဖွင့်လှစ်ပေးပြီး အခမ်းအနားသို့ တက်ရောက်လာသူများက စီစီတီဗွီ Control Center အခန်းအား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

"မြဝတီမြို့ဟာ ထိုင်း-မြန်မာနယ်စပ်မြို့တစ်မြို့ဖြစ်ပြီး လူမျိုးပေါင်းစုံနေထိုင်ပြီး ဒေသခံများ၊ တတိယနိုင်ငံသားများနှင့် ထိုင်းနိုင်ငံသားများက မြဝတီ-မဲဆောက် ဝင်ထွက်ပေါက်ကနေ နေ့စဉ်နှင့်အမျှဝင်ထွက်သွားလာနေပါတယ်။ အဲဒီလို သွားလာတာနှင့်အမျှ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ မူးယစ်ဆေးဝါးမှုများ၊ မှုခင်းပိုင်းဆိုင်ရာနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း ယာဉ်တိုက်မှုများအဖြစ်များနိုင်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဒုစရိုက်သမားများ၊ တရားခံများကို အချိန်မီဖမ်းဆီးနိုင်ဖို့ ရည်ရွယ်ပြီး တပ်ဆင်ခဲ့တာဖြစ်ပါတယ်ဟု ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမိုးညိုက ပြောသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်သင့်ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်



**တီးတိန် ဖေဖော်ဝါရီ ၁၄**

ကလေးကက်သလစ် သာသနာပိုင် (ကလေးမြို့) ဂိုဏ်းအုပ်ဆရာတော်ကြီး Felix Lian Khen Thang ၏ လမ်းညွှန်မှုဖြင့် သဘာဝဘေးအန္တရာယ်သင့် ပြည်သူများအတွက် ကုသိုလ်ရှင်၊ စေတနာရှင်များဖြစ်ကြသော အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု (Mobile Clinic Team) ဆပ်ကော်မတီမှ Fr.Peter Thawng Mung၊ ဥက္ကဋ္ဌ Simon ဒေါက်တာ ထွမ်ခန့်ဆွမ်(သွားနှင့် ခံတွင်းအထူးကုဆရာဝန်ကြီး)၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဂိုခန့်နွမ်း (လက်ထောက် ညွှန်ကြားရေးမှူး၊ ငှက်ဖျား/ခုခံ ကျ/ကာလ)၊ ဒေါက်တာလဘန်ဂွမ်ဂျက် (အရိုးအကြောအထူးကု)၊ ဒေါက်တာထက်မြတ်စိုး(စိတ်/မူးယစ်အထူးကု)၊ ဒေါက်တာပြည့်ဖြိုးအောင် (ကလေးအထူးကု) တို့ ဦးဆောင်ကာ ကက်သလစ်ဘုန်းတော်ကြီးများ၊ သာသနာ့ဝန်ထမ်းများ၊ ဆေးကုမ္ပဏီမှ ဝန်ထမ်းများနှင့် ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများ လိုက်ပါလျက် စုစုပေါင်း ၃၈ ဦးတို့ ပါဝင်သောအဖွဲ့ သည် ချင်းပြည်နယ်နှင့် ကလေးမြို့နယ်အတွင်းရှိ သဘာဝဘေးအန္တရာယ်သင့် ပြည်သူများထံသို့ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများအခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဖေဖော်ဝါရီ ၇ ရက်က ချင်းပြည်နယ် တီးတိန်မြို့နယ် မိုင်နွဲကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်ရန် လိုအပ်သူ အထွေထွေလူနာ ၉၁ ဦး၊ သွားနှင့် ခံတွင်းဆိုင်ရာလူနာ ကိုးဦး၊ အရိုးအကြောကုသလူနာ ၃၂ ဦး၊ စိတ်နှင့် မူးယစ်ဆေး ဆိုင်ရာလူနာ ၁၆ ဦးနှင့် ကလေးလူနာ ၁၅ ဦး စုစုပေါင်းလူနာ ၁၆၃ ဦးတို့ကို အခမဲ့ စမ်းသပ် ကုသပေးခဲ့သည်။

"ကလေးကဖျားနေတာ သုံးရက်ရှိပြီ။ ပိုက်ဆံမရှိလို့ ပါရာစီတမောလ်ဆေးပဲတိုက်နေတာ။ ကျွန်မက သွားနာနေတာ တစ်ပတ်လောက်ရှိပြီ။ မြို့ကိုသွားဖို့ ပိုက်ဆံမရှိလို့ ဆန်ပြုတ်ပဲသောက်ပြီး နေရတာ။ ပါးတစ်ခြမ်းလုံးကိုက်ပြီး ရောင်နေတော့ ညတောင်ကောင်းကောင်းအိပ်လို့မရဘူး။ ရွာထဲမှာ ကက်သလစ်သာသနာက ဦးဆောင်တဲ့ ဆရာဝန်ကြီးတွေလာပြီး အခမဲ့စမ်းသပ်ကုသပေးမှာ ဆိုလို့ မနက် ၆ နာရီကတည်းက စောင့်နေတာပါ။ ကုသပေးတဲ့ ဆရာဝန်၊ ဆရာမတွေကို အတိုင်းထက်အလွန် ကျေးဇူးတင်ပါတယ်" ဟု မိုင်နွဲကျေးရွာမှ ကလေးမိခင်ဒေါ်နူးကျိန်က ပြောသည်။

"ကျွန်မကတော့ ခါးနဲ့ဗိုက်တွေ တအားနာတာပါ။ အခုတော့ သက်သာသွားပါပြီ။ မအားတဲ့ကြားက အခုလို တောကြိုတောင်ကြား ထဲက ကျွန်မတို့တွေဆီကို အချိန်ပေးပြီး လာကုသပေးတဲ့ ဆရာဝန်တွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်" ဟု ဒေါ်နူးဒိုးက ပြောသည်။

အလားတူ ဇန်နဝါရီ ၂၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် စခန်းကြီးကျေးရွာသို့ သွားရောက်၍ ကျန်းမာရေး ပညာပေးဟောပြောပွဲပြုလုပ်ပေးပြီး ကျန်းမာရေးစောင့်ရှောက်ရန်လိုအပ်သူ အထွေထွေလူနာ ၁၈၂ ဦး၊ သွားနှင့် ခံတွင်းဆိုင်ရာလူနာ ၄၀၊ အရိုးအကြောကုသလူနာ ၉၄ ဦးနှင့် သားဖွားမီးယပ်ဆိုင်ရာလူနာ ၂၇ ဦးတို့အား အခမဲ့စမ်းသပ် ကုသပေးခဲ့ကြောင်း သိရသည်။

**ဇိုဟေဆာ**

# နတ်တလင်းမြို့နယ်ရှိမတ်ပဲစိုက်တောင်သူများစီးပွားရေးအဆင်ပြေ

**နတ်တလင်း ဖေဖော်ဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်နတ်တလင်းမြို့နယ်တွင် နတ်တလင်း-တာပွန် ကားလမ်းတစ်လျှောက် မတ်ပဲများ နှုတ်သိမ်းနေပြီဖြစ်ရာ ပဲစိုက်တောင်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"မတ်ပဲဈေးက ပြီးခဲ့တဲ့နှစ်ထက် ယခုအချိန် ပေါက်ဈေးက မြင့်တယ်။ ကျပ် ၄၈၀၀၀ ဝန်းကျင်မှာရှိတယ်။ တချို့လည်း ကြိုတင်ဝယ်ဈေးက ကျပ် ၅၀၀၀၀ ဖြစ်တယ်။ သူတို့ကတော့ လှောင်ထားမည့်သူတွေဆိုတော့ ပြီးခဲ့တဲ့နှစ်က ဈေးနဲ့တွက်ရင် အကျိုးအမြတ်ရှိပါတယ်။ လက်လုပ်လက်စားကျပန် အလုပ်သမားမိသားစုတွေလည်း ဝင်ငွေရတယ်။ ပဲနုတ်သမားတစ်ဦးကို မနက် ၆ နာရီက ၁၀ နာရီအထိ၊ မွန်းလွဲ ၁ နာရီက ညနေ ၅ နာရီအထိကို ကျပ် ၃၀၀၀ ပေးရတယ်။ တချို့ အလုပ်သမားရှားတဲ့ဒေသတွေမှာ ကျပ် ၄၀၀၀ အထိပေးရတယ်။ ကျပန်လုပ်ကိုင်စားသောက်ကြတဲ့ မိသားစုတွေလည်း စားဝတ်နေရေး အဆင်ပြေကြတာပေါ့။ မျိုးစေ့ကြဲပြီးထယ်ထိုး ထွန်ယက်ကာလုပ်ရတယ်။ မျိုးပဲက တစ်ကျိုးကို နှစ်ပြည်နဲ့ လေးပြည်ကြား မိမိလယ်မြေအနေအထားကိုကြည့်ပြီး ကြဲရတယ်။ အပင်ကြီးလာမှ အပင်အခြေအနေကြည့်၍ သင့်တော်တဲ့ဆေးကို သုံးပေးရတယ်။ ပဲထွက်နှုန်းက တစ်ကျိုးကို ပျမ်းမျှ လေးတင်းခန့် ထွက်တယ်။ မနှစ်က ကျွန်တော် ငါးဧကကို မတ်ပဲ ၁၁၅ တင်းရတယ်။ မတ်ပဲပေါ်ချိန်မှာ မရောင်းဘဲ သိုလှောင်ထားပြီးမှ ရောင်းရင် ပိုပြီးအကျိုးအမြတ်ရှိတာပေါ့။ မနှစ်က ဆိုရင် ကျပ် ၈၀၀၀၀ အထိ ဈေးတက်သွားတယ်။ တော်တော်များများ တောင်သူတွေက စက်နဲ့ပဲ ထွန်ယက်စိုက်ပျိုးကြတယ်။ ကျွဲ၊ နွားနဲ့လုပ်တာထက် ကရိကထမများဘူး။ ဘာဘဲဖြစ်ဖြစ် မတ်ပဲဈေးကောင်းတော့ပဲစိုက်တောင်သူတွေနဲ့ ကျပန်အလုပ်သမားမိသားစုတွေအားလုံး အဆင်ပြေကြကြောင်း တောင်သူတစ်ဦးက ပြောသည်။

**ဝ၇၁**

အမြန်ရောင်းမည်
တ/၃၊ ဝေဇယန္တာလမ်းမအနီး
(20'x60')၊ မြေကွက်၊ ဂရန်
Ph: 09-777277920, 09-789510052

တိုက်ခန်းငှားမည်
(13.5'x70')၊ ပထပ် Hall
ကြွေပြားခင်း/တစ်၊ Air-con(2)လုံး၊
မြစ်ကြီးနားဆယ်လမ်းမကြီး(တာမွေဈေးနှင့်နီး)
သင်တန်း၊ ရုံးခန်း၊ ဈေးဝယ်ဆိုင်ဖွင့်ရန် သင့်တော်၊
09-5406607, 09-73034699

သုံးရာသီ ပမ္မဒါန
မန္တလေး၊ ပြေမြို့၊ စစ်ကိုင်း၊ မုံရွာ၊
Feb - 19,26
Mar - 4,11,18
420144148, 421153797

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph: 09-43117680, 09-5059821

ဆပ်ပြာစက်နှင့် အမွှေးဆီများ ရောင်းရန်ရှိသည်။
ရုံးခန်းကျယ်(မြို့ထဲ၊ မြေညီ၊ ထပ်ခိုးပါ)
ငှားရန်ရှိသည်။
ပွဲစားမလို။ ၀၉ ၇၈၅၁၅ ၇၂၄၃

ကွန်ပျူတာ နည်းပညာဖြင့် အောင်မြင်သော အနာဂတ်ကို တည်ဆောက်လိုသူများအတွက်
GUSTO
International College
◆ BSc (Hons) Computing (UK)
◆ HND Diploma in Computing (UK)




GUSTO ၌ HND ပြီးမြောက်ပြီး IT လုပ်ငန်းခွင်တွင် လုပ်ကိုင်လျက်ရှိသော ထူးချွန် ကျောင်းသူကျောင်းသားအချို့အား ဂုဏ်ယူစွာဖြင့် ဖော်ပြအပ်ပါသည်။
- တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ (သို့) IGCSE အောင်မြင်ပြီးသူများ စတင်တက်ရောက်နိုင်ပါသည်။
- စာသင်ကာလ ၂ နှစ်အတွင်း အဆင့်မြင့် Computer ဘာသာရပ်များကို သာမက Management ဘာသာရပ်များကိုပါ နိုင်ငံတကာ တက္ကသိုလ်ကြီးများအတိုင်း စာတွေ့လက်တွေ့ သင်ယူရမည်ဖြစ်ပါသည်။
- စာသင်ကာလ ပြီးဆုံးပါက UK Edexcel မှ ချီးမြှင့် သော Higher National Diploma in Computing ရရှိမည်ဖြစ်သည်။
- ဘွဲ့ဒီပလိုမာ ရရှိပြီးပါက IT Professional တစ်ယောက်အဖြစ် နိုင်ငံတကာ လုပ်ငန်းခွင်များသို့ တိုက်ရိုက်ဝင်ရောက် လုပ်ကိုင်နိုင်မည်ဖြစ်သည်။
အမှတ် ၂၈၉ (အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Call Now :(09) 86 288 06 , (09) 789 888 222
Feb Intake

# စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာ့ဇရိပ်သာလမ်း၊ အမှတ်(၇/က)နေ
ဦးသက်ထွန်း-ဒေါက်တာနွယ်နီဝေ (United Paints Group Co.,Ltd) တို့၏တစ်ဦးတည်းသောသား

**မောင်စည်သူ** (ခ) **Charles**

**B.E(UNSW, Australia),MBA (UTCC, Thailand)**

**Executive Director (National Prosperity Gold Production Group Ltd)**

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ်(၂၁၂)နေ
ဒေါက်တာအောင်ဝင်း-ဒေါ်ကြွေကြွေဇင်**(Maple Trading Co.,Ltd)**တို့၏သမီးကြီး

**မဝင်းအိခိုင်** (ခ) **Winnie**

**B.A(Eng), MBA(Hitotsubashi University, Japan)**

**Managing Director (Streamline Training-Learning Centre), Executive Director (Maple Trading Co.,Ltd)**

တို့၏ ၆-၁၂-၂၀၁၅ရက် Le Planteur French Fine Dining Restaurant ၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် မင်္ဂလာနာယကအဖြစ် လက်ထပ်ပေးပြီး မင်္ဂလာသြဝါဒစကား ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်စိုးစိုးအောင်၊ အသိသက်သေလက်မှတ်ရေးထိုးပေးပါသော ဦးပြည့်အောင်နှင့်ဒေါ်နန္ဒာအေး၊ ဦးသက်အောင်ချို့နှင့် ဒေါ်မြတ်သဇင်အောင်၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော မဖြူစင်၊ တေးသံသာဖြင့် ဖျော်ဖြေပေးပါသော တယော ဦးတင်ရီနှင့်အဖွဲ့၊ တည်ခင်းဧည့်ခံပေးပါသော Le Planteur French Fine Dining Restaurant အထွေထွေမန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၃-၂-၂၀၁၆ရက် မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲအခမ်းအနားတွင် အစစအရာရာ ကူညီဆောင်ရွက်ပေးပါသော ဒေါက်တာတင်စိုးလင်းနှင့် ညီမဒေါ်ပွင့်မာခိုင် (ရွှေပုဇွန်မုန့်တိုက်)၊ တည်ခင်းဧည့်ခံပေးပါသော မဟာစည်သာသနာ့ရိပ်သာမှ တာဝန်ရှိသူများနှင့်ဝေယျာဝစ္စအဖွဲ့များအားလည်းကောင်း၊ ၇-၂-၂၀၁၆ရက် Sule Shangri-La Hotel ၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသင်မြင့်သန်း၊ စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားမင်္ဂလာဆောင်နှင်းပေးပါသော နှစ်ဖက်မိဘများ ဖေဖေ ဦးသက်ထွန်းနှင့်မေမေ ဒေါက်တာနွယ်နီဝေ၊ အောင်မင်္ဂလာပန်းကုံးနှင့် အောင်မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဖေဖေ ဒေါက်တာဦးအောင်ဝင်းနှင့်မေမေ ဒေါ်ကြွေကြွေဇင်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားများတွင် မင်္ဂလာပန်းကြဲနှင့် ရွှေထွက်လမ်းလျှောက်ပေးပါသော မောင် Evan Sean Liu၊ မသဇင်မိုးမြင့်၊ မဟန်ရတီလင်းမောင်၊ မရှင်ဖူးဝေအောင်၊ မထက်အိန္ဒြေချို၊ မသုန္ဒရီချိုသာ၊ မယွန်းနံ့သာချို၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးပါသော မရှင်အေးမြအောင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မနန်းနန်း၊ မင်္ဂလာသတို့သားအရံများဖြစ်ကြသော ကိုအင်ဒရူးဘွိုင်လျန်းအုပ်၊ ဒေါက်တာနိုင်ဝင်း၊ ဒေါက်တာစိုးမင်းအောင်၊ ကိုရောဘတ်ဒန်း(န်)၊ မင်္ဂလာသတို့သမီးအရံများဖြစ်ကြသော မစောကလျာကြည်၊ မခိုင်ဝင့်ဆွေ၊ မဝေမီချို၊ မစုစုပုလဲ၊ မင်္ဂလာအခါတော်တေးသီဆိုပေးပါသော တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဧည့်ခံပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်(မြန်မာမှုတေးဂီတအဖွဲ့) အားလည်းကောင်း၊ ၇-၂-၂၀၁၆ရက် Sule Shangri-La Hotel(Myanmar Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲအခမ်းအနားတွင် အခမ်းအနားမှူးများအဖြစ်ဆောင်ရွက်ပေးပါသော ကိုကျော်ထွဋ်ဆွေ၊ မနန်းသူဇာ၊ မင်္ဂလာစကားချီးမြှင့်ပေးပါသော Professor Sherman Abe(Hitotsubashi University, Japan)၊ Dj ဗေတား၊ မေတ္တာဖြင့် မင်္ဂလာစုံတွဲအကနှင့် အုပ်စုအဖွဲ့အကများကို သင်ကြားပေးပါသော ကိုအန်ဒီဟွမ်၊ မေတ္တာဖြင့်ချီးမြှင့်ပေးပါသော Dancer Team အဖွဲ့ဝင် ဆွေမျိုးသူငယ်ချင်းများအားလည်းကောင်း၊ မိတ်ကပ်၊ ဆံပင်၊ DecemberHnin နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော ဒီဇိုင်နာမင်းသက်စံ (Sweet & Smart Collection)၊ မဇူဇူ (Zu Zu Collection)၊ လက်ဝတ်ရတနာများအား မေတ္တာဖြင့် ဆင်မြန်းပေးပါသော အန်တီလုလုနှင့် မမီရှဲလ် (Rich Gems)၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ကိုနိုင်နိုင်ထွန်း(Exposure) နှင့်အဖွဲ့၊ Forever အဖွဲ့၊ ကိုမျိုးမင်းနှင့်လုံးလုံး(Happy Moment)၊ ပန်းအလှဆင်ပေးပါသော အန်တီနီလာ(Eternal Floral)၊ မသက်နှင်းလှိုင်(Inya Floral)၊ Dagon ပုံနှိပ်တိုက်၊ မမျိုး (Wedding Planner)၊ တည်ခင်းဧည့်ခံပေးပါသော Sule Shangri-La Hotel မှတာဝန်ခံမန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲများတွင် ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆွေမျိုးသူငယ်ချင်းများ၊ မိတ်ဆွေသင်္ဂဟများ၊ မင်္ဂလာလက်ဆောင်များချီးမြှင့်ပေးပါသော ပြည်တွင်း ပြည်ပမှအဖွဲ့အစည်းများ၊ ဆွေမျိုးသူငယ်ချင်းမိတ်ဆွေများ၊ စေတနာထက်သန်စွာဖြင့် ကိုယ်အား၊ ဉာဏ်အား၊ နှုတ်အားဖြင့် ကူညီဆောင်ရွက်ပေးခဲ့ပါသော နှစ်ဖက်သောဆွေမျိုးများ၊ ချစ်သူငယ်ချင်းများ၊ ကုမ္ပဏီဝန်ထမ်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့်ပုဂ္ဂိုလ်များအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်

မောင်စည်သူ(ခ)**Charles** -မဝင်းအိခိုင်(ခ)**Winnie**

**ပျောက်ဆုံးကြောင်း**
ကျွန်မ မဝါရည်ဦး (မှတ်ပုံတင်လျှောက်ထားဆဲ)၏ နိုင်ငံကူးလက်မှတ်အမှတ် MA 563537 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၀၁၄၇၇၃၀

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်ဟိန်းထက်ထွန်း ၉/ပကခ(နိုင်)၀၁၀၅၂၂၏ နိုင်ငံကူးလက်မှတ်အမှတ် M 939531 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၂၀၁၁၂၇၃

**OHSAMA Japanese Restaurant**
**(Hot Pot, B.B.Q, Japanese Food)**
(ဖေဖော်ဝါရီလ တစ်လလုံးအထူး Promotion အစီအစဉ်)
မီးသွေးမီးဖိုဖြင့် B.B.Q စတင်ခြင်းအဖြစ်
- Japan Beef, Black Pork, Chicken and Natural Sea Foods-**20% Discount**
- တစ်လအတွင်း ဒုတိယအကြိမ်ထပ်မံလာရောက်အားပေးသော ဧည့်ပရိသတ်များအား **30% Discount** ရရှိမည်ဖြစ်ပါသည်။
- **Special Menu**- ဝလေးဦးနှင့်အထက်တစ်ဦးလျှင်(12000ks) ကြိုက်နှစ်သက်ရာမှာ အဝစား
- လာရောက်အားပေးသောဧည့်ပရိသတ်အားလုံးအားDessertအဖြစ်(ကွလ်ဗီး)လက်ဆောင်ဧည့်ခံကျွေးမွေးပါမည်။

No.28/B,Pho Sein Road, Natmauk Quarter, Tamwe Ts.
Ph:01-555539, 09-31382082, 09-30224438
Lunch - 11:00 am to 3:00 pm & Dinner - 5:00 pm to 11:00 pm





**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်အကြောင်းကြားစာ**

**(တရားမကျင့်ထုံး ကိုခဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**ပြင်ဦးလွင်မြို့နယ်တရားမရုံးတော်၌**

**၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၃နှင့်ဆက်သွယ်သည့်**

**၂၀၁၆ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅**

| | | |
|---|---|---|
| ဦးစံလွင် | နှင့် | ဒေါ်တင်ကြီး |
| ဒီကရီအနိုင်ရသူ | | တရားရှုံး |

ပြင်ဦးလွင်မြို့၊ အမှတ်(ယ-၉၉)၊ ရပ်ကွက်ကြီး(၁၀)၊ ပဒေသာမြို့သစ်နေ ဒေါ်တင်ကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးစံလွင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ရက် (၁၃၇၇ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီ အရောက် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ငြိမ်းချမ်း)
ဒုတိယမြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

ကြော်ငြာ




DONGFENG MOTOR
DRIVING SUCCESS

YANGON SHOWROOM
No.19,Baho Road,Sanchaung Township,Yangon.
Ph: 01-230 4801, 230 4802
www.DongFeng-Myanmar.com | DFM-Myanmar

DFM

"SEVEN စံ"
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
ဆဲဗင်းလ် စံ နဲ့ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခ လုံးဝ မယူပါ"
Ph: 09 - 33 333 511
09 - 33 333 514
09 - 33 333 644

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123

## ပေကျယ်တိုက်ခန်းရောင်းမည်(ပွဲစားမလို)

၁။ စမ်းချောင်းမြို့နယ်၊ ပေ(၂၅×၅၀)၊ 4.F၊ ကျွန်းပါကေး၊ ကြွေပြားပြည့်၊ BR(2)၊ MBR(1), ဘိုထိုင်(၂)၊ မျက်နှာကြက် အထူးပြင်ဆင်ပြီး တိုက်ခန်းအသစ်။
၂။ စမ်းချောင်းမြို့နယ်၊ ပေ(၂၅×၅၀)၊ 2.Fကျွန်းပါကေး၊ ကြွေပြား၊ ကြိုးဖုန်း၊ BR(1), MBR(1)၊ ကောနစ်၊ အထူးပြင်ဆင်ပြီး၊ ကွန်ဒိုတိုက်ခန်းသစ် (Lift)ပါ။

## တိုက်ခန်းရောင်းမည်(ပိုင်ရှင်ကိုယ်တိုင်)

ဗိုလ်တထောင်ဈေးလမ်း၊ ပေ(၁၈×၆၀)၊ 3rd fl ၊ ကိုယ်ပိုင်ရေမီး၊ ပါကေးခင်းပြီး၊ ပြင်ဆင်ပြီး၊ အိပ်ခန်း(၂)ခန်း၊ 2AC၊ Phပါ။

ဖုန်း ၀၉-၇၈၅၁၅၉၈၉၃

| | | |
|---|---|---|
| ပျောက်ဆုံးကြောင်း | Arokian Pasker(ခ)ဦးသန်းရွှေ၏ မှတ်ပုံတင်နံပါတ် [၁၂/ဥကမ(ပြ)၀၀၀၉၃၇] ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ Arokian Pasker(ခ)ဦးသန်းရွှေ 09-250291403, 09-425029894 | |

## နေရာကောင်းလမ်းမကြီးပေါ်မြေကွက် အမြန်ရောင်းမည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အစည်ကားဆုံး ၇/၈လမ်းဆုံအနီး၊ ပြည်ထောင်စုလမ်းမကြီးပေါ်တည်ရှိသည်။ မျက်နှာစာပေ(၄၀)၊ ရှေ့နောက်ပေ(၁၀၀)၊ မြေဖို့ပြီး။ (၁)ထပ်အိမ်အသေး (၁)လုံး၊ မြောက်ဒဂုံ၏ အကျယ်ဆုံးပေ(၁၂၀ကျယ်)နှင့် အလှပဆုံးလမ်းမကြီး (ဝေဇယန္တာလို လမ်းလယ်ကျွန်းနှင့် လေးလမ်းသွားလမ်းမကြီး)ပေါ် မေးတင်ထားသောမြေကွက်။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ ညှိနှိုင်းဈေး။
Ph:09-777577807

## အမြန်ပြန်လာပါ

သမီး သီရိ

သမီးရဲ့မောင်လေး မောင်ဝင်းကို ၁၁-၂-၂၀၁၆ရက်ညက ဦးနှောက်သွေးကြောပေါက်လို့ ရန်ကုန်ဆေးရုံကြီး ဦးနှောက်နဲ့အာရုံကြောမှာ တင်ထားရပါတယ်။ အမြန်ပြန်လာပါ။

ဖခင်-ဦးကျော်ဝင်း[၁၂/ပဇတ(နိုင်)၀၁၀၇၀၂]

## မြေသယ်မော်တော်ယာဉ်ရောင်းမည်

| | | |
|---|---|---|
| အမျိုးအစား | - | (၁၀)ဘီး |
| တံဆိပ် | - | SINO TRUCK (HOWO-336) |
| ထုတ်လုပ်ခုနှစ် | - | 2010 |
| အင်ဂျင် | - | 336(output) |
| ရောင်းဈေး | - | 250 သိန်း |
| လိုင်စင် | - | ရန်ကုန် (၅ ဂ) |
| Phone | - | ၀၉၇၉၉၉၉၇၀၂၀၊ ၀၉၇၉၉၉၉၇၀၂၉ |



# အပြည်ပြည်ဆိုင်ရာကမ္ဘာ့ငြိမ်းချမ်းရေးဆု(U.S.A) မှ ဘွဲ့တံဆိပ် ဆက်ကပ်တော်မူခြင်းခံရသော ကျေးဇူးရှင် ဗန်းမော်ဆရာတော်ကြီးအား ထပ်ဆင့်ဂုဏ်ပြု ပူဇော်ပွဲ ဖိတ်ကြားလွှာ




World Peace Prize Awarding Council
Capitol Hill Washington, D.C. 20003-0849
Tel : 202-544-0505 Fax : 202-458-7537

Name : His Holiness Dr. Bhaddata Kumarabhivamsa Bhamo Sayadaw
Buddhists of the World King

Date of Birth : September, 16, 1929

Title : The World Peace Prize - Top Honor Prize
World Human Cultural Asset

This is to certify that the Judges, World Peace Prize Awarding Council Inc.(WPPAC) have approved by an unanimous consent to award World Peace Prize - Top Honor Prize with the title of World Human Cultural Asset to His Holiness Dr. Bhamo Sayadaw, Buddhists of the World King in recognition of career devotions and prayers for spiritual enrichment of the world citizens setting a symbolic example so highly respected thus overwhelmingly elected as Buddhists of the World King for the first time in the human history and the World Buddhists, prescribed by ten(10) world major religious liaisons who are simultaneously serving as the Judges, WPPAC affixing their signatures hereunder at the epoch creating Inaugurational ceremony of Buddhists of the World King in the great religious country of Myanmar on November 1, 2015.

Respectfully yours,

Dr. Han Min Su, Co-founder, Executive Judge, Korea
Father Sean McManus, Chief Judge, USA
Dr. Asher Naim, Sec. Gen. Judge, Israel
Dr. Shiu Loon Kong, Senior Judge, China-Canada
Dr. Bhupatray M. Oza, Judge, India
Dr. Mohamed A. Chokany, Judge, Egypt
Dr. Carlito S. Puno, Judge, Philippines
Dr. Gennady P. Turmov, Judge, Russia
Princess Kaoru Nakamaru, Judge, Japan
Ms. Barbara J. Flaherty, Judge, Corporate Manager, USA

အမေရိကန်နိုင်ငံ၊ ကမ္ဘာ့ငြိမ်းချမ်းရေးသည် ထူးထူးကဲကဲညီညွတ်စွာဖြင့် သဘောတူ ကမ္ဘာ့ငြိမ်းချမ်းရေးဂုဏ်ထူးဆောင်ဆုဖြစ်သော **ဘွဲ့'**ကို (၂၀၁၅)ခုနှစ်၊ နိုဝင်ဘာ(၁)ရက်တွင် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဥက္ကဋ္ဌ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိ ဓဇအဂ္ဂမဟာ သီဟာဝဋ္ဋ္ဋံသကာ၊ ပါဠိသိရောမဏိ၊ ဘီအေ (Ph. D.D.Lit)အရှင်သူမြတ်အား ထပ်ဆင့် နိုင်ငံတော်ဥက္ကဋ္ဌ ဆရာတော်ကြီး၏ မည်သူမဆို သဟတိကဒါနမြောက် နယ်လှည့်နတ်စင်တစ်ရာ အထူးသာသနာပြုဆရာ အဓိဋ္ဌာန်စတုဒိသာ ပင်မအလှူရှင်များနှင့် ဆရာကားသိုက်မြိုက်စွာ ကြွရောက်လာသော တည်ခင်းဧည့်ခံကျွေးမွေးပြီးလျှင် နိုင်ငံတော်သံဃနှင့်တကွ ပင့်သံဃာ ဆရာတော်အရှင်သူမြတ် (၁၆)ပါးတို့အား ဆွမ်းစသောဒါနဝတ္ထု အစုစုတို့ကို မင်္ဂလာပြုလုပ် လှူဒါန်းလိုပါသောကြောင့်




ဆုချီးမြှင့်ရေးကောင်စီ၏ အကဲဖြတ်အဖွဲ့ဝင်များ ရွေးချယ်ဆက်ကပ်တော်မူခြင်းခံရသော **'ကမ္ဘာ့လူသားများ ယဉ်ကျေးမှု ဂုဏ်ရည်** ထိုက်တန်စွာဖြင့် ဆက်ကပ်တော်မူခြင်းခံရသော ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ သကျ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဗုဒ္ဓစာပေ ပါရဂူ ဂုဏ်ပြု ချီးကျူးပူဇော်ပွဲအခမ်းအနားတွင် တပည့်၊ ရဟန်းဒါယကာ၊ ဒါယိကာမများ ကိုယ်တိုင်ကိုယ်ကျ လောင်းလှူနိုင်ပါကြောင်းနှင့် တော် ဘဒ္ဒန္တပညာတေဇနှင့် နယ်လှည့် သစ္စာတော်၏ ရဟန်းဒါယကာ၊ ဒါယိကာမများမှ စည်ပရိသတ်တို့အား စတုဒိသာအလှူများဖြင့် မဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး အပါး(၁၂၀)နှင့် အပူဇော်ခံဆရာတော်ကြီး ဆက်ကပ်ပြီး ရေစက်သွန်းချအလှူတော် ရဟန်းဒါယကာ၊ ဒါယိကာမအပေါင်းတို့အား

ကြွရောက်ပူဇော်နိုင်ကြပါရန် နယ်လှည့်သစ္စာအဓိဋ္ဌာန်အဖွဲ့မှ ရိုသေလေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

## ဂုဏ်ပြုပူဇော်ပွဲအစီအစဉ်

- (၂၁၊ ၂၊ ၂၀၁၆)ရက် နံနက်(၁၀း၃၀)နာရီတွင် နတ်စင်တစ်ရာ နယ်လှည့်သစ္စာအဓိဋ္ဌာန် စတုဒိသာဆရာတော် ဘဒ္ဒန္တပညာတေဇ ဦးထိပ်ထား၍ ကျေးဇူးရှင် နှစ်ဖက်မိဘများနှင့် ကျေးဇူးရှင်များအား အမှူးထားပြီး ဦးအောင်ကျော်သူ+ဒေါ်နန်းအေးမြတ်သူဇာ(ASIA STANDARD International Group Co.,Ltd) မိသားစုမှ ထပ်ဆင့်ဂုဏ်ပြုသည့်အနေဖြင့် ဂိုဏ်းပေါင်းစုံ ပင့်သံဃာ(၁၂၀)ပါးအား နေ့ဆွမ်းဆက်ကပ်ပြီး ဧည့်သည်တော်များအား ကျွေးမွေးလှူဒါန်းပါမည်။
- (၂၁၊ ၂၊ ၂၀၁၆)ရက် မွန်းလွဲ (၁၂း၃၀)နာရီတွင် တိုင်းရင်းသား(၁၅)မျိုးမှ တိုင်းရင်းသားဝတ်စုံပြည့်နှင့် ဒေဝါဝင်းဖြင့် ပန်းခင်းသောလမ်းမှ ဆရာတော်ကြီးအား ပူဇော်ပွဲခန်းမသို့ပင့်ဆောင်ပြီး မွန်းလွဲ(၁)နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးအား ပူဇော်ကန်တော့ပါမည်။

## ဧည့်ခံကျွေးမွေးရေးအစီအစဉ်

- (၂၀၊ ၂၊ ၂၀၁၆)၊ စနေနေ့ ညနေ(၃)နာရီမှ ညနေ (၆)နာရီအထိ နယ်လှည့်သစ္စာအဓိဋ္ဌာန်စတုဒိသာအဖွဲ့မှ စတုဒိသာထမင်းဟင်းများဖြင့် ကျွေးမွေးဧည့်ခံပါမည်။
- (၂၁၊ ၂၊ ၂၀၁၆)၊ တနင်္ဂနွေနေ့ နံနက်(၈)နာရီမှ မွန်းလွဲ(၁)နာရီအထိ စတုဒိသာကျွေးမွေးပါမည်။

## ဧည့်ခံဖျော်ဖြေရေးအစီအစဉ်

- (၂၀၊ ၂၊ ၂၀၁၆)၊ စနေနေ့ ညနေ(၆)နာရီမှစ၍ သန်လျင်မောင်ရာပြည့်မင်္ဂလာဆိုင်းဝိုင်းကြီးနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ အနုပညာရှင်များမှ ဧည့်ခံဖျော်ဖြေပါမည်။
- (၂၁၊ ၂၊ ၂၀၁၆)၊ တနင်္ဂနွေနေ့ နံနက်(၆)နာရီမှ မွန်းလွဲ(၁)နာရီအထိ သန်လျင်မောင်ရာပြည့်မင်္ဂလာဆိုင်းဝိုင်းကြီးနှင့် အနုပညာရှင်များမှ သီဆိုဧည့်ခံဖျော်ဖြေပါမည်။

## ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည့်နေရာ

ဗန်းမော်ကျောင်းတိုက်၊ ၇၃လမ်းနှင့် ၃၉လမ်းထောင့် မန္တလေးတက္ကသိုလ်ရှေ့၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးအား လှူဒါန်းလိုပါက ကိုယ်တိုင်ကိုယ်ကျလှူဒါန်းနိုင်ပါကြောင်းနှင့် အသေးစိတ်သိလိုပါက **နတ်စင်တစ်ရာ နယ်လှည့်သစ္စာအဓိဋ္ဌာန်စတုဒိသာ ဆရာ တော် ဘဒ္ဒန္တပညာတေဇ၊ ဖုန်း-၀၉-၄၂၁၀၆၅၇၇၇၊ ၀၉-၂၅၄၀၃၇၅၆၈** သို့ ဆက်သွယ်နိုင်ပါသည်။

**နတ်စင်တစ်ရာနယ်လှည့်သစ္စာအဓိဋ္ဌာန် စတုဒိသာဆရာတော်နှင့်**
**သီရိပျံချီဦးဌေးဦးနှင့် ဇနီးဒေါ်နီနီဝင်း၊ စတုဒိသာပင်မအလှူရှင်အဖွဲ့**

# Padan Village Apartment



လှိုင်သာယာမြို့နယ်၊ အတွင်းပဒံ ပေါ်ရှိ  အငှားဈေးကွက် အလွန်ကောင်း
(၆)ခန်းတွဲ (၅)ထပ်တိုက် ၊ ခါတ်လှေကား (၃)စီး၊ ကိုယ်ပိုင်မီးစက်အပါအဝင်







- မြေပိုင်မြေပေါ်တွင် တည်ဆောက်ထားသည့် နိုင်မာသည့် ကိုယ်ပိုင်အိမ်ရာ
- အဆောက်အဦးပြီးစီးမှု ၉၀ %
- လုပ်ငန်းရှင်များ၊ ကုမ္ပဏီပိုင်ရှင်ကြီးများမှ ဝိမိဝန်ထမ်းများကို ထားရှိရန် ဝယ်ယူလိုပါက တိုက်တစ်တိုက်လုံး ရောင်းချပေး၍ ငွေပေးချေမှုညှိနှိုင်းပေးပါမည်

**KBZ ဘဏ်နှင့် (၃)နှစ်**
**Hire Purchase /**
**ကြိုတင်အရစ်ကျစနစ်ဖြင့်**
**မည်သူမဆို ဝယ်ယူနိုင်**

**အရောင်းပြခန်း**

၁၀၇/၁၀၉၊ အနော်ရထာလမ်းနှင့် စဉ့်အိုးတန်းလမ်းထောင့်၊ ဝါဝါဝင်းတာဝါ (၁၂)လွှာ၊  ဖုန်း / ၀၁ - ၂၅၀၆၅၀၊ ၂၅၁၆၆၇၊ ၂၅၁၆၆၈

# ရေထုညစ်ညမ်းမှုနှင့် လူမှုဝန်းကျင်ထိခိုက်မှုလျော့နည်းစေသည့် ရေဆိုးသန့်စင်စက်ရုံများ တည်ဆောက်မည်

သတင်းဆောင်းပါး - စိုးစိုးနိုင်(ကြေးမုံ)
ဓာတ်ပုံ - စောသိန်းဝင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပါဝင်သောမြို့နယ်များ၏ အနာဂတ်အတွက် ရေကောင်းရေသန့်များ ပြည့်စုံလုံလောက်စွာရရှိစေမည့် ရေပေးဝေရေးစနစ်များအပြင် ရေသယံဇာတအရင်းအမြစ်များ ညစ်ညမ်းမှုနှင့် လူမှုဝန်းကျင်ထိခိုက်မှုတို့ကို ကာကွယ်ထိန်းသိမ်းနိုင်မည့် ရေဆိုးသန့်စင်ရေးစနစ်များကိုလည်း မဟာစီမံကိန်းများရေးဆွဲကာ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နောင်တိုးမြင့်လာမည့် ရန်ကုန်မြို့လူဦးရေအချိုးနှင့်အညီ ရေဆိုးသန့်စင်ရေးလုပ်ငန်းကို ဇုန်နယ်မြေများခွဲခြားသတ်မှတ်ကာ ရေဆိုးသန့်စင်စက်ရုံများတည်ဆောက်မည်ဖြစ်သည်။

ရန်ကုန်မြို့တွင် ယနေ့အချိန်ထိ မိလ္လာပြွန်၊ မိလ္လာကန်၊ ရေလောင်းအိမ်သာ၊ ယင်လုံအိမ်သာနှင့်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖



ရန်ကုန်(အရှေ့ပိုင်း)ခရိုင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ ရေဆိုးသန့်စင်စက်ရုံကို တွေ့ရစဉ်။

ယနေ့ မာတိကာ
ဗီယက်နမ်နိုင်ငံတွင် အီဘိုလာရောဂါ ကူးစက်သူတစ်ဦးတွေ့ရှိ စာမျက်နှာ - ၄
ဦးပိန်တံတားသို့ စင်ကာပူမှ BMW ဆိုင်ကယ်များဖြင့် ခရီးသွားဧည့်သည်များ လာရောက်လေ့လာ စာမျက်နှာ - ၁၁
နဗီးလ်လက်ထက် ဗလင်စီယာ ပထမဦးဆုံးနိုင်ပွဲရရှိ စာမျက်နှာ - ၁၃




ရတနာပုံအသင်းနှင့် ဇေယျာရွှေမြေအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်။

## အမှတ်ပေးဇယားထိပ်ပိုင်းမှ ရတနာပုံနှင့် ဌေးကပင်တို့ နိုင်ပွဲရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ဆက်လက်ကျင်းပရာ ဗထူးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ရတနာပုံအသင်းက ဇေယျာရွှေမြေအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❍

## မြန်မာ-ဂျပန် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ စောဂေါ်မူဒိုနှင့် သပြေညိုတို့ ပြိုင်ဘက်များကို အလဲထိုးနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာ-ဂျပန်မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာ့ရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပခဲ့ရာ မြန်မာ့လက်ဝှေ့ကျော် စောဂေါ်မူဒိုနှင့်သပြေညိုတို့ ပြိုင်ဘက်များကို အလဲထိုးအနိုင်ရခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳




သပြေညို(ဘီလပ်မြေစက်ရုံ)နှင့် ကာနေကိုဒိုင်ကီ(ဂျပန်)တို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်စဉ်။



» ရန်ကုန်အရောင်းပြခန်း(၁) - အမှတ်(၉၅၁)၊ ၁၀မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၆၇၅၉၁၊ ၀၉-၃၂၀၇၅၂၄၈
» ရန်ကုန်အရောင်းပြခန်း(၂) - အမှတ် K (၆၄၊၆၅၊၆၆၊၆၇)သီရိရတနာဈေးသစ်၊ အမှတ်(၃)လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်။ ဖုန်း-၀၁-၆၆၇၅၉၁၊ ၀၉-၃၂၀၇၅၂၄၅
» မန္တလေးအရောင်းပြခန်း(၁) - (၈၁)လမ်းနှင့်(၃၂)လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း-၀၉-၂၅၇၁၁၁၁၈၄၊ ၀၉-၂၅၇၁၁၁၁၈၅

themirror.npt@gmail.com
www.facebook.com/themirrordaily

## စစ်ကိုင်း ဝါးချက်-မင်းကွန်းကားလမ်း ကတ္တရာလမ်းခင်းရန် အလှူရှင်များသို့ နှိုးဆော်လွှာ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး တည်ထောင်တော်မူခဲ့သော မင်းကွန်းတိပိဋက-နိကာယကျောင်းတိုက်ကြီးများတွင် သီတင်းသုံးနေထိုင်တော်မူကြသည့် ဆရာတော်ကြီး၏ သားတပည့်များဖြစ်ကြသော ရွှေရတုတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်သီလက္ခန္ဓာဘိဝံသ၊ ရွှေရတုတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိကဆရာတော် အရှင်ဝံသပါလာလင်္ကာရ၊ ရွှေစင်တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်အရှင်ဂန္ဓမာလာ လင်္ကာရ၊ (၁၁)ပါးမြောက် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်အရှင်ကုန္ဒပါလနှင့် တိပိဋကရေ တိပိဋကကောဝိဓ ဘုတလင်ဆရာတော် အရှင်ကုန္ဒာစရိယတို့သည် ကျောင်းပြင်၊ ကျောင်းဆောက်၊ လမ်းဖောက် စသည့်သာသနာပြု ပရဟိတကိစ္စများကို ဆရာတော်ကြီးဆောင်ရွက်ခဲ့သည့်နည်းတူ စစ်ကိုင်း-ဝါးချက်-မင်းကွန်းကားလမ်းကို ဓမ္မနာဒကျောင်းတိုက်အထိ ကတ္တရာလမ်းခင်းလျက်ရှိရာ ကလျာဏနွယ်ဝင် သူတော်စင်အပေါင်းတို့သည် ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

၁။ ကတ္တရာတစ်ပေပါလျှင် ကျပ် ၇၀၀၀၀
၂။ ကျောက်ကြီးတစ်ကျင်းလျှင် ကျပ် ၈၀၀၀
၃။ ကျောက်လတ်တစ်ကျင်းလျှင် ကျပ် ၈၀၀၀
၄။ ကျောက်သေးတစ်ကျင်းလျှင် ကျပ် ၁၀၀၀၀
၅။ မြေတစ်ကျင်းလျှင် ကျပ် ၄၀၀၀

**ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ**

၁။ မင်းကွန်း-တိပိဋက-နိကာယ သာသနာပြုဥပဋ္ဌာကအဖွဲ့၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၂၂၂၇၈/၇၉၊ ၀၉ -၇၃၁၉၇၉၉၅၊ ၀၉-၄၂၀၀၄၀၄၉၂
၂။ မင်းကွန်းတိပိဋက နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့၊ (၁၉)၊ ၂၆ (ဘီ)လမ်း၊ ပိုက်ကျုံး၊ မန္တလေးမြို့။ ဖုန်း-၀၂-၃၀၁၉၀
၃။ မင်းကွန်းတိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့။ ဖုန်း-၀၂-၆၀၄၉၅၊ ၀၉-၆၄၆၃၇၃၇

## ပတ္တမြားရတုပူဇာနှင့်သြဝါဒခံယူပွဲ

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ သဒ္ဓမ္မဂရု(ပုသိမ်)ကျောင်းတိုက်၊ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော် သံဃမဟာနာယကဟောင်း၊ နိုင်ငံတော်သြဝါဒါစရိယဆရာတော်ဘဒ္ဒန္တပဏ္ဍိတ၏ သက်တော်(၈၀) ပြည့် ပတ္တမြား ရတုဝိဇာတပူဇာမင်္ဂလာအခမ်းအနားကို (၁၃၇၇ခုနှစ်၊ တပို့တွဲလဆန်း ၁၃ရက်)၂၁-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီ တွင် ပင့်သံဃာအပါး(၅၀၀)တို့အား လှူဖွယ်ဝတ္ထုများဆက်ကပ်ခြင်း၊ မွန်းလွဲ ၂း၀၀နာရီတွင် သဒ္ဓမ္မဂရုနွယ်ဖွား သက်တော်ရှည် ဆရာတော်ကြီးများထံမှ သြဝါဒခံယူခြင်း၊ ဖေဖော်ဝါရီ ၁၈/၁၉/၂၀/၂၁ ရက်နေ့များ ညစဉ် ဓမ္မပူဇာပွဲများဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြမည်ဖြစ်၍ တက်ရောက်ကြည်ညိုကြပါရန် နှိုးဆော်အပ်ပါသည်။

ရပ်ဝေးရပ်နီးမှ ဆရာတော်သံဃာတော်အနေဖြင့် ပင့်စာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ကြွရောက်တော်မူပါရန် လျှောက်ထားအပ်ပါသည်။ ၁၉-၂-၂၀၁၆ရက် ရန်ကုန်မှ ကားလက်မှတ်များစီစဉ်ထားပါ၍ အောက်ပါဆရာတော်များနှင့် ၁၇-၂-၂၀၁၆ရက် နောက်ဆုံးထားဆက်သွယ်ကြပါဘုရား။

ဆရာတော်ဒေါက်တာအရှင်ပဏ္ဍိတ
သာသနဟိတပရိယတ္တိစာသင်တိုက်
ဖုန်း-၀၉-၇၉၅၂၂၇၄၉၈၊

အရှင်ဝဏ္ဏိတ(စာချ)
မင်္ဂလသုခပါဠိတက္ကသိုလ်ကျောင်းတိုက်
ဖုန်း-၀၉-၂၆၄၈၂၇၁၁၂၊ ၀၉-၇၃၀၄၅၁၀၉

## ရွှေရတုတိပိဋကစက္ခုပါလမျက်စိဆေးရုံ အလင်းလက်ဆောင်ပေးလှူနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ထီးဆောင်းကျေးရွာတွင် ဖွင့်လှစ်ထားရှိသော ရွှေရတုတိပိဋကစက္ခုပါလမျက်စိဆေးရုံတွင် ဆေးရုံစတင်ဖွင့်လှစ်သည်မှ နှစ်နှစ်တာကာလအတွင်း ခွဲစိတ်ကုသပြီး လူနာ နှစ်သောင်းကျော်နှင့် ပြင်ပလူနာ ရှစ်သောင်းကျော်ကို အလင်း လက်ဆောင်ပေးလှူနိုင်ခဲ့ပြီး ဖြစ်ပါသည်။

ပြည်ပ မျက်စိအထူးကုဆရာဝန်ကြီးများမှ နေ့စဉ် လူနာ(၇၀)ဦး ခွဲစိတ်ကုသပေးလျက်ရှိပါသည်။

အလင်း လက်ဆောင်ပေးလှူလိုသော ကုသိုလ်ရှင်များသည် မျက်စိတစ်လုံးလျှင် အလှူငွေ ၃၀၀၀၀/-နှုန်းဖြင့် ပါဝင်ကုသိုလ်ယူကြ ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်ဌာနများ**

၁။ ရန်ကုန်မြို့၊ လမ်းမတော် KBZ ဘဏ်ရှိ ဘဏ်ငွေစာရင်းအမှတ် (၀၀၄၁၂၁၀၂၈၇၂၆၁)၊ ဆရာတော်ဦးဝံသပါလာလင်္ကာရ စာရင်းသို့ လှူဒါန်းနိုင်ပါသည်။
၂။ မင်းကွန်းတိပိဋကနိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့၊ (၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း-၀၁-၂၂၂၂၇၈၊ ၀၉-၇၃၁၉၇၉၉၅၊
၃။ ရွှေရတုတိပိဋက စက္ခုပါလမျက်စိဆေးရုံ ဖုန်း-၀၉-၇၉၄၇၅၃၇၄၁၊ ၀၉-၂၅၆၀၆၆၁၅၁

**ရွှေရတုတိပိဋကစက္ခုပါလမျက်စိဆေးရုံ**






## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၄၃)ပထမထပ်ရှိ တိုက်ခန်းကို မူလပိုင်ရှင် ဦးမြို့ဖေ[၈/ဂဂန(နိုင်)၀၀၃၃၇၇]၏ ကိုယ်စားရောင်းချ ပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်နန်းမွေခမ်း[၁၃/နခန(နိုင်)၀၁၈၄၃၅]ထံမှ ကျွန်မ၏မိတ်ဆွေ ဖြစ်သောဦးထွန်းအောင်ကျော်[၉/၀တန(နိုင်)၁၂၀၂၈၆]မှ ဝယ်ယူရန်စရန်ငွေ တချို့ တစ်ဝက်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်မထံ ဆက်သွယ်ကန့်ကွက်နိုင် သည်။ ကန့်ကွက်လိုသူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြမဥ္စူ(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၆၅၀၃)**
**ဖုန်း-၀၉-၄၀၁၆၀၁၇၉၇**

## လင်ခန်း၊ မယားခန်းပြတ်စဲပြီးကြောင်း အများသိရှိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်ဇာအောင်(ခ)ဖီရိုဇာနှင့် အဖဦးတင်ယု၏သား ဆိုဖိရန်(ခ) ဦးကျော်လင်းတို့သည် ၂၅-၆-၂၀၀၈ရက်တွင် လက်ထပ်ထိမ်းမြားပြီး ၁၄-၁၂-၂၀၁၄ရက်တွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်သဖြင့် ဒေါ်တင်ဇာအောင်မှ အထက်ပါ ဦးကျော်လင်းနေအိမ်မှဆင်းခဲ့ပါသည်။

(၁)နှစ်ကျော်ကြာမြင့်ပြီးနောက်ပိုင်းတွင် ဦးကျော်လင်းမှ ကွာရှင်းပေးရန် အကြိမ်ကြိမ် တောင်းဆိုနေသဖြင့် ဒေါ်တင်ဇာအောင်ကလည်း ပေါင်းသင်းရန် ဆန္ဒမရှိသောကြောင့် ၁၄-၁-၂၀၁၆ရက်တွင် နှစ်ဖက်မိဘများနှင့် အုပ်ထိန်းသူများ အသိသက်သေထားရှိ၍ အစ္စလာမ်ဓလေ့ ထုံးတမ်းအရ တလပ်သုံးကြိမ်ပေးပြီးနောက်တွင် စာချုပ်စာတမ်း သီးခြားပြုလုပ်၍ လင်ခန်း၊ မယားခန်း ပြတ်စဲသည့်ကွာရှင်းစာချုပ်ကို နှစ်ဖက်မိဘများရှေ့မှောက်တွင် နှစ်ဖက်သဘောတူ ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း၊ နောက်နောင် ဦးကျော်လင်းဘက်မှ ကျွန်ုပ်မိတ်ဆွေ ဒေါ်တင်ဇာအောင်၏ လွတ်လပ်မှုကို ဟန့်တားနှောင့်ယှက် စော်ကားခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေမည့် အပြုအမူအပြော အဆိုများ မပြုလုပ်ရန် နှစ်ဖက်ကွာရှင်းပြီးဖြစ်ကြောင်းနှင့် ပြုလုပ်လာပါက ကျွန်ုပ်မိတ်ဆွေမှ တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဒေါ်တင်ဇာအောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်ဖြူ(သုံးခွ)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၈၂)**
**အမှတ်(၂၉၂)၊ ဗညားဒလလမ်း၊ ကျောက်မြောင်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂၆)၊ မြေကွက်အမှတ်(၅၀၂)၊ အမည်ပေါက် ဦးမောင်ချို(စီဂျီ-၀၇၀၇၈၆)၏ မြေချပါမစ်အား အဆင့်ဆင့်ဝယ်ယူထားသူ ဦးအောင်ချမ်းသာ [၁၂/ဒဂရ(နိုင်)၀၀၀၀၆၁]မှ မြေချပါမစ်ပြုလုပ်ရန်နှင့်နောက်ဆက်တွဲစာရင်း သွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှ(၁၅)ရက်အတွင်း ဤဦးစီး ဌာနသို့ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ချက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ၎င်းမြေကွက်အား ရုံးခွဲမှတ်ပုံတင်စာရင်းသွင်းခြင်း ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၈)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန်ထရိုက်တာဦးကျော်နိုင်[၁၂/ဥကတ(နိုင်)၀၆၀၀၄၁]နှင့် အများသိစေရန် ကြေညာချက်

ကျွန်မ၏ မိတ်ဆွေဖြစ်သူ ဦးမြင့်ဇော်[၁၂/လသယ(နိုင်)၀၄၁၈၄၈]၏ ညွှန်ကြားချက်အရ ကန်ထရိုက်တာ ဦးကျော်နိုင်[၁၂/ဥကတ(နိုင်)၀၆၀၀၄၁]နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်ဇော်နှင့် ကန်ထရိုက်တာ ဦးကျော်နိုင်တို့သည် ဦးမြင့်ဇော်ပိုင် အမှတ်(၃၂/က)၊ တကောင်ဘွားလမ်း၊ ၃-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေပေါ်တွင် တစ်ထပ်လျှင် တစ်ခန်းပါ (၄)ထပ်တိုက်တစ်လုံး ဆောက်လုပ်ရန် ၂၄-၁၂-၂၀၁၄ရက်စွဲပါ နှစ်ဦး သဘောတူ ကတိစာချုပ်ဖြင့် ချုပ်ဆိုသဘောတူခဲ့ကြပါသည်။ သို့ရာတွင် ဦးကျော်နိုင်သည် (၁၂)လ အတွင်း အဆောက်အအုံကို အပြီးဆောက်လုပ်ပေးရန် ကတိပြုထားသော်လည်း ယနေ့တိုင် မည်သည့်လုပ်ဆောင်မှုတစ်စုံတစ်ရာကိုမျှ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ ဦးမြင့်ဇော်မှ ကြိုးစား ဆက်သွယ်ခဲ့သော်လည်း ပြန်လည်အကြောင်းပြန်ခြင်းမရှိခဲ့ပါ။ နှစ်ဦးသဘောတူထားသည့် ကာလမှာပြည့်ပြီးဖြစ်သောကြောင့် ၂၄-၁၂-၂၀၁၄ရက်စွဲပါ စာချုပ်အား ဦးကျော်နိုင်၏ ပျက်ကွက်မှုကြောင့် ဦးမြင့်ဇော်မှ ယနေ့မှစ၍ ဖျက်သိမ်းလိုက်ပါသည်။ အဆိုပါမြေနှင့်သော် လည်းကောင်း၊ ဦးမြင့်ဇော်နှင့်လည်းကောင်း၊ ဦးကျော်နိုင်နှင့်ပတ်သက်မှုမရှိတော့ပါ။ ဦးကျော်နိုင်ထံမှ အခန်းကြိုပွိုင့်ဝယ်ယူထားသူများရှိပါက ဦးကျော်နိုင်နှင့်သာ ဆက်သွယ်ဖြေရှင်းကြရန်ဖြစ်ပြီး ဦးမြင့်ဇော်မှ လုံးဝမပတ်သက်၊ တာဝန်မယူကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ဇော်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီအေး(တရားလွှတ်တော်ရှေ့နေ)**
**(စဉ်-၄၉၄၅)**
**အခန်း-အေ/၆၊ "မေ"ရှော့ပင်းစင်တာအပေါ်ထပ်၊**
**ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၇၃၁၃၅၈၇၆၊ ၀၁-၄၀၀၅၄၃**

**ဖခင် အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲ အထက၊ ဒုတိယတန်းတွင် ပညာသင်ကြားနေသော မောင်ထွန်းလင်းအောင်၏ဖခင်အမည်မှန်မှာ ဦးသိန်းဆွေဦး [၇/သကန(နိုင်)၁၀၆၁၉၃] ဖြစ်ပါသည်။ **ဦးသိန်းဆွေဦး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
## ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၀

ဦးကျော်ဇင် နှင့်
၁။ မနီနီ(ခ)ရာဇီယာ
၂။ ဒေါ်ခုရရှိဒ်(ခ)ဒေါ်အေး
၃။ ဦးဆလင်း(ခ)ဦးလှမောင်
၄။ ဒေါ်နဆီမာ
၅။ ဒေါ်ဆလီမာ
၆။ ဒေါ်ဆာရာဘာနူး
၇။ ဒေါ်ရရှီဒါ
(၂ မှ ၇ အထိ — ကွယ်လွန်သူဒေါ်ဟာဝါဘီ၏ တရားဝင်ကိုယ်စားလှယ်များ)
၈။ ဒေါ်နာဂျာမာဘီဘီ(ခ)ဒေါ်ကြည်လေး
(၎င်း၏အခွင့်ရကိုယ်စားလှယ်မန်းအင်ဂျင်နီယာရင်းအင်(န်)ထရေးဒင်း ကုမ္ပဏီလီမိတက်၏ မန်နေးဂျင်းဒါရိုက်တာ ဦးတင်ရွှေ)
(တရားလို) (တရားပြိုင်များ)

ကွယ်လွန်သူ ဒေါ်ဟာဝါဘီ၏ တရားဝင်ကိုယ်စားလှယ်များအနက်မှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ဒေါ်သိန်းတင်လမ်း၊ အပေါ်ဆုံးထပ်၊ ရှင်းသန့်စားသောက်ဆိုင်၊ ၈-လွှာ၊ အမှတ်(၆၂)နေ အမှတ်(၄)တရားပြိုင် ဒေါ်နဆီမာနှင့် အမှတ်(၆)တရားပြိုင် ဒေါ်ဆာရာဘာနူး (ယခုနေရပ်လိပ်စာမသိ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြိုးကျစ်စက်လမ်း၊ (၄)လွှာ၊ အမှတ်(၅)နေ အမှတ်(၅)တရားပြိုင် ဒေါ်ဆလီမာ(ယခုနေရပ်လိပ်စာမသိ) စသူတို့ သိစေရမည်။

သင်တို့အပေါ်တရားလိုက "တရားလိုသာလျှင် အခန်းပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေညာ ပေးစေလိုမှု"ဖြင့် စွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီး သည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်ဆက်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတည်းယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ရက် (၁၃၇၇ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင်သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာ ရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် တင်သွင်းရမည်။

၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်စိုး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

# "အထူးလိုက်လှဲစွာဝမ်းမြောက်ခြင်း"

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ ဦးရိုန်ဝင်း (ဒု-ဥက္ကဋ္ဌ) (Tet Lann Concrete Co.,ltd) အား SGS United Kingdom Ltd Systems & Services Certification မှ ISO 9001:2008 လက်မှတ် ချီးမြှင့်ခံရခြင်းအတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း။

အောင်ကြီးကုမ္ပဏီများအုပ်စု

## မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်း

မြန်မာနိုင်ငံပလတ်စတစ်လုပ်ငန်းရှင်များအသင်း၏ ပထမအကြိမ် ကျင်းပပြုလုပ်မည့် အသင်းသားစုံညီ နှစ်ပတ်လည် အစည်းအဝေးကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်။ ။ ၁၉-၂-၂၀၁၆ ရက်(သောကြာနေ့)

ကျင်းပမည့်အချိန် ။ ။ မွန်းလွဲ ၁း၀၀ နာရီ

ကျင်းပမည့်နေရာ ။ ။ EXCEL TREASURE HOTEL (ခန်းမ)
အမှတ်(၅၂၀)၊ (၁၀)လွှာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**မှတ်ချက်** ။ ။ အသင်းဝင်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပလတ်စတစ်လုပ်ငန်းရှင်များအားလုံး တက်ရောက်ပေးပါရန် လှိုက်လှဲစွာ ဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## ဦးကျော်မြင့် (Father Land ဆောက်လုပ်ရေးကုမ္ပဏီ) နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏ အမှုသည်များဖြစ်ကြသော သန်လျင်မြို့၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ အမှတ်(၁၂၁)နေ ပီရှူးမာမက်[၁၂/သလန(နိုင်)၀၇၂၁၂၅]၊ နိုင်နာမာမက်[၁၂/သလန(နိုင်)၀၇၂၀၂၅]၊ ဦးဝင်းလှိုင်[၁၂/သလန(နိုင်)၀၀၂၂၇၇]နှင့် ဦးဝင်းနိုင်[၁၂/သလန(နိုင်)၀၀၂၂၇၈]တို့က ၎င်းတို့ပိုင်ဆိုင်သည့် သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ ကွင်းအမှတ်-၆၇၂ A၊ ကျောင်းကုန်း မြောက်ကွင်း၊ ဦးပိုင်အမှတ်-၇/၁၊ ၁၀၊ ၁၂၊ ၁၄၊ ၁၅၊ ၁၆၊ ၄၀၊ ဧရိယာ ၃၄ ဒသမ ၀၅ ဧကရှိ ခြံမြေကွက်များကို ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၂၂၁)နေ ဦးကျော်မြင့်[၁၂/မဂတ(နိုင်)၀၄၉၂၄၂] Father Land ဆောက်လုပ်ရေးကုမ္ပဏီအား ရောင်းချခဲ့ရာ ဦးကျော်မြင့်က နှစ်ဦးသဘောတူ ကတိစာချုပ်ပါ သဘောတူညီချက်များကို လိုက်နာခြင်းမပြုဘဲ ဖောက်ဖျက်ပါသဖြင့် ကျွန်ုပ်တို့၏အမှုသည်များက အထက်ပါခြံမြေကွက်များကို ပြန်လည်လက်ရောက်ရလိုကြောင်းဖြင့် ဦးကျော်မြင့်ကို တရားစွဲဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **သန်လျင် ဦးတင်ထွန်း** | **ဒေါ်တင်အေး(မစု)** | **ဒေါ်သွဲ့ဦးမွန်(ငယ်ငယ်)** |
| B.A.(Law),LL.B | B.A., H.G.P., R.L | LL.B |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ် ၂၃၀၉/၈၂** | **စဉ် ၇၄၈၁/၀၇** | **စဉ် ၈၉၂၀/၁၃** |

**အမှတ် (၃)၊ ကြံ့ခိုင်ရေးလမ်း၊ မြို့သစ်အနောက်ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၄၄၀၆၇၊ ၀၉-၅၁၄၃၆၄၄၊ ၀၉-၄၂၁၁၄၄၄၃၂၊ ၀၅၆/၂၁၁၄၀**

## ၁-၁၂-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာ ကြော်ငြာ(၂)ပါ ဒေါ်ကျင်ငွေ၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးအေးသောင်း(စဉ်-၁၃၄၄)၏ အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ရွာမကျောင်းလမ်း၊ အမှတ်(၂)နေ ဒေါ်အေးအေးမေ[၁၂/လမန(နိုင်)၁၄၆၁၂၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ခိုင်ရွှေဝါ(ဗဟို)လမ်း၊ အမှတ်-၁၈၆ ဟုခေါ်တွင်သော ပေ(၂၅×၅၀)အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် (၂)ခန်းတွဲ၊ (၆)ထပ်တိုက် ဆောက်လုပ်ရန် ကတိစာချုပ်ကို ၁၃-၅-၂၀၁၄ ရက်တွင် မြေရှင်ဒေါ်ကျင်ငွေနှင့်ကန်ထရိုက်တာ ဒေါ်အေးအေးမေတို့ချုပ်ဆိုခဲ့ကြပြီး စာချုပ်ချုပ်ဆိုသည့် ၁၃-၅-၂၀၁၄ ရက်တွင် ငွေကျပ်(၅)သိန်း၊ ၂-၆-၂၀၁၄ ရက်တွင် ငွေကျပ်(၄၅)သိန်း၊ စုစုပေါင်း ကျပ်သိန်း(၅၀)တိတိကို ဒေါ်အေးအေးမေထံမှ ဒေါ်ကျင်ငွေမှ လက်ခံရယူခဲ့ပြီး ဖြစ်ပါသည်။

မြေရှင်ဒေါ်ကျင်ငွေနှင့် ကန်ထရိုက်တာ ဒေါ်အေးအေးမေတို့ ချုပ်ဆိုခဲ့ကြသည့် (၂)ခန်းတွဲ (၆)ထပ်တိုက် ဆောက်လုပ်ရန်ကတိစာချုပ် စာမျက်နှာ(၄)နှင့်(၅)တို့တွင် မြေရှင်လိုက်နာရမည့် စည်းကမ်းချက်များကို အပိုဒ်(၁)၊ (၂)၊ (၃)၊ (၄)တို့ဖြင့် အတိအကျ ဖော်ပြပါရှိပြီးဖြစ်ပါသည်။ မြေရှင်အနေဖြင့် စာချုပ်ကို တစ်ဖက်သတ်ဖျက်သိမ်းလိုပါက အဆိုပါ စည်းကမ်းချက်များကို တိတိကျကျလိုက်နာဆောင်ရွက်ပြီးမှသာ စာချုပ်ဖျက်သိမ်းနိုင်မည်ဖြစ်ပါသည်။

ကန်ထရိုက်တာ ဒေါ်အေးအေးမေအနေဖြင့် မြေရှင်ဒေါ်ကျင်ငွေနှင့်ချုပ်ဆိုခဲ့သည့် စာချုပ်ပဋိညာဉ်ပါ မည်သည့်စည်းကမ်းချက်ကိုမျှ ဖောက်ဖျက်ခဲ့ခြင်းမရှိသဖြင့် မြေရှင်နှင့် ကန်ထရိုက်တာတို့ချုပ်ဆိုခဲ့သည့် တိုက်သစ်ဆောက်လုပ်ခြင်း ကတိစာချုပ်ကို မြေရှင်အနေဖြင့် တစ်ဖက်သတ်ဖျက်သိမ်းပိုင်ခွင့်မရှိပါ။ မြေရှင်ဒေါ်ကျင်ငွေအနေဖြင့် ကန်ထရိုက်တာ ဒေါ်အေးအေးမေအား တိုက်သစ်ဆောက်လုပ်ရန်အတွက် အထွေထွေကိုယ်စားလှယ်လွှဲစာကိုသာ လွှဲအပ်ခြင်းဖြစ်သဖြင့် အထူးကိုယ်စားလှယ် လွှဲစာပေးအပ်ခဲ့သူ ဒေါ်ကျင်ငွေဟု ရေးသားဖော်ပြကြေညာခြင်းမှာလည်း လွဲမှားလျက်ရှိသည့်အပြင် မြေရှင်ဒေါ်ကျင်ငွေမှ ကန်ထရိုက်တာ ဒေါ်အေးအေးမေသို့ လွှဲအပ်ပေးခဲ့သည့် မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၄၇၈၉/၂၀၁၄ ကိုလည်း မြေရှင်အနေဖြင့် တစ်ဖက်သတ်ရုပ်သိမ်းခွင့်မရှိပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမေ[၁၂/လမန(နိုင်)၁၄၆၁၂၈]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှလွင်(စဉ်-၅၇၇၃) ဦးထွန်းထွန်းနိုင်(စဉ်-၃၅၅၃၄) ဒေါ်လဲ့လဲ့ဝင်း(စဉ်-၃၉၈၈၀)**
**ဒေါ်လွင်မာ(စဉ်-၈၉၀၉) ဒေါ်သန္တာမော်(စဉ်-၃၉၂၄၂) ဒေါ်ဆုမွန်ထက်(စဉ်-၄၁၆၀၁)**
**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေများ**
**အမှတ်-၅၅(ဒုတိယထပ်)၊ အခန်း-၇**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ဦးလှိုင်မြင့်ဦး[၁၂/သဃက(နိုင်)၀၃၈၅၅၅]နှင့် ကျွန်မ ဒေါ်သင်းသင်းဆွေ[၁၂/သဃက(နိုင်)၀၃၈၀၅၉]တို့သည် ၁၀-၂-၂၀၁၆ ရက်တွင် တရားဝင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် ဦးလှိုင်မြင့်ဦးနှင့်ပတ်သက်သော ကိစ္စမှန်သမျှသည် ကျွန်မဒေါ်သင်းသင်းဆွေနှင့် လုံးဝသက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းဆွေ**
**[၁၂/သဃက(နိုင်)၀၃၈၀၅၉]**

## နိုင်ငံသားကတ်အမှတ်[၁၂/ကမရ(နိုင်)၀၀၁၂၉၀]ကိုင်ဆောင်သူ ကမာရွတ်မြို့နယ်၊ လှည်းတန်း(၁)လမ်း၊ အမှတ်(၁၁)နေ WinTop (Auto Mobile Purchasing & Logistic Services) မှ ဒေါ်ဝင်းမြမြကျော်သိစေရန်

လူကြီးမင်းသည် ၅-၃-၂၀၁၅ရက်စွဲပါစာချုပ်ဖြင့် Myanmar Refreshing Services Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးစန်းလွင်သို့ပေးရန် ကတိပြုထားသော ငွေကျပ်(၂၅၀၀၀၀၀၀/-) (ကျပ်သိန်းနှစ်ရာ့ငါးဆယ်တိတိ)ကို ဤကြော်ငြာပါသည့်နေ့ရက်အထိ ပြန်လည်ပေးအပ်ရန် ပျက်ကွက်နေသည့်အပြင် ဦးစန်းလွင်သို့ အဆက်အသွယ်မပြုလုပ်ဘဲ ရှောင်တိမ်းနေကြောင်း သိရှိရပါသည်။

သို့ပါ၍ ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ဖော်ပြပါ ငွေကျပ်(၂၅၀၀၀၀၀၀/-)(ကျပ်သိန်းနှစ်ရာ့ငါးဆယ်တိတိ)ကို ဦးစန်းလွင်ထံ လာရောက်ပြီး မပျက်မကွက်ပေးအပ်ပါရန် အသိပေးအကြောင်းကြားကြေညာလိုက်ပါသည်။ ပျက်ကွက်ပါက လူကြီးမင်းအပေါ် တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း ကြိုတင်အသိပေး အကြောင်းကြားကြေညာလိုက်ပါသည်။

ဦးစန်းလွင်၏လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးဇော်မျိုးဟန်(LL.B) | ဦးလူမော်ထိုက်(LL.B) |
| (စဉ်-၈၆၁၁) | (စဉ်-၃၇၈၀၉) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| ဖုန်း-၀၉-၂၆၁၉၉၅၄၄၅ | ဖုန်း-၀၉-၂၆၀၉၈၁၁၁၆ |

အမှတ်(၅၉၁)၊ ရတနာသီရိလမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သာကေတမြို့နယ်၊ (၇-အရှေ့ရပ်ကွက်)၊ အောင်သပြေအနောက် ၁၁ လမ်း၊ အမှတ်(၉၁၀)နေ ဦးသန်းရှိန်[၁၂/သကတ(နိုင်)၀၈၁၆၇၅]၏သမီးဖြစ်သူ မနီလာသန်းရှိန်[၁၂/သကတ(နိုင်)၁၈၁၄၂၀]သည် မိဘတို့၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအရ နေအိမ်မှထွက်သွားပါသဖြင့် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား (လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းရှိန်-ဒေါ်မြမြ (သာကေတမြို့နယ်)**

## "သစ်ဆန်း" စိုက်ပျိုးရေးပစ္စည်းအရောင်းစင်တာမှ နစ်နာကြေးပေးလျော်ခြင်းနှင့် ဝန်ချတောင်းပန်ခြင်း

ကျွန်မသည် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၁)မှ ထုတ်လုပ်သော **SMART** အမှတ်တံဆိပ် ရွက်ဖြန်းဆေးပုံးပစ္စည်းကို အတုအပ ဆင်တူယိုးမှား လက်လီလက်ကားဖြန့်ဖြူးရောင်းချမိခဲ့သည့်အတွက် **SMART** အမှတ်တံဆိပ် ရွက်ဖြန်းဆေးပုံးကို မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ထုတ်လုပ်၍ မူပိုင်တံဆိပ်အဖြစ် ကြေညာမှတ်ပုံတင်ထားသော ဦးအိုက်မောင်နှင့် ဒေါ်အေးတင်တို့အားလည်းကောင်း၊ **SMART** အမှတ်တံဆိပ်ကို ယုံကြည်စွာ သုံးစွဲခဲ့ကြသော မိဘပြည်သူများကိုလည်းကောင်း အနူးအညွတ်တောင်းပန်အပ်ပါသည်။

ကျွန်မ၏လုပ်ရပ်ကြောင့် **SMART** အမှတ်တံဆိပ် ရွက်ဖြန်းဆေးပုံး ထုတ်လုပ်ရေး ပိုင်ရှင်များဖြစ်သော ဦးအိုက်မောင်နှင့် ဒေါ်အေးတင်တို့တွင် ငွေကြေးအားဖြင့် ကုစား၍မရနိုင်သော နစ်နာဆုံးရှုံးမှု အရပ်ရပ်ရှိသည်ဟု နားလည်သဘောပေါက်ပါသည်။ သို့ဖြစ်၍ နစ်နာကြေးများလည်း ပေးအပ်ပါသည်။ နောက်နောင် **SMART** အမှတ်တံဆိပ် ရွက်ဖြန်းဆေးပုံးနှင့်ပတ်သက်ဆက်စပ်၍ အတုအပ ဆင်တူယိုးမှားများကို လက်လီလက်ကားဖြန့်ဖြူးရောင်းချတော့မည်မဟုတ်ပါကြောင်းနှင့် တရားမဝင်ဖြန့်ဖြူးရောင်းချလာသူများရှိလျှင်လည်း **SMART** အမှတ်တံဆိပ် ရွက်ဖြန်းဆေးပုံးကို မူပိုင်ခွင့်မှတ်ပုံတင်ထားသော ပိုင်ရှင်များအား ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အလေးအနက်ဝန်ချ တောင်းပန်ကြေညာအပ်ပါသည်။

**ဒေါ်နန်းနီနီသန့်[၇/ကတခ(နိုင်)၀၀၀၄၆၇]**
**သစ်ဆန်း မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးဆိုင်**
**ယုဇနလမ်း၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်တင်တင်အေး[၁၃/ပတယ(နိုင်)၀၄၄၃၉၉]အမည်ပေါက်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၆၄၂/၁၄၉၂)၊ အကျယ်အဝန်း ပေ(၄၄×၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်တင်တင်အေး[၁၃/ပတယ(နိုင်)၀၄၄၃၉၉]က ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူသဖြင့် ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ရောင်းဝယ်မှုအပေါ် ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံတွင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရန်ပိုင်စိုး**
**အထက်တန်းရှေ့နေ(စဉ်-၃၁၃၉၃)**
**အခန်း(A-11/12)၊ အမှတ်(၅၀)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၂၅၆၈၇**

